# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


### ယောက်ျားအာဇာနည်

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၂၉၆)


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

## နိုင်ငံတော်နှင့် နိုင်ငံသား ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် အမျိုးသားစီမံကိန်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်မှု လုပ်ငန်းစဉ်များကို ညီညွတ်မှုတစ္စာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရန်လို

**နေပြည်တော် ဇူလိုင် ၂၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က အထောက်အကူပေးရေးအဖွဲ့၏ ၆ လတာကာလ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံးများ ဖွင့်လှစ် ခြင်း၊ ဝန်ထမ်းရေးရာလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ ပြည်သူများထံမှပေးပို့လာသော တင်ပြစာကိစ္စရပ်များအပေါ် ဆောင်ရွက်ချက်၊ အစီရင်ခံစာကာလအတွင်း ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှလွှဲပြောင်း ပေးပို့လာသော အမှုများအပေါ်ဆောင်ရွက်ချက်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းရေးဆွဲရေးကော်မတီ၏ အစည်းအဝေးများ တက်ရောက်ဆွေးနွေးခြင်း၊ ပြည်တွင်းပြည်ပ ဆက်ဆံရေးကော်မတီ၏ ဆောင်ရွက်ချက်၊ ဆင်းရဲနွမ်းပါးသူနှင့် ရှေ့နေငှားရမ်းရန် ငွေကြေးမပြည့်စုံသော ဆင်းရဲနွမ်းပါးသူများအတွက် အမှုလိုက်ပါဆောင်ရွက်ပေးခြင်း၊ ဥပဒေဆိုင်ရာအထောက်အကူပေးခြင်းဆောင်ရွက်ချက်များ၊ ဥပဒေဆိုင်ရာအသိပညာ ပေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အစီရင်ခံစာကာလအတွင်း ဘဏ္ဍာရေးကြီးကြပ်မှု ကော်မတီ၏ ဆောင်ရွက်ချက်များကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယက က အထက်ပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး**က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Memorandum of Understanding on


*စာမျက်နှာ ၄ ကော်လံ ၁* ✻




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်

## ရောဝတီမြစ်ရေ မြင်းမူမြို့တွင် စိုးရိမ်ရေမှတ်အောက်ကျဆင်းနိုင်

**နေပြည်တော် ဇူလိုင် ၂၂**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ ရောဝတီမြစ်ရေသည် မြင်းမူမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မိုး/ဇလ

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၂-၇-၂၀၁၉

| | | | | |
|---|---|---|---|---|
| ပိုင်ကျုံမြို့ | ၄ | ဒသမ | ၉၂ | လက်မ |
| ပေါင်မြို့ | ၃ | ဒသမ | ၈၆ | လက်မ |
| ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) | ၃ | ဒသမ | ၄၆ | လက်မ |
| ခန္တီးမြို့ | ၃ | ဒသမ | ၂၇ | လက်မ |
| ရှမ်းရွာသစ်မြို့ | ၂ | ဒသမ | ၉၄ | လက်မ |
| မိုးကုတ်မြို့ | ၂ | ဒသမ | ၇၅ | လက်မ |
| မှော်ဘီ(စိုက်ပျိုးရေးမိုးလေဝသ) | ၂ | ဒသမ | ၆၀ | လက်မ |
| လှိုင်းဘွဲ့မြို့ | ၂ | ဒသမ | ၆၀ | လက်မ |
| ဇာပွန်မြို့နှင့် ကျိုက္ကမီမြို့ | ၂ | ဒသမ | ၅၆ | လက်မ |
| ဇန်းမော်မြို့ | ၂ | ဒသမ | ၄၀ | လက်မ |
| သိမ်ဇရပ်မြို့ | ၂ | ဒသမ | ၁၃ | လက်မ |
| မအူပင်မြို့နှင့် ဘီးလင်းမြို့ | ၂ | ဒသမ | ၀၅ | လက်မ |
| ပူတာအိုမြို့နှင့် သထုံမြို့ | ၁ | ဒသမ | ၈၅ | လက်မ |
| သီပေါမြို့ | ၁ | ဒသမ | ၇၄ | လက်မ |
| ချောင်းဆုံမြို့ | ၁ | ဒသမ | ၆၅ | လက်မ |
| ကိုကိုးကျွန်းမြို့ | ၁ | ဒသမ | ၅၈ | လက်မ |
| ပေါက်မြို့နှင့် မုဒုံမြို့ | ၁ | ဒသမ | ၅၄ | လက်မ |




မြန်မာ့အလင်း

# ယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေရေး ဝိုင်းဝန်းကာကွယ်

ရခိုင်ပြည်နယ် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရန်အတွက် အဆိုပြုစာတွဲမူကြမ်းကို ပြည်တွင်းပြည်ပ ပညာရှင်များနှင့် အပြီးသတ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ စာတွဲပါအချက်အလက်၊ သမိုင်းကြောင်းများမှန်ကန်ခိုင်မာစေရေး စိစစ်ဆွေးနွေးအတည်ပြုခြင်းများပြုလုပ်ပြီးနောက် ပြီးပြည့်စုံသည့် အဆိုပြုစာတွဲကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ ကမ္ဘာ့အမွေအနှစ်စင်တာ (World Heritage Center) သို့ တင်သွင်းသွားရမည်ဖြစ်သည်။

၁၉၇၂ ခုနှစ်မှစတင်၍ နှစ်နှစ်လျှင် တစ်ကြိမ်ပြုလုပ်လျက်ရှိသော ယူနက်စကိုအဖွဲ့၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ သတ်မှတ်ရေး အစီအစဉ်သည် ကမ္ဘာ့နိုင်ငံအသီးသီးတို့က ကမ္ဘာ့အမွေအနှစ်များအဖြစ် အဆိုပြုတင်သွင်းလာသည့် ၎င်းနိုင်ငံအသီးသီးတို့၏ အမွေအနှစ်များကို OUV (Outstanding Universal Value)ခေါ် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များ၊ စီမံခန့်ခွဲမှုများဖြင့် တိုင်းတာအကဲဖြတ်ပြီး ကိုက်ညီသည့်နေရာဒေသများကို ကမ္ဘာ့အမွေအနှစ်များအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ ဤသို့အမွေအနှစ်စာရင်းတွင် သတ်မှတ်နိုင်ရေးအတွက် ကမ္ဘာ့အဆင့်မီစံတန်ဖိုးများ (Outstanding Universal Value)ရှိခြင်း၊ တိကျသောနယ်နိမိတ်သတ်မှတ်ထားခြင်း၊ ထိန်းသိမ်းမှု၊ ကာကွယ်မှုနှင့် စီမံခန့်ခွဲမှုတို့ ပြည့်စုံလုံလောက်ခြင်းဟူသော အခြေခံအချက်များရှိနေရမည်ဖြစ်သည်။ ကမ္ဘာ့အဆင့်မီစံတန်ဖိုးကိုဆန်းစစ်ရာတွင် ခိုင်မာမှုရှိခြင်း(Integrity)၊ စစ်မှန်မှုရှိခြင်း (Authenticity)၊ စံတန်ဖိုး(၂)(၃)(၄)တို့တွင် ဆိုင်ရာအထောက်အထား လက္ခဏာများကို ကောင်းစွာဖော်ထုတ်ပြသနိုင်ခြင်း၊ ရှေးဟောင်းသုတေသန အထောက်အထားများကို ခေတ်မီသိပ္ပံနည်းဖြင့် ဓာတ်ခွဲစမ်းသပ်ရာတွင် တိကျခိုင်မာသော ခေတ်ကာလသက်တမ်းကို သတ်မှတ်နိုင်ခြင်း၊ ဗိသုကာလက်ရာနှင့် စာပေမှတ်တမ်းအထောက်အထားတို့ကလည်း ခေတ်ကာလသက်တမ်းသတ်မှတ်ချက်ကို ကောင်းစွာ အထောက်အပံ့ပေးနိုင်ခြင်း စသည့် သက်သေပြချက်များနှင့်အတူ ပျူမြို့ဟောင်းများ(ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ) တို့သည် ၂၀၁၄ ခုနှစ်က ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သော (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံတွင် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် အတည်ပြုသတ်မှတ်ခံရပြီး ယခု ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်တွင် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင်ကျင်းပသော (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အတည်ပြုသတ်မှတ်ခံခဲ့ရသည်။

ယခုအခါ မြောက်ဦးမြို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နယ်မြေအဖြစ်စာရင်းသွင်းနိုင်ရန်အတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ကုလသမဂ္ဂယူနက်စကိုမှ တာဝန်ရှိသူများကလည်း လေ့လာလျက်ရှိနေသည်ဟုသိရသည်။ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး စစ်မှန်ခိုင်မာသော အထောက်အထားများနှင့်အတူ မြောက်ဦးဒေသ၏အထင်အရှားရှိခဲ့သည့် သမိုင်းမှတ်တမ်းများအရ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် အလားအလာကောင်းများရှိနေသည်။ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် အဖြစ် သတ်မှတ်ခံရခြင်းတွင် ကမ္ဘာတွင်ဂုဏ်သိက္ခာမြင့်မားခြင်းနှင့် အတူ ကမ္ဘာအရပ်ရပ်မှပညာရှင်များ၊ သုတေသီများ လာရောက်ကြမည်ဖြစ်သည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ နည်းပညာများ တိုးတက်ရရှိလာနိုင်ခြင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်နှင့်စီးပွားရေးအခွင့်အလမ်းများ တိုးတက်ရရှိလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ပြောကြားထားသည်များလည်း ရှိသည်။

လက်ရှိအခြေအနေတွင်မူ မြောက်ဦးသည် လက်နက်ကိုင်တိုက်ခိုက်မှုများနှင့်အတူ ငြိမ်းချမ်းမှုပျက်ပြားနေသည့် အခြေအနေတွင် ရောက်ရှိနေသည်။ စစ်မက်ဘေးကြောင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးနိုင်သည်ကို ရဟန်းရှင်လူတိုင်းရင်းသားပြည်သူများ၏ စိုးရိမ်ပူပန်မှုများလည်းရှိနေသည်ဖြစ်ရာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်လာမည့် အလားအလာများရှိနေသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေရေး ဝိုင်းဝန်းကာကွယ်ပေးကြရပါမည့်အကြောင်း။ ။

## တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၅)မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်)(၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)(၄)မှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးအောင်ဇော်သိန်းနှင့် ဦးမျိုးတင့်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)တွင် ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)(၅)မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထွေထွေလျှောက်ထားမှု(စာချွန်တော်)(၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)(၄)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းမြို့တွင် လူငယ်များနှင့် သက်ဆိုင်သည့် စာပေဟောပြောပွဲ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၂၂**



စစ်ကိုင်းမြို့နယ် ပညာရေးမိသားစုက ဦးဆောင်ကျင်းပသော လူငယ်များနှင့် သက်ဆိုင်သည့် စာပေဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲမှ ညနေ ၃နာရီခွဲအထိ သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာ မို့မို့ရီက စာပေဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားရာတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ သင်ယူတတ်မြောက်ထားသည့် ပညာရပ်များနှင့် ယခုစာပေဟောပြောပွဲမှ ရရှိလာသည့် သုတ၊ ရသ စာပေ ဗဟုသုတများနှင့်ပေါင်းစပ်ကာ မိမိတို့၏ဘဝ အနာဂတ်အတွက် လက်တွေ့နယ်ပယ်တွင် အမှား၊ အမှန်ခွဲခြား၍ အသုံးချဆောင်ရွက်သွားကြ စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ကြီးက မိတ်ဆက်စကား ပြောကြားပြီး စာရေးဆရာမောင်စိန်ဝင်း (ပုတီးကုန်း)က စာပေစကား၊ စာပေမြားခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာကောင်းသန့်က လူငယ်နှင့်အနာဂတ် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့နောက် စာပေဗဟုသုတ ပညာရပ်များ ဟောပြောပေးခဲ့ကြသော စာရေးဆရာများကို ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ စာပေဟောပြောပွဲအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့်ဇနီးတို့က အလှူငွေကျပ် ငါးသိန်း၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒုတိယပညာသင်ကာလတွင် ကျောင်းသား ကျောင်းသူ ကိုးဦးစာအတွက် ပညာသင်ဆုငွေ ကျပ် ၁၀၀၀၀၀ ကိုလည်းကောင်း၊ သမဝါယမတက္ကသိုလ်အတွက် ဖုဂျီ ၅၂ လက်မ ရုပ်မြင်သံကြားပြစက် တစ်လုံးနှင့် ယင်းဌာန ငါးခုအတွက် ငွေကျပ် တစ်သိန်းနှုန်းစီဖြင့် ငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပါမောက္ခချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ဓာတ်ပြားနှင့် ဓာတ်ပြားစက်များ လှူဒါန်းနိုင်

**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနသို့ အလှူရှင်များမှ ခေတ်ဟောင်း(အင်္ဂလိပ်/မြန်မာ) ဓာတ်ပြားများနှင့် ဓာတ်ပြားစက်များအား ဆက်သွယ်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် အောင်မေတ္တာ (၁) လမ်းနေ ဦးဆွေဦးမိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြားအချပ် ၃၀၊ အင်္ဂလိပ်ခေတ်ဟောင်း ဓာတ်ပြား ၄၃ ချပ်၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၇/၂) ရွှေတောင်ကြားလမ်းနေ ဦးဝင်း+ဒေါက်တာဒေါ်ရီရီမြင့် (စီးပွားရေးတက္ကသိုလ်ပါမောက္ခ) မိသားစုက အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၁၁၂ ချပ်၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် သီလ(၉)လမ်း အမှတ်(၂၈၈)နေ ဦးငွေစိုး၊ ဒေါ်မြရွှေမိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြား ၂၆ ချပ်၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) (၆၄)ရပ်ကွက် B/62-63 ရတနာသိင်္ဂီလမ်း စက်မှုဇုန်(၃)နေ ဦးအေးမြင့် (စိန်ဘရားသား)မိသားစုက အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၂၅ ချပ်၊ ရန်ကုန်မြို့ ရွှေဘုံသာလမ်း(အလယ်) အမှတ်(၂၂၄)နေ ဒေါ်စန္ဒာလွင် မိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြား ၁၆ ချပ်၊ အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား တစ်ချပ်၊ ဓာတ်ပြားစက် တစ်လုံး၊ ဗီရို တစ်လုံး၊ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း အမှတ် ၇၉(က) နေ ဒေါ်ခင်နှင်းလွင် မိသားစုက အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၅၅ ချပ်၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဗိုလ်စောပုလမ်း ပင်မစက်ပြင်အလုပ်ရုံ သစ်စက်အရာရှိရိပ်သာနေ စန္ဒရား ဦးသိန်းဇော်အား ရည်စူး၍ ဦးစိုးလှိုင်+ဒေါ်မြင့်မြင့်ဆွေမိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြား ၄၇ ချပ်၊ ဓာတ်ပြားစက် တစ်လုံး၊ ရန်ကုန်မြို့ ဘားလမ်း အမှတ်(၂၂၅) ပထမထပ်နေ ဦးထွန်းကြင်မိသားစုက အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၁၈၃ ချပ်တို့ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုံးခွဲ (ရန်ကုန်)သို့ ဆက်သွယ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ခေတ်ဟောင်း (အင်္ဂလိပ်/မြန်မာ) ဓာတ်ပြားများနှင့် ဓာတ်ပြားစက်များအား ထိန်းသိမ်းထားရှိလိုသဖြင့် လှူဒါန်းလိုသူများရှိပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး (အသံလွှင့်) ဖုန်း၀၆၇-၇၉၂၀၂၊ ၀၉-၂၅၀၁၀၇၉၀၃၊ ဦးရန်နိုင်ထွန်း လက်ထောက်ညွှန်ကြားရေးမှူး(မှတ်တမ်း) ဖုန်း၀၉-၂၅၂၄၁၂၈၁၃၊ နေပြည်တော်(တပ်ကုန်း)နှင့် ဦးတင်အုန်း (ဦးစီးအရာရှိ) ဖုန်း၀၉-၄၂၀၂၅၂၀၆၈၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုံးခွဲ(ရန်ကုန်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးသတင်းစာဆရာအသင်း သတင်းစာပညာသင်တန်း ဖွင့်မည်

**ရန်ကုန် ဇူလိုင် ၂၂**

သတင်းနှင့် သက်ဆိုင်သော ကျင့်ဝတ်၊ ဥပဒေနှင့် အခြေခံဓာတ်ပုံပညာသင်တန်း အပတ်စဉ် (၂/ ၂၀၁၉) ကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းကကြီးမှူး၍ ဇူလိုင် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ကြီးငါးကြီးဆုတောင်းပြည့်ဘုရားရုံးခန်း (ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး အာဇာနည်ဗိမာန်နှင့် သူရဲကောင်းဗိမာန်လမ်း) တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသားဦးရေကန့်သတ်ထားခြင်းဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဝင်များအနေဖြင့် သင်တန်းတက်ရောက်လိုပါက ဇူလိုင် ၂၄ ရက်နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့် ဖုန်း ၀၉-၄၃၁၅၆၉၆၀၊ တွဲဖက်အတွင်းရေးမှူး ဦးဘုန်းမြင့် ဖုန်း ၀၉-၇၆၇၃၂၄၅၅၉၊ ဘဏ္ဍာရေးမှူး ဦးလှကြူ ဖုန်း ၀၉-၇၇၃၀၀၄၀၀၅ တို့သို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရမှုအတွက် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသူများအား အသိအမှတ်ပြု ဂုဏ်ပြုပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရမှုအတွက် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော ပုဂ္ဂိုလ်များအား အသိအမှတ်ပြုဂုဏ်ပြုပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့်တာဝန်ရှိသူများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်လုပ်ငန်းရှင်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစားသောက်ကုန် လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အလှူငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယနေ့အခမ်းအနားသည် ဇူလိုင် ၂၃ ရက်တွင် ကျင်းပမည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရနိုင်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော ပုဂ္ဂိုလ်များကို အသိအမှတ်ပြုဂုဏ်ပြုပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များက အလှူငွေ လာရောက်လှူဒါန်းကြခြင်း ဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသတစ်ခုဖြစ်သော ပုဂံယဉ်ကျေးမှုဒေသကို UNESCO အသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်မြောက်ရေးအတွက် နှစ်ကာလရှည်ကြာစွာ ဦးဆောင်ဆောင်ရွက်ခဲ့သော သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တကွ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အခြားသော ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပုဂံဒေသကို စနစ်ကျနသော ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်မြောက်ရေးအတွက် လိုက်နာရမည့် လိုအပ်သော ဥပဒေလုပ်ထုံးလုပ်နည်းများ၊ စီမံချက်များချမှတ်ရာတွင်လည်း ခရီးသွားလုပ်ငန်းကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊




ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရမှုအတွက် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား အသိအမှတ်ပြု ဂုဏ်ပြုပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

အခမ်းအနားကို တက်ရောက်ချီးမြှင့်ပေးပါသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တကွ ဌာနအကြီးအကဲများ၊ အလှူငွေပေးအပ်လှူဒါန်းပါသော အသင်းအဖွဲ့များကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်လုပ်ငန်းရှင်များက စုပေါင်း အလှူငွေကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းက အလှူငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက အလှူငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံစားသောက်ကုန်လုပ်ငန်းရှင်များအသင်းက အလှူငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံပွဲ ကျင်းပစဉ်။ သတင်းစဉ်

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးသန်းဌေးနှင့် ဦးဆွေတင့်လွင် (ရှမ်းပြည်နယ်တာဝန်ခံများ)၊ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ၊ နိုင်ငံရေးပါတီ ၁၇ ခုမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှပါဝင်ပတ်သက်သော အရပ်ဘက်လူမှုအဖွဲ့အစည်းသုံးဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများကို လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံမှုရှိရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် စံ (၅)ချက်နှင့်အညီ ကျင်းပ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စေရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထင်ကျော်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း(၂၀၁၉ -၂၀၂၂) ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ရှမ်းပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးဇော်မြင့်ဝင်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လူဦးရေစာရင်း ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ပြန်လည်ရှင်းလင်း**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သော အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များနှင့် မေးမြန်းချက်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးသန်းဌေး၊ ဦးဆွေတင့်လွင်တို့က ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းအချိန် ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ‘ဝ’၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစပြီး နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၇ နာရီမှ ၉ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ မွန်းလွဲ ၃ နာရီအထိ ‘ဝ’ ဘာသာအစီအစဉ်၊ မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၈ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၈ နာရီမှ ၉ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီအထိ ချင်း(လိုင်ဇို)ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

❇ ရှေ့ဖုံးမှ

the Improvement of Safety Standards and Inspection for Non-Convention Ships Within ASEAN Member States တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဤနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းအားဖြင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများကို လိုက်နာရန်မလိုအပ်သော သင်္ဘောများအတွက် ထုတ်ပေးထားသော လက်မှတ်များကို အခြားအဖွဲ့ဝင်နိုင်ငံများက အပြန်အလှန်အသိအမှတ်ပြုလက်ခံနိုင်ခြင်း၊ သင်္ဘောများ၏ တည်ဆောက်တပ်ဆင်ခြင်းဆိုင်ရာ စံနှုန်းများကို အဖွဲ့ဝင်နိုင်ငံအားလုံးက တစ်ပြေးညီ သတ်မှတ်လိုက်နာစေခြင်းကြောင့် သင်္ဘောများပြေးဆွဲရာတွင် အခြားဆိပ်ကမ်းမြို့များ၌ စစ်ဆေးမှုများ ထပ်မံဆောင်ရွက်ရန် မလိုအပ်သဖြင့် အချိန်ကုန်သက်သာစေပြီး လုပ်ငန်းများလွယ်ကူလျင်မြန်စေခြင်း၊ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများတွင်ပါရှိသော အချို့လိုအပ်ချက်များကို Non-Convention Ships(NCS) များအတွက် ကင်းလွတ်ခွင့်ရရှိသောကြောင့် သင်္ဘောပိုင်ရှင်များ ကုန်ကျစရိတ်သက်သာစေနိုင်ခြင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ Non-Convention Ships(NCS) များနှင့်ကိုက်ညီသော ကမ်းရိုးတန်းရေယာဉ်များ အာဆီယံဒေသတွင်း ပြေးဆွဲနိုင်မည်ဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှုပိုမိုကောင်းမွန်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ Memorandum of Understanding on the Improvement of Safety Standards and Inspection for Non-Convention Ships Within ASEAN Member States တွင် မြန်မာနိုင်ငံက နောက်မှအတည်ပြုပါဝင်ခြင်းနည်းလမ်းဖြင့် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြောကြားသည်။



ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်။

၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းတွင် သာမန်ရငွေ ၄၇ ဒသမ ၀၀၀ ဘီလီယံ၊ သာမန်အသုံးစရိတ် ၁၉၃၇ ဒသမ ၅၃၈ ဘီလီယံနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ၁၄၃၃ ဒသမ ၂၄၀ ဘီလီယံ တို့ဖြစ်ပါကြောင်း၊ ယခုတင်ပြထားသည့် အသုံးစရိတ်များသည် အဆင့်ဆင့် စိစစ်ခဲ့မှုများပြုလုပ်ခဲ့ပြီး မလွဲမသွေ သုံးစွဲရမည့် အသုံးစရိတ်များဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ပညာရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က ရှင်းလင်းပြောကြားကြသည်။

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း


ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရှင်းလင်းပြောကြားစဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရှင်းလင်းပြောကြားစဉ်။


ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ရှင်းလင်းပြောကြားစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှင်းလင်းပြောကြားစဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းပြောကြားစဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ရှင်းလင်းပြောကြားစဉ်။

ဆက်လက်၍ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး**က နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော The Protocol of 1988 relating to the International Convention on Load Lines 1966 (LLPROT 1988)တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ဝန်ကြီးဌာနမှ လျာထားသည့် ရငွေကို အနည်းဆုံးရရှိမည့် ငွေအဖြစ်သတ်မှတ်ပြီး ယင်းထက်ပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်

ယင်းနောက် **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အဆင့်ဆင့်စိစစ်ပြီး သာမန်ရငွေမှာ ငွေကျပ်သန်း ၁၉၉၁၀၆ ဒသမ ၆၁၀၊ သာမန်အသုံးစရိတ်မှာ ငွေကျပ် ၇၂၄၅၀ ဒသမ ၁၅၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ငွေကျပ်သန်း ၁၂၄၃၃ ဒသမ ၃၁၀ ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ လျာထားသည့် ရငွေကို အနည်းဆုံးရရှိမည့် ငွေအဖြစ်သတ်မှတ်ပြီး ယင်းထက်ပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ခွင့်ပြုထားသည့်အသုံးစရိတ်များကို သုံးစွဲရာတွင် အများဆုံးသုံးစွဲနိုင်သည့်ငွေအဖြစ် သတ်မှတ်၍ တတ်နိုင်သမျှလျော့နည်းသုံးစွဲပြီး လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သာမန်ရငွေကို အမှန်တကယ်ရရှိနိုင်မည့် ငွေပမာဏပေါ်မူတည်၍ ခန့်မှန်းလျာထားခြင်းဖြစ်ပြီး လျာထားသည့်အတိုင်း အပြည့်အဝရရှိနိုင်ရန်နှင့် အသုံးစရိတ်များကိုလည်း လျာထားသည့်အတိုင်း အကျိုးရှိစွာသုံးစွဲနိုင်ရန် စိစစ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆောက်ရေး၊ ဝယ်ယူရေးဆိုင်ရာ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ငွေကြေးသုံးစွဲမှုများကိုလည်း ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းညွှန်ကြားချက်များနှင့်အညီ စနစ်တကျသုံးစွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

စက်မှုဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေလျာထားချက်အနေဖြင့် Loan နှင့် Grant ပါဝင်သော သာမန်ရငွေကျပ် ၉၈ ဒသမ ၄၂၂ ဘီလီယံ၊ ပြည်ပအကူအညီမှ သာမန်ရငွေကျပ် ၀ ဒသမ ၁၇၂ ဘီလီယံ၊ ပြည်ပအကူအညီမှ ငွေလုံးငွေရင်းရ ငွေကျပ် ၈ ဒသမ ၈၅၀ ဘီလီယံ၊ ကြွေးမြီရငွေကျပ် ၁ ဒသမ ၀၀၄ ဘီလီယံ စုစုပေါင်း ငွေကျပ် ၁၀၈ ဒသမ ၄၄၈ ဘီလီယံဖြင့် တင်ပြထားပါကြောင်း၊ သာမန်အသုံးစရိတ်အတွက် ငွေကျပ် ၁၇၃ ဒသမ ၈၅၂ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ်အတွက် ငွေကျပ် ၁၁၄ ဒသမ ၂၇၄ ဘီလီယံ၊ ကြွေးမြီအသုံးစရိတ်အတွက် ငွေကျပ် ၁၄၈ ဒသမ ၂၅၉ ဘီလီယံ ဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၄၃၆ ဒသမ ၃၈၅ ဘီလီယံဖြစ်ပြီး အဆိုပါအသုံးစရိတ်များကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရန်တင်ပြထားပါကြောင်း။

သို့ဖြစ်ပါ၍ အမှန်အသုံးစရိတ်များနှင့်အနီးစပ်ဆုံး တွက်ချက်တင်ပြထားသည့် စက်မှုဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းများတွင် ပါဝင်သော သာမန်အသုံးစရိတ်အတွက် ငွေကျပ် ၁၇၃ ဒသမ ၈၅၂ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ်အတွက် ငွေကျပ် ၁၁၄ ဒသမ ၂၇၄ ဘီလီယံနှင့် ကြွေးမြီအသုံးစရိတ်တွက် ငွေကျပ် ၁၄၈ ဒသမ ၂၅၉ ဘီလီယံ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၄၃၆ ဒသမ ၃၈၅ ဘီလီယံအား ပြည်ထောင်စုလွှတ်တော်မှ စိစစ်ခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်တင်ပြတောင်းခံထားရှိမှုအနေဖြင့် သာမန်အသုံးစရိတ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ခွင့်ပြုလျာထားပေးသော အရေးပေါ်ရန်ပုံငွေအတွက် ငွေကျပ်သန်း ၂၂၀၀ ဒသမ ၀၀၀ အပါအဝင် စုစုပေါင်းသာမန်အသုံးစရိတ် ငွေကျပ် ၁၁၀၇၉၀ ဒသမ ၉၆၃ သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၁၂၄၉၄ ဒသမ ၉၈၄ သန်း ဖြစ်ပါကြောင်း၊ တောင်းခံထား ရှိသည့် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်း ငွေကျပ် ၁၂၃၂၈၅ ဒသမ ၉၄၇ သန်းအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ရန် ရှင်းလင်းပြောကြားသည်။

## အသုံးစရိတ်များသည် အဆင့်ဆင့် စိစစ်ခဲ့မှုများပြုလုပ်ခဲ့ပြီး မလွဲမသွေ သုံးစွဲရမည့် အသုံးစရိတ်များဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်း

ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က

၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဦးလှတင့်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူတို့က ရှင်းလင်းပြောကြားကြသည်။

အလားတူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ အဖွဲ့ဝင် ဦးစောဗယ်လင် တိုင်း၊ နေပြည်တော်ကောင်စီ၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းတို့က ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၅ သို့*

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် (၄၈) ကြိမ်မြောက် အေစီယူဒါရိုက်တာအဖွဲ့ အစည်းအဝေးတက်ရောက်

**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၄ ရက်မှ ၁၅ ရက်အထိ ဘူတန်နိုင်ငံ ပါရိုမြို့တွင် ကျင်းပသည့် (၄၈)ကြိမ်မြောက် အေစီယူဒါရိုက်တာအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

**တက်ရောက်**

အစည်းအဝေးသို့ အေစီယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အီရန်၊ မြန်မာ၊ နီပေါ ၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် မော်လဒိုက်နိုင်ငံများ၏ ဗဟိုဘဏ်များမှ ဒါရိုက်တာအဖွဲ့ဝင်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**အပြန်အလှန်ဆွေးနွေး**

အစည်းအဝေး၌ အေစီယူအဖွဲ့ဝင်နိုင်ငံများ၏ လက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလားအလာ၊ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အေစီယူ၏ ဆောင်ရွက်မှုများနှင့် တိုးတက်အောင်မြင်မှု၊ အေစီယူစနစ်အတွင်း ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးဆိုင်ရာများ၊ ဘဏ်များနှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား စည်းမျဉ်းဆိုင်ရာ ထိန်းကျောင်းမှု၊ ဗဟိုဘဏ်များအနေဖြင့် ငွေရေးကြေးရေး နည်းပညာ တိုးတက်လာမှုများနှင့်အတူ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေး၊ အေစီယူ၌ အဖွဲ့ဝင်နိုင်ငံများ ပိုမိုတိုးတက်လာစေရေးနှင့် အားကောင်းခိုင်မာလာစေရေးဆိုင်ရာတို့နှင့် စပ်လျဉ်း၍ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဘူတန်နိုင်ငံ ပါရိုမြို့တွင်ကျင်းပသည့် (၄၈)ကြိမ်မြောက် အေစီယူဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ ပဌမအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပဌမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုအစည်းအဝေးတွင် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့မှအဖွဲ့ဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ၂၀၁၈ ခုနှစ်အောက်တိုဘာ ၄ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ လုပ်ငန်းအဖွဲ့ခွဲခြောက်ဖွဲ့မှာ ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးလုပ်ငန်းအဖွဲ့ခွဲ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခွဲ၊ မြေယာစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ခွဲ၊ အသက်မွေးဝမ်းကျောင်း သင်တန်းပေးရေးနှင့် အလုပ်အကိုင်ရှာဖွေပေးရေးလုပ်ငန်းအဖွဲ့ခွဲ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့ခွဲတို့ ဖြစ်ကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

အစိုးရ၏ ကြိုးပမ်းချက်များ အောင်မြင်ရန်အတွက် ကျယ်ပြန့်စွာ ပညာပေးရန်နှင့် လုပ်ငန်းအဖွဲ့ခွဲများအကြား၊ သက်ဆိုင်ရာ အစိုးရဌာနများအကြား၊ ပြည်နယ်နှင့် ဗဟိုအကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး ဒေသခံများ၏ ဝိုင်းဝန်းအားပေးကူညီမှုလည်းအရေးကြီးသည်ဟု လမ်းညွှန်မှာကြားမှုရှိပါကြောင်း၊ ဇွန် ၁၂ ရက်တွင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေးမှ ဆုံးဖြတ်ချက်များဖြစ်သည့် ဖားကန့်ဒေသတွင် တရားဥပဒေစိုးမိုးရေး၊ ရွှေ့ပြောင်းအလုပ်သမားများ စစ်တမ်းကောက်ယူရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် အထူးစစ်ဆင်ရေးတစ်ရပ်ကို ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကျောက်မျက်တူးဖော်ရာတွင် ယမ်းအမြောက်အမြား မသုံးစွဲရန် စိစစ်ကြပ်မတ်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် ယာယီနေရာချထားမှု ဆောင်ရွက်ရေး၊ သက်တမ်းလွန်လုပ်ကွက်များတွင် အပင်များပြန်လည်ပြုစုပျိုးထောင်ရေး၊ ဥရုချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ရေး၊ ကျောက်အချောထည်လုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။




ဒုတိယဝန်ကြီး ဦးစိုးအောင် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပဌမအကြိမ်အစည်းအဝေးတက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်**

ယင်းနောက် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲဥက္ကဋ္ဌများက သက်ဆိုင်ရာအဖွဲ့ခွဲများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများအား စစ်တမ်းကောက်ယူရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာစီမံခန့်ခွဲရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းပေးရေးနှင့်အလုပ်အကိုင်ရှာဖွေပေးရေး၊ ကျောက်အချောထည် လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ရေး၊ လုပ်ငန်းအဖွဲ့ခွဲများအလိုက် ပုံမှန်အစည်းအဝေးများကျင်းပနိုင်ရေးတို့ကို ဆွေးနွေးကြကာ ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အချိန်ဇယားများ သတ်မှတ်ဆောင်ရွက်ရေးတို့ကို ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

## ပူးပေါင်းကော်မတီများ၏ လေ့လာစိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကိုလည်း သတ်မှတ်ရက်အမီ လွှတ်တော်သို့တင်သွင်းနိုင်ရန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးကြရန် ထပ်မံနှိုးဆော်

ပြည်ထောင်စုလွှတ်တော်နာယက က အထက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် နိုင်ငံသား ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် အမျိုးသားစီမံကိန်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်မှု လုပ်ငန်းစဉ်များကို ညီညွတ်မျှတစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း စီမံကိန်းနှင့် ဘဏ္ဍာငွေစစ်ဆေးရေး လုပ်ငန်းစဉ်များတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအပါအဝင် သက်ဆိုင်ရာစိစစ်စစ်ဆေးရေးအဖွဲ့များလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်ပတ်သက်ပြီး စိစစ်ရေး ပူးပေါင်းအဖွဲ့အသီးသီး၏ စိစစ်တွေ့ရှိချက်များကို သတ်မှတ်ရက်အတိုင်း ပေးပို့ကြရန်နှင့် ပူးပေါင်းကော်မတီများ၏ လေ့လာစိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကိုလည်း သတ်မှတ်ရက်အမီ လွှတ်တော်သို့ တင်သွင်းနိုင်ရန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးကြရန် ထပ်မံနှိုးဆော်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးချင်းအနေဖြင့်လည်း မိမိတို့ဆွေးနွေးလိုသည့် အခြားဌာနအဖွဲ့အစည်းများ၏ ကိစ္စရပ်များရှိပါက သက်ဆိုင်ရာစိစစ်ရေး ပူးပေါင်းအဖွဲ့များနှင့် ဆက်သွယ်ဆွေးနွေးဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်ကဆုံးဖြတ်ထားသည့်အတိုင်းပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ဆက်လက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူးက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်အတိုင်း လည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်း လည်းကောင်း ပြန်လည်ပြင်ဆင်၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း - မော်စီ၊ မွေးကြူဇင်၊ ဓာတ်ပုံ- ထန်းဖုန်**



နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း နယ်မြေအေးချမ်းသာယာရေးနှင့် မှုခင်းကျဆင်းရေးအတွက် ဇူလိုင် ၂၁ ရက်ညပိုင်းက ရွှေမြို့ရဲစခန်းမှ ဒုရဲအုပ် အောင်ဝင်းနိုင်နှင့်အဖွဲ့ ကင်းသာပူးပေါင်းစစ်ဆေးရေးဂိတ်၌ ရှမ်းပြည်နယ် ပင်လောင်းဘက်မှ နေပြည်တော်သို့ ဝင်ရောက်လာကြသည့် ယာဉ်များ၊ ဆိုင်ကယ်များအား ရှာဖွေစစ်ဆေးဆောင်ရွက်နေစဉ်။

တင်ထွန်းတာ(တပ်ကုန်း)

# ကမ္ဘာမြေကိုကာကွယ်ဖို့ ပလတ်စတစ်သုံးစွဲမှု လျှော့ကြပါစို့

နိုင်ဦး (DOCA)

**မြန်မာနိုင်ငံတွင် ယခုနှစ်နွေရာသီသည် အပူချိန်များ စံချိန်သစ်တွေ တင်သွားသည်။ ပူတယ်လေ၊ ဆယ်နေကဲလို့ ပြောရမလား။ လုတောသားတွေပြောသလို ငရဲအိုးထဲရောက်နေသလားမှတ်ရလို့ ဆိုရမလား။ ပူချက်ကတော့ ကမ်းကုန်ပဲလေ။ တချို့က ပူတဲ့အကြောင်းရင်းကို သစ်ပင်တွေ မဆင်မခြင်ခုတ်လို့တဲ့။ သိပ္ပံပညာရှင်တွေကလည်း နေဂြိုဟ်က တဖြည်းဖြည်းကြီးလာလို့တဲ့ စုံနေတာပဲ။ သူတို့တွေ ပြောတဲ့အချက်တွေကိုလည်း အထောက်အထားခိုင်ခိုင်မာမာနဲ့ပြောကြလို့ စိတ်ဝင်စားစရာ၊လက်ခံချင်စရာပါပဲ။ ဒါ့ကြောင့်ပဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပုဂ္ဂိုလ်တွေ၊ အသင်းအဖွဲ့တွေက သစ်ပင်တွေစိုက်ဖို့ နည်းလမ်းပေါင်းစုံကနေ ပညာပေးနေတယ်။ ကိုယ်တိုင်လည်းစိုက်ကြတယ်။ စိုက်ချင်တဲ့သူတွေကိုလည်း သစ်ပင်ပျိုးပင်တွေ ဝေငှကြတယ်။ ပြီးတော့ အဖိုးတန်ရေတွေကို ချွေတာသုံးစွဲဖို့၊ စနစ်တကျသုံးစွဲဖို့နဲ့ ပလတ်စတစ်များ သုံးစွဲမှုလျှော့ချရေးတို့ကိုလည်း ပညာပေးလျက်ရှိပါတယ်။ မြေကမ္ဘာကြီး ရေရှည်တည်တံ့ခိုင်မြဲဖို့ ဆောင်ရွက်နေကြတာ အားရစရာပါပဲ။ တစ်ယောက်မှ တစ်မိသားစု၊ တစ်မိသားစုမှ တစ်ရပ်ကွက်စသည်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ရင် စိမ်းလန်းစိုပြည်တဲ့ မြန်မာနိုင်ငံ၊ ရာသီဥတုကောင်းမွန်တဲ့ မြန်မာနိုင်ငံဖြစ်လာမှာ မလွဲပါဘူး။**

**လူသားတို့အရေးမထားသော အပြစ်ခြောက်ပါး**

လက်ရှိကမ္ဘာပေါ်တွင် သဘာဝကပေးသော လက်ဆောင်မွန်များကို လွယ်လွယ်ကူကူ ရယူသုံးစွဲနေသည်။ စီးပွားရေး၊ ကြီးပွားရေးအတ္တများ အမှောင်ဖုံး၍ သဘာဝကပေးသော လက်ဆောင်မွန်များကို တန်ဖိုးမထား၊ ဖျက်ဆီးသကဲ့သို့ ဖြစ်လာနေသည်။ ရှားပါးလာသော ရေချို၊ ညစ်ညမ်းလာသောလေနှင့် ကျဉ်းမြောင်းလာသော မြေတို့ကြောင့် ကမ္ဘာကြီးသည် ပျက်စီးချို့ယွင်းမှု အရှိန်အဟုန်မြန်မြန်ဖြစ်လာနေသည်။ ဘယ်သူမပြု မိမိမှုပင် ဖြစ်သည်။ အသိဉာဏ် အဆင့်မြင့်သော၊ တွေးခေါ်မြော်မြင်နိုင်မှုမြင့်မားသောလူတို့ကြောင့်ပင်ဖြစ်သည်။ သဘာဝကပေးသော နေရာမြေ၊ သောက်စရာရေနှင့် ရှူစရာလေတို့ကို အလကားနီးနီးလောက်ရနေသဖြင့် တန်ဖိုးထားရကောင်းမှန်း မသိပေ။ ထိုမြေ၊ လေနှင့် ရေတို့ကို ထာဝစဉ်ရရှိမည်ဟု ထင်မြင်ယူဆနေကြသည်။ ထို့ကြောင့်ပင် လူသားတို့၏ အပြစ်ခြောက်ပါးကို သဘာဝပတ်ဝန်းကျင်ပညာရှင်များက သတိမူမိစေရန်နှင့် ဆင်ခြင်မိနေစေရန် ဖော်ပြကြသည်။

လူသားတို့က အရေးမကြီးဟုထင်မြင်ယူဆကာ အပြစ်ခြောက်ပါးကို ကျူးလွန်နေကြ၍ ကမ္ဘာကြီးသည် တဖြည်းဖြည်း ခံနိုင်ရည်စွမ်းရည်၊ တည်ငြိမ်မှုစွမ်းရည်၊ အကျိုးပြုပေးနိုင်မှုစွမ်းရည်များခြောက်ခန်းလာနေသည်။ လူသားတို့၏ အပြစ်ခြောက်ပါးဖြစ်သည့် သဘာဝအရင်းအမြစ်များသည် သုံးမကုန်၊ စားမကုန်ဖြစ်နေသည်ဟုလည်းကောင်း၊ သဘာဝသည် လူသားတို့ထုတ်လုပ်၊ သုံးစွဲ၊ စွန့်ထုတ်လိုက်သော အညစ်အကြေးမှန်သမျှကို စုပ်ယူသိမ်းဆည်း လက်ခံနိုင်သည်ဟုလည်းကောင်း၊ သဘာဝမျိုးစိတ်များကို အလေးမထား၊ ဂရုမပြုဘဲ နောင်မျိုးစိတ်တွေထပ်ရှိလာမည်ဟု သဘောထား၍ အစွမ်းကုန်ဖျက်ဆီးနေ၍လည်းကောင်း၊ မိမိတို့၏ ခန္ဓာကိုယ်သည် မိမိတို့ထုတ်လုပ်သောပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးများကို ကာကွယ်နိုင်သည်၊ ခုခံနိုင်သည်ဟု အထင်တကြီး ယုံကြည်လက်ခံနေ၍လည်းကောင်း၊ သဘာဝကပေးအပ်သော အရင်းအမြစ်များအားလုံးကို သိပ္ပံနည်းပညာဖြင့် ပြုလုပ်နိုင်သည်ဟု စိတ်ကြီးဝင်နေ၍လည်းကောင်း၊ လူ့အဖွဲ့အစည်းကို နည်းပညာများဖြင့် လွယ်လွယ်ကူကူပင် အုပ်ချုပ်၊ စီမံ၊ ခန့်ခွဲနိုင်သည်ဟု ခပ်လွယ်လွယ်ယူဆနေကြ၍ လည်းကောင်း၊ သဘာဝကိုအလေးမထားဘဲ အဆိုပါအပြစ်ခြောက်ပါးကို ထမင်းစားရေသောက်ပမာ လွယ်လွယ်ကျူးလွန်နေကြသည်။

**နှစ်ထောင်ချီကြာ မဆွေးမြည့်နိုင်သော ပလတ်စတစ်ညစ်ညမ်းမှု**

ငယ်ငယ်က အဘွားဖြစ်သူမှလည်း ပြောပြဖူးသည်။ "ရာသီဥတုဖောက်ပြန်မှာပေါ့။ လူတွေကသဘာဝတရားကြီးကို သစ္စာမှ မရှိကြတာပဲတဲ့" သစ်ပင်တွေကို လွယ်လွယ်ခုတ်နေကြတယ်။ မြေအောက်ရေတွေကို အဆမတန် ထုတ်ယူသုံးစွဲတယ်။ အညစ်အကြေးတွေကို လွယ်လွယ်စွန့်ထုတ်တယ်။ သဘာဝတရားကြီးကို အန်တုပြီးထုတ်ထားတဲ့ ပလတ်စတစ်တွေကို ဖုံးပေါ်လအောင သုံးစွဲနေကြတယ်တဲ့။ မကြာမီလူတွေကြောင့် ကမ္ဘာကြီးအချိန်မတန်ခင် ပျက်စီးသွားလိမ့်မယ်တဲ့။ လူသားတွေကျူးလွန်နေကြတဲ့ ကမ္ဘာကြီးကို အပြစ်လုပ်မိစေတဲ့၊ လူသားတို့ရဲ့အပြစ်ခြောက်ပါးကို ကိုယ်တိုင်သိမြင်ဆင်ခြင်နိုင်မှ၊ ပြန်လည်အစားထိုးနိုင်မှ ကမ္ဘာကြီးလည်း သက်ရှည်ကျန်းမာမယ်။ လူသားတွေလည်း သက်ရှည်ကျန်းမာမယ်တဲ့လေ။

တလောက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဒေသကြီး



**"ကျွန်တော်တို့ လူသားတွေထင်သလို ကမ္ဘာကြီးကပေးအပ်ထားသော သဘာဝအရင်းအမြစ်များသည် သုံးမကုန်၊ စားမကုန်ရှိနေသည်ဟု အထင်မမှားသင့်ပေ။ အချိန်အတိုင်းအတာရှိသည်။ လူသားတို့၏ ဂရုစိုက်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ အားပေးကူညီမှုတို့ဖြင့် စောင့်ရှောက်ထိန်းသိမ်းမှသာလျှင် ရေရှည်အသုံးပြုနိုင်မည်ဖြစ်သည်။ သုံးမကုန်၊ စားမကုန်ပေးထားသည်ဟု ထင်မြင်ပါကမူ မကြာမီ သဘာဝအရင်းအမြစ်များသည် ကုန်ဆုံးပြီး လူသားကမ္ဘာလည်း ပျက်စီးသွားမှာ စိုးထိတ်မိပါသည်"**

ဦးစီးမှူးရုံးတစ်ရုံးက ပလတ်စတစ်ရေဘူးတွေနေရာမှာ ဖန်ဘူး၊ ဖန်ခွက်နဲ့ အစားထိုးပြီး အစည်းအဝေးတစ်ခုလုပ်ခဲ့တယ်။ အတုယူစရာလုပ်ဆောင်မှုလို့ကျွန်တော်ထင်တယ်။ အခမ်းအနားတစ်ခုလုပ်ပါက သုံးစွဲလိုက်ရတဲ့ ပလတ်စတစ်ရေသန့်ဘူးနည်းတာ မဟုတ်ပေ။ အခမ်းအနားတစ်ခုပြီးဆုံးပါက သုံးစွဲလိုက်ရသော ရေသန့်ဘူးခွံတွေကို သန့်ရှင်းရေးသမားတွေကလည်း သိမ်းဆည်းတယ်။ မြေကြီးထဲရောက်တာတွေရှိတယ်။ မီးရှို့ဖျက်ဆီး လိုက်တာတွေရှိတယ်။ ရောင်းတာတွေ ရှိတယ်။ ဝယ်သူကလည်း အရည်ကျိုကာ အခြားပလတ်စတစ်အသုံးအဆောင်တွေ ပြန်လည်ထုတ်လုပ်ကြတယ်။ အဲဒီပလတ်စတစ်ဘူးခွံ မြေကြီးထဲရောက်သွားရင် နှစ်ထောင်ချီ မပျက်မစီးရှိနေတတ်တယ်။ မီးရှို့လိုက်ရင်လည်း ပလတ်စတစ်ညှော်နံ့တွေကြောင့် ရောဂါရတယ်။ ဘာများကောင်းတာရှိလို့လဲ။ ငွေကုန်တယ်၊ ရောဂါရတယ်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်စေတယ်။ ရုံးတိုင်း၊ အိမ်တိုင်းမှာ ရေကို ဖန်ဘူး၊ ဖန်ခွက်လေးတွေနဲ့ ဧည့်ခံကြရင်၊ အသုံးပြုကြရင် ပလတ်စတစ်ကိုလည်း သုံးစွဲမှုချွေတာရာရောက်တယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း မပျက်စီးစေဘူး။ ငွေကိုလည်း ချွေတာရာရောက်တယ်။ ဒါလောက်ကောင်းတဲ့ ဆောင်ရွက်မှုမျိုးကို ကျွန်တော်တို့ အတုယူသင့်ပါတယ်။ တဖြည်းဖြည်းနဲ့ ပြောင်းလဲအသုံးပြုသင့်ပါတယ်။

ဤကဲ့သို့လူသားတို့၏ နေထိုင်မှု၊ ဝတ်စားဆင်ယင်မှု၊ စားသောက်မှုပုံစံတွေကြောင့် ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးကို ဖျက်ဆီးပစ်လိုက်သကဲ့သို့ဖြစ်မှာ စိုးရိမ်မိတယ်။

ကျွန်တော်တို့ လူသားတွေထင်သလို ကမ္ဘာကြီးကပေးအပ်ထားသော သဘာဝအရင်းအမြစ်များသည် သုံးမကုန်၊ စားမကုန်ရှိနေသည်ဟု အထင်မမှားသင့်ပေ။ အချိန်အတိုင်းအတာရှိသည်။ လူသားတို့၏ ဂရုစိုက်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ အားပေးကူညီမှုတို့ဖြင့် စောင့်ရှောက်ထိန်းသိမ်းမှသာလျှင် ရေရှည်အသုံးပြုနိုင်မည်ဖြစ်သည်။ သုံးမကုန်၊ စားမကုန်ပေးထားသည်ဟု ထင်မြင်ပါကမူ မကြာမီသဘာဝအရင်းအမြစ်များသည် ကုန်ဆုံးပြီး လူသားကမ္ဘာလည်း ပျက်စီးသွားမှာ စိုးထိတ်မိပါသည်။

ထို့အပြင် သဘာဝသည် လူသားတို့စွန့်ထုတ်သော အညစ်အကြေးမှန်သမျှကို စုပ်ယူသိမ်းဆည်းနိုင်သည်ဟု အမြင်မှားနေမှုကိုလည်း ပယ်ဖျောက်ထားသင့်သည်။ သဘာဝမိခင်မြေကြီးအတွက် အာဟာရဖြစ်စေမည့် အညစ်အကြေးများများသာ စုပ်ယူနိုင်ပြီး ပလတ်စတစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများကိုမူ မစုပ်ယူ မဖျက်ဆီးနိုင်ပေ။ ကမ္ဘာမြေကြီးအတွက် အန္တရာယ်ရှိသော စွန့်ပစ်မှုများဖြစ်နေသည်ကို သတိထားသင့်သည်။

**သက်ရှိများနှင့် သဘာဝမျိုးစိတ်များ သေကျေပျက်စီးကြရ**

သဘာဝမျိုးစိတ်များမှာ အသစ်တစ်ဖန်ရှင်သန်နေမည်ဟု အထင်မှားနေမှုများကိုလည်း စဉ်းစားသင့်သည်။ သဘာဝကပေးအပ်ထားသော မျိုးစိတ်လေးသန်းခန့်သည် လူသားတို့၏ မဆင်မခြင်ဆောင်ရွက်မှုများကြောင့် ကွယ်ပျောက်သွားပြီဖြစ်သည်။ ဆက်လက်၍လည်း အပင်များ၊ တိရစ္ဆာန်များ၊ မြေဆီလွှာများသည် အရှိန်အဟုန်ဖြင့် ကွယ်ပျောက်နေသည်။ သတိထားဆင်ခြင်ကာ သုံးစွဲမှသာလျှင် သဘာဝမျိုးစိတ်များကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ လူသားတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် သဘာဝကပေးသော မျိုးစိတ်များကို ကာကွယ်သင့်သည်။ ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။

ပလတ်စတစ်ပန်းနှင့် သဘာဝပန်းများ ရောစပ်ထားသော ပန်းဥယျာဉ်ထဲတွင် ပျားများသည် ပန်းအစစ်ထံမှသာ ဝတ်ရည်စုပ်မည်မှာ အသေအချာပင်ဖြစ်သည်။ သိပ္ပံပညာဖြင့်သဘာဝတရားကြီးကို တုပခဲ့ရာမှ ပလတ်စတစ်ကဲ့သို့ ပစ္စည်းများကြောင့် သဘာဝတရားကြီးသည် ပျက်စီးလာနေသည်။ လူတွေသေကျေရောဂါရကြသည်။ ကမ္ဘာကြီးမရှိပါက၊ လူသားများ ပျောက်ကွယ်ပါက၊ သိပ္ပံပညာသည်လည်း နတ္ထိဖြစ်သွားမည်ကို ဂရုပြုသင့်ပါသည်။

ပလတ်စတစ်ပစ္စည်းများကို မဆင်မခြင်သုံးစွဲနေမှုတွေကြောင့် စက္ကန့် ၃၀ တိုင်း လူတစ်ဦးသေဆုံးနေသတဲ့လေ။ အံ့သြထိတ်လန့်စရာပင်ဖြစ်ပါတယ်။ ပြီးတော့ ပလတ်စတစ်ပစ္စည်းတွေကြောင့် ကင်ဆာရောဂါအပါအဝင် အခြားဆက်နွှယ်သော ရောဂါတွေကြောင့် နှစ်စဉ်လူသားတစ်သန်းခန့် အသက်သေဆုံးလျက်ရှိနေကြတယ်လို့ မီဒီယာများတွင် ဖော်ပြထားချက်များအရ သိရှိရပါတယ်။ မကြာမီကလည်း ကမ္ဘာ့သမုဒ္ဒရာတွေရဲ့ အနက်ကို တိုင်းတာတဲ့အဖွဲ့ဟာ ပေတစ်သောင်းကျော် အနက်သို့အရောက်မှာ ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေကို ထူးခြားစွာ တွေ့ရလို့ အံ့သြမှုဖြစ်ရတယ်လို့ ဆိုပါတယ်။ ပလတ်စတစ်တွေကို အစာအမှတ်စားမိတဲ့ ကုန်းနေ၊ ရေနေသတ္တဝါတွေ သေကျေပျက်စီးကြရတာတွေကိုလည်း တွေ့မြင်နေရလို့ စိတ်မကောင်းဖြစ်မိပါတယ်။

ကမ္ဘာ့မြေထု၊ ရေထု၊ လေထုအတွင်းမှာ ပလတ်စတစ်နဲ့ ပတ်သက်တဲ့ အန္တရာယ်ရှိပစ္စည်းတွေ ဘယ်လောက်ထိပျံ့နှံ့နေပြီလဲ မသိနိုင်ပေ။ သို့သော် သိသာသည့်အချက်များမှာ ပလတ်စတစ်ပစ္စည်းများကြောင့်ဖြစ်သော ရောဂါများ ပိုမိုဖြစ်ပွားလာနေသည်။ ဆေးရုံ၊ ဆေးခန်းတွေ ပိုမိုဖွင့်လှစ်လာကြသည်။ ကျန်းမာရေးအတွက် အသုံးစရိတ်များ ပိုမိုသုံးရသဖြင့် တစ်ဦးချင်းဝင်ငွေများ နည်းပါးသွားကြသည်။ လူ့စွမ်းအားအရင်းအမြစ်များဆုံးရှုံးရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အန္တရာယ်ရှိလာသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက အသိပညာပေးမှုများ ဆောင်ရွက်နေခြင်းဖြစ်သည်။

**ပလတ်စတစ်လျှော့ချသုံးရာ ပတ်ဝန်းကျင်ကို ထိန်းသိမ်း**

ထို့ကြောင့်ပင် မြန်မာနိုင်ငံရှိ တချို့သောဆိုင်များတွင် ကိုယ်ပိုင်အိတ်ဖြင့်ဈေးဝယ်လာပါက ချိုချဉ်၊ သကြားလုံးများ လက်ဆောင်ပေးခြင်း၊ စားသောက်ဆိုင်များတွင် ချိုင့်ဖြင့်လာရောက်ဝယ်ယူပါက ဟင်းများအပိုထည့်ပေးခြင်း၊ သဘာဝပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ထည့်စရာအိတ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်နေသော်လည်း ပလတ်စတစ်ရေသန့်ဘူးယဉ်ကျေးမှုသည် ပို၍ပို၍ များပြားလာနေပါသည်။ ပညာပေးမှုများရှိသော်လည်း လိုက်နာဆောင်ရွက်မှုမရှိခြင်းမှာ အတ္တ၊ လောဘသားများကြောင့်လား၊ အပြစ်ခြောက်ပါးကို မသိ၍ပဲလား မသိနိုင်ပေ။

သို့ဖြစ်ပါ၍ အတ္တ၊ လောဘ၊ ဒေါသကင်း၍ ကိုယ်ချင်းစာတရား၊ မေတ္တာတရားပြည့်ဝသော စိမ်းလန်းစိုပြည်သည့် နိုင်ငံဖြစ်လာစေရေးအတွက် ပြည်သူများအားလုံးမှ လိုက်ပါဆောင်ရွက်ကြစေချင်ပါသည်။ အပြုံးပန်းတွေဝေဆာပြီး သန့်စင်သောလေကိုရှူ၍ အေးမြကြည်လင်သောရေကို ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်သည့်စိတ်ဓာတ်များ ကိန်းအောင်းစေချင်ပါသည်။ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများနေရာတွင် ရေရှည်အသုံးပြုနိုင်သည့် အန္တရာယ်ကင်းပစ္စည်းများဖြင့် အစားထိုးသုံးစွဲစေချင်ပါသည်။ အနာဂတ်မျိုးဆက်များအတွက် သန့်စင်သောကမ္ဘာမြေကို လက်ဆောင်အဖြစ်ပေးအပ်ရန် စံနမူနာကောင်းများ ပြပေးစေချင်ပါကြောင်း စေတနာထား တိုက်တွန်းအပ်ပါသည်။ ။

---

## မကွေးမြို့မဈေး၌ ပလတ်စတစ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေး

**မကွေး ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီက ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးအသုံးပြုရေး လမ်းညွှန်ချက်နှင့်အညီ မကွေးမြို့မဈေးတွင် ယမန်နေ့က ဌာနပေါင်းစုံပူးပေါင်းပါဝင်ကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီးအတွင်း တနင်္ဂနွေနေ့တိုင်း ဈေးများတွင် ကြွပ်ကြွပ်အိတ်မသုံးရဟု သတ်မှတ်ထားရှိပြီး ကြွပ်ကြွပ်အိတ်အသုံးပြုခြင်း၏ ဆိုးကျိုးများ အသိပညာပေးဟောပြောပေးခြင်း၊ ကြွပ်ကြွပ်အိတ်ဖြင့် ဝယ်ယူလာသောပစ္စည်းများအား အစားထိုးလဲလှယ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဈေးရောင်း ဈေးဝယ်သူများအား ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးအသုံးပြုရေး လမ်းညွှန်ချက်ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါဆောင်ရွက်မှုကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်လည်း အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးအသုံးပြုရေး Sunday Stop လှုပ်ရှားမှုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အဖွဲ့ အာဆီယံ - တရုတ်ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ် တက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန်  ဇူလိုင် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်အထိ Connected For A Better Future ဆောင်ပုဒ်ဖြင့် ကျင်းပမည့် အာဆီယံ-တရုတ် ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ် (ASEAN-China High-Level Media Forum) သို့တက်ရောက်ရန် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(ရုပ်မြင်) ဒေါ်မိုးသူဇာအောင်၊ ရုပ်သံကျွမ်းကျင်(၁) ဒေါ်ခိုင်သဉ္ဇာ၊ မြန်မာရေးရာလေ့လာရေးအဖွဲ့မှ အကြီးတန်းသုတေသနမှူး ဦးအေးမောင်ကျော်တို့ လိုက်ပါသွားကြသည်။ **(ယာပုံ)**

**သတင်းစဉ်**



# အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်း (၁/၂၀၁၉) သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော်  ဇူလိုင် ၂၂

**အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့၏ ပူးပေါင်းမှုဖြင့် အိုလံပစ်သွေးစည်းညီညွတ်ရေးအစီအစဉ်အရ ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း (၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ ကျင်းပသည်။**




ဖွင့်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြသန်းထိုက်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အိုလံပစ်ကော်မတီအဖွဲ့ဝင်များ၊ သင်ခန်းစာပို့ချမည့် ဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် အားကစား စီမံခန့်ခွဲသူများသင်တန်း (၁/၂၀၁၉)သင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးမြသန်းထိုက်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားပြီး သင်တန်းသား သင်တန်းသူများနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(ဝဲပုံ)**

အဆိုပါ သင်တန်းကို ဇူလိုင် ၂၂ ရက်မှ ၂၆ ရက်အထိ သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂၂ ဦး စုစုပေါင်း ၄၀ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ခြေလျင်တောင်တက်အဖွဲ့ဝင် ၅၃၅ ဦး မွန်ပြည်နယ် မိုးရာသီခရီးကြမ်းထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၂**

တက္ကသိုလ်ခြေလျင်တောင်တက်အသင်း၊ သဘာပတိဒေါ်သံဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်၍ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာ တက္ကသိုလ်၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (ရန်ကုန်)၊ တောင်ဥက္ကလာပနည်းပညာတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ သူနာပြု တက္ကသိုလ်၊ သန်လျင်သမဝါယမတက္ကသိုလ်၊ သန်လျင်နည်းပညာတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မော်ဘီနည်းပညာတက္ကသိုလ်တို့မှ အုပ်ချုပ်သူ ဆရာဆရာမနှင့်ကျောင်းသား ကျောင်းသူ ၅၃၅ ဦးပါဝင်သော ခြေလျင်ခရီးကြမ်းအဖွဲ့သည် ဇူလိုင် ၁၈ ရက်မှ ၂၁ ရက်အထိ မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ဝေပုလ္လ- ကေလာသကျိုက်တလန်း တောင်တန်းတစ်လျှောက်သို့ မိုးရာသီလေ့ကျင့်ရေးခရီးထွက်ခွာခဲ့ကြသည်။

ခြေလျင်တောင်တက်ခရီးကြမ်းအဖွဲ့သည် လေ့ကျင့်ရေးခရီးထွက်ခွာရာ တောင်စဉ်တောင်တန်းတစ်လျှောက်ရှိ တောရကျောင်းများသို့ ဝင်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဆေးဝါးကုသခြင်း၊ သန့်ရှင်းရေးနှင့် ဝေယျာဝစ္စလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။

**၀၀၇**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ ပြည်လည်းလှ

# မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဂေဟစနစ်မတူညီသော ဒေသများတွင် ဒေသခံအခြေပြုသစ်တောထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများအတွက် လေ့လာသင်ယူခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**



မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဂေဟစနစ်မတူညီသောဒေသများတွင် ဒေသခံအခြေပြု သစ်တောထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများအတွက် လေ့လာသင်ယူခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

"မြန်မာနိုင်ငံ၏ မတူညီသော ဂေဟစနစ်များတွင် ရေရှည်တည်တံ့သော စိုက်ပျိုးမြေနှင့် သစ်တောသယံဇာတစီမံအုပ်ချုပ်မှုနည်းစနစ်များ ဖော်ဆောင်ခြင်း စီမံကိန်း" အစီအစဉ်ဖြင့် ကျင်းပဆောင်ရွက်ခြင်းဖြစ်သည်။ ဤစီမံကိန်းသည် FAO ၏ ဦးဆောင်မှုနှင့် ဒေသခံ NGO, CSO များနှင့် ပူးပေါင်းပြီး မတူညီသည့်ဂေဟစနစ် သုံးခုဖြစ်သည့် ကမ်းရိုးတန်း၊ ကုန်းမြင့်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသများတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီမှုရှိသည့် စိုက်ပျိုးရေးနည်းစနစ်များ၊ ဒေသခံပြည်သူတို့ ပူးပေါင်းပါဝင်ပြီး ရေရှည်တည်တံ့သည့် သစ်တောစီမံအုပ်ချုပ်မှု နည်းစနစ်များကို သရုပ်ပြဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းဧရိယာအနေဖြင့် ကုန်းမြင့်ဒေသဖြစ်သည့် ချင်းပြည်နယ်တွင် မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်၊ ဒီရေတောဧရိယာဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးမှ လပွတ္တာမြို့နယ်နှင့် အပူပိုင်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းစီမံကိန်း၏လုပ်ငန်းစဉ်များအရ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည့်အတွက် ယခုအလုပ်ရုံဆွေးနွေးပွဲသည် FAO နှင့် ReCOFTC မြန်မာနိုင်ငံ အစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ် ခုနစ်ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏မတူညီသည့် ဂေဟစနစ်သုံးခုတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်မည်ဆိုလျှင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ အားသာချက်များကို ဝေမျှနိုင်စေရန်၊ အတွေ့အကြုံများကို အခြေခံပြီး ဆက်လက်ဆောင်ရွက်ရန်ရှိသည့် စီမံကိန်းလုပ်ငန်းများကို အချိန်မီပြီးစီးနိုင်စေရန်အတွက် အနာဂတ်တွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ချမှတ်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** FAO စီမံကိန်းရုံးအဖွဲ့မှ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ NGO၊ INGO များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့ ဒုတိယဌာနေကိုယ်စားလှယ်အဖွဲ့ ရခိုင်ပြည်နယ်သို့ လာရောက်

**စစ်တွေ ဇူလိုင် ၂၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ICRC မှ ဒုတိယဌာနေကိုယ်စားလှယ် Mr. Enrique Ochoa Fernandez- Lomana နှင့် အဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များအား ဖြေရှင်းပေးရန်နှင့် ပိုမိုပံ့ပိုးပေးနိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်း၍ ကြက်ခြေနီက ဆောင်ရွက်နေမှုကိစ္စရပ်များ၊ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းရပ်များတွင် ပွင့်ပွင့်လင်းလင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စ၊ ပြည်နယ်အစိုးရအဖွဲ့မှ နေရပ်စွန့်ခွာသူများအတွက် ကူညီဆောင်ရွက်ပေးနေမှု၊ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ဦးစားပေးဆောင်ရွက်မည့် ကိစ္စရပ်များ၊ ကြက်ခြေနီမှ ရပ်ရွာလူထုများထံသို့ သွားရောက် အကူအညီပေးနိုင်သည့် လုပ်ငန်းတာဝန်၊ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုများရှိသည့် လုပ်ငန်းများတွင် ကြက်ခြေနီအဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးကူညီပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးရန်၊ လုံခြုံရေးအခြေအနေ အဆင်ပြေသောနေရာများတွင် ပံ့ပိုးကူညီမှုပေးနိုင်ရန်၊ နိုင်ငံတကာဝန်ထမ်းများအား ကွင်းဆင်းဆောင်ရွက်လုပ်ကိုင်ခွင့်ပေးရန်စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ICRC မှ ဒုတိယဌာနေကိုယ်စားလှယ် Mr . Enrique Ochoa Fernandez - Lomana နှင့်အတူ MRCF ၊ IFRC တို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ICRC မှ ဒုတိယဌာနေကိုယ်စားလှယ် Mr. Enrique Ochoa Fernandez- Lomana နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းစတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ တောင်ကြီး၌ ကျင်းပ



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ် စွမ်းအားမြှင့်မီးဖို လက်တွေ့သုံးစွဲမှုကို ကြည့်ရှုစဉ်။

**တောင်ကြီး ဇူလိုင် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် ရာသီဥတုပြောင်းလဲမှု ဗဟိုဌာန၊ Korea Climate Change Center တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်း စီမံကိန်းစတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် စီမံကိန်းအကောင်အထည်ဖော်မည့်သူများ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်က တောင်ကြီးမြို့ ပြည်နယ် အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာ လင်းထွဋ်က စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုဗဟိုဌာနတို့ ၂၀၁၉ ခုနှစ် မတ် ၂၅ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့မှုအရ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့် မြန်မာနိုင်ငံအတွင်း စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်း စီမံကိန်း စတင်နိုင်ရန်အတွက် Local Stakeholder များကို စီမံကိန်းနှင့် စပ်လျဉ်းပြီး ရည်ရွယ်ချက်၊ ဆောင်ရွက်မည့် လုပ်ငန်းများ၊ မျှော်မှန်းရရှိလာမည့် အကျိုးကျေးဇူးများကို စီမံကိန်းနှင့် ဆက်စပ်လျက်ရှိသော ခရိုင်၊ မြို့နယ်များမှ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် ခရိုင်/မြို့နယ် အလိုက်တာဝန်ရှိသူများအား အသိပေးရှင်းလင်းတင်ပြရန် အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြမည့် အခမ်းအနားတစ်ခုဖြစ်ပြီး စွမ်းအားမြှင့် မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းကို ရှမ်းပြည်နယ် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတွင် ဆောင်ရွက်သွားမည်ကို သိရှိရကြောင်း၊ ခရိုင်၊ မြို့နယ် တာဝန်ရှိသူများက မရှင်းလင်းသည့် အချက်များအား သိလိုသည်များကို လွတ်လပ်ပွင့်လင်းစွာ ပါဝင်ဆွေးနွေးကြရန်နှင့် ၇ နှစ် စီမံကိန်းဖြစ်ပြီး ကြီးမားသည့် စီမံကိန်းဖြစ်သည်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများကလည်း စီမံကိန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ထိထိရောက်ရောက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

စီမံကိန်းဒါရိုက်တာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ စိုက်ပျိုးရေးဦးစီးဌာနမှ စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကိုရီးယားရာသီဥတုပြောင်းလဲမှုဗဟိုဌာန Team Manager Ms. Seohee Sun က နှုတ်ခွန်းဆက်စကား ပြောကြား၍ စွမ်းအားမြှင့်မီးဖို၏ အသုံးဝင်ပုံကို မြန်မာနိုင်ငံစဉ့်အသင်း ဦးမြင့်အောင်က ရှင်းလင်း ဆွေးနွေးကာ စွမ်းအားမြှင့်မီးဖို လက်တွေ့သရုပ်ပြသခြင်းနှင့် မီးဖိုများ ဖြန့်ဖြူးရေးနှင့်ပတ်သက်၍ ပြည်နယ် ဦးစီးမှူး ဦးတင်ဦးကြိုင်က ရှင်းလင်းတင်ပြခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကယားပြည်နယ်၌ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေး

**မယ်စဲ့ ဇူလိုင် ၂၂**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်း၊ ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ယမန်နေ့က မယ်စဲ့မြို့ ညော့်ရိပ်သာ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်နယ်ဝန်ကြီးချုပ်က ဌာနများ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တင်ပြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနများနှင့် ကုမ္ပဏီများ မြေပြင်၌ တွေ့ကြုံရသည့် အခက်အခဲများရှိပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့မီးလင်းရေးနှင့် မြို့တွင်း ပလက်ဖောင်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားဆွေးနွေးသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးရေး တွန်းအားပေး ကြီးကြပ်ဆောင်ရွက်နေမှုများနှင့် စိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများအတွက် လယ်ထွန်စက်များ ငှားရမ်းအသုံးပြုနိုင်ရေးတို့ကို ရှင်းလင်းတင်ပြသည်။ တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ရုံးအဆောက်အအုံ ဆောက်လုပ်နေမှုလုပ်ငန်း အားနည်းနေမှုအခြေအနေ၊ မြို့တွင်းလမ်းများ ရေစီးရေလာ ကောင်းမွန်စေရေး၊ နတလဦးစီးဌာနမှ ဆောက်လုပ်ပေးလျက်ရှိသည့် တန်ဖိုးနည်းအိမ်ရာများနှင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးနေမှုအခြေအနေ၊ သစ်ပင်စိုက်ပျိုးပွဲအတွက် ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်း၊ မဲစာရင်းကောက်ယူမှုအခြေအနေ၊ မြို့တွင်း နိုင်လွန်ကတ္တရာလမ်းပေါ်တွင် သံဘီးတပ်ယာဉ်များ မောင်းနှင်နေမှု၊ နမ့်မန်းဆည်ရေမြောင်းတွင် ပေ ၂၀ ခန့် ပြိုကျမှုကြောင့် မြောင်းပိတ်ဆို့မှု အခြေအနေများကို တင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အားနည်းပါက စစ်ဆေးတွေ့ရှိချက်များကို ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရန်၊ ဒေသ၏ လိုအပ်ချက်များကို နှစ်စဉ်စီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းလျာထားရေး အလေးထားဆောင်ရွက်ရန်၊ နယ်စပ်မြို့ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးသည် အရေးကြီးကြောင်း၊ သက်ဆိုင်ရာဌာနများက မိမိတို့ဌာန၏ ဥပဒေ၊ နည်းဥပဒေများကို ပြည်သူများ သိရှိအောင် ချပြရှင်းလင်းသင့်ကြောင်း၊ တွေ့ရှိပါက ထိထိရောက်ရောက် အရေးယူရမည်ဖြစ်ကြောင်း မှာကြားခဲ့ပြီး ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ပုလော ဇူလိုင် ၂၂**

တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးကျော်မင်းနှင့် ရပ်/ကျေးစာရေးများနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကို ယမန်နေ့က ပုလောမြို့နယ် ကမ်းရိုးတန်း ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပလ၊ ပလောက် မြို့အုပ်ချုပ်ရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာစာရေးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးက တက်ရောက်လာသူများအား အဓိကအချက် သုံးချက်ဖြင့် ဆွေးနွေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဝန်ကြီးဌာနနှင့် ဆက်စပ်လျက်ရှိသော ဌာနများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအချက်အနေဖြင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ လုပ်ငန်းကိစ္စ၊ ဒုတိယအနေဖြင့် လူဦးရေ သန်းခေါင်စာရင်းကောက်ခံခြင်းကိစ္စ၊ တတိယအချက် အနေဖြင့် အလုပ်သမားကြီးကြပ်ရေးဦးစီးဌာနရဲ့ လုပ်ငန်းကိစ္စများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆိုင်ရာများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန်အကျယ်အဝန်းကို GIS အဖွဲ့ကနေ တွက်ချက်တိုင်းတာပေးထားတာ ဖြစ်ပါတယ်။ အဲဒီထဲမှာတော့ စုစုပေါင်းအကျယ်အဝန်း ဇုန်ဧရိယာကို ဧကနဲ့ပြောရင် စုစုပေါင်း ဇုန်ဧရိယာ ၅၆၃၆၄ ဒသမ ၃၅ ဧကရှိပြီး ဟက်တာနဲ့ ပြောရင်တော့ စုစုပေါင်း ၂၂၈၀၉ ဒသမ ၈၅ ဟက်တာ ကျယ်ဝန်းပါတယ်

ဦးအောင်စိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားပြတိုက်ဦးစီးဌာန-ပုဂံဌာနခွဲ)

**ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဇုန်ဧရိယာသတ်မှတ်မှု၊ အကျယ်အဝန်းနှင့် ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးအား မြန်မာ့အလင်းမှ ဆက်သွယ်မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။**



**မေး ။ ။ ပုဂံရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ဇုန်ကို ကမ္ဘာ့အမွေအနှစ် အမည်စာရင်း တင်သွင်းတဲ့နေရာမှာ တိုးချဲ့ထားတယ်ဆိုတာ သိရပါတယ်။ အဲဒီလိုတိုးချဲ့ထားတာနဲ့ ပတ်သက်ပြီးတော့ ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ အမွေအနှစ်ဇုန်ကို ချဲ့တယ်ဆိုတာ အရင်တုန်းက အမွေအနှစ်ဇုန် ရေးဆွဲတဲ့နေရာမှာ ပြည့်စုံမှု မရှိခဲ့ဘူး။ ပုဂံအကြောင်းပြောရင် နန်းတော်ရာ ယုန်လွှတ်ကျွန်းတို့၊ ကျောက်စကား၊ သီရိပစ္စယာ၊ တမ္ပဝတီနန်းတော်ရာ၊ ပျဉ်ပြားမင်းနန်းတော်တို့ဆိုတာ ရှိတယ်။ အဲဒီ နန်းတော်ရာဟောင်းတွေထဲကမှ ပထမဇုန် Plan ထဲမှာ ရေးတုန်းက နန်းတော်ရာယုန်လွှတ်ကျွန်း ကျန်နေခဲ့တဲ့အတွက် အဲဒါတွေပါ ထည့်သွင်းခဲ့တာကြောင့် ပိုပြီးတော့ ကျယ်လာတယ်။ နောက်တစ်ခုက ပုဂံမှာ စွယ်တော်လေးဆူထဲက တစ်ဆူဖြစ်တဲ့ တန့်ကြည်တောင်စွယ်တော်က ဧရာဝတီမြစ် တစ်ဖက်ကမ်း မကွေးတိုင်းဒေသကြီး ပခုက္ကူဘက်မှာ ရောက်သွားတော့ အဲဒီတန့်ကြည်တောင်စွယ်တော်မြတ်စေတီလည်း ပါအောင် ကျွန်တော်တို့ ဇုန်ကိုချဲ့ပြီး ရေးဆွဲရတာ ဖြစ်ပါတယ်။

**မေး ။ ။ အဲဒီလိုတိုးချဲ့တဲ့နေရာမှာ အမွေအနှစ်ဇုန်ကို ဘယ်လိုပုံစံမျိုး သတ်မှတ်ထားသလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ အမွေအနှစ်ဇုန်ကို ရေးဆွဲတဲ့နေရာမှာ အမွေအနှစ်အဆောက်အအုံတွေပါရှိတဲ့ နေရာ၊ အဓိကနေရာဖြစ်တဲ့ ရှေးဟောင်းအမွေအနှစ်များ စုစည်းရာနေရာ (Property Zone) အဖြစ် သတ်မှတ်ထားပြီးတော့ အမွေအနှစ်တွေကို ထိန်းသိမ်းကာကွယ်ရာမှာ အထောက်အကူဖြစ်အောင် ရှေးဟောင်းအမွေအနှစ်များ စုစည်းရာနေရာရဲ့ အပြင်ဘက်မှာ ကြားခံဇုန်အနေနဲ့ Buffer Zone တွေကိုလည်း ထူထောင်ထားတာကြောင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန် အပိုင်းအခြားနှစ်ခု ပါဝင်ပါတယ်။

**မေး ။ ။ တန့်ကြည်တောင် စွယ်တော်မြတ်စေတီနဲ့ ယုန်လွှတ်ကျွန်းနန်းတော်ရာတို့ကိုပါ အမွေအနှစ်ဇုန်အတွင်း ရေးဆွဲသတ်မှတ်ပြီးတဲ့နောက် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန် အကျယ်အဝန်း ဘယ်လောက်ထိ ရှိသွားပြီလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ ပုဂံဒေသ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန် သတ်မှတ်တဲ့နေရာမှာ အဓိကကတော့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာ အထောက်အကူ ပိုဖြစ်စေဖို့အတွက် ကြားခံဇုန်တွေကို ပိုမိုတိုးချဲ့ထားပါတယ်။ အဲဒီလို တိုးချဲ့ရေးဆွဲပြီးတဲ့နောက်မှာ GIS ရဲ့ တိုင်းတာချက်အရ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန်တွေထဲက ရှေးဟောင်းအမွေအနှစ်များ စုစည်းရာနေရာ (Property Zone)ထဲမှာ ဟက်တာအနေနဲ့ ပြောမယ်ဆိုရင် ၄၉၈၇ ဒသမ ၈၈ ဟက်တာ၊ ကြားခံဇုန် (Buffer Zone) က ၁၇၈၂၁ ဒသမ ၉၇ ဟက်တာ စုစုပေါင်း ၂၂၈၀၉ ဒသမ ၈၅ ဟက်တာ ကျယ်ဝန်းပါတယ်။ ဧကနဲ့ ပြောမယ်ဆိုရင်တော့ Property Zone က ၁၂၃၂၅ ဒသမ ၃၁ ဧက၊ Buffer Zone က ၄၄၀၃၉ ဒသမ ၀၄ ဧက စုစုပေါင်း ဇုန်ဧရိယာ ၅၆၃၆၄ ဒသမ ၃၅ ဧက ကျယ်ဝန်းပါတယ်။

**မေး ။ ။ ပုဂံရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ဇုန် အကျယ်အဝန်းကို ဘယ်အဖွဲ့ကနေ တွက်ချက်တိုင်းတာ ပေးထားတာပါလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ ပုဂံရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ဇုန် အကျယ်အဝန်းကို Geographic Information Systems (GIS) အဖွဲ့ကနေ တွက်ချက်တိုင်းတာပေးထားတာ ဖြစ်ပါတယ်။ အဲဒီမှာတော့ စုစုပေါင်း အကျယ်အဝန်း ဇုန်ဧရိယာကို ဧကနဲ့ ပြောရင် စုစုပေါင်း ဇုန်ဧရိယာ ၅၆၃၆၄ ဒသမ ၃၅ ဧကရှိပြီး ဟက်တာနဲ့ ပြောရင်တော့ စုစုပေါင်း ၂၂၈၀၉ ဒသမ ၈၅ ဟက်တာ ကျယ်ဝန်း ပါတယ်။

**ကျေးဇူးတင်ပါတယ်။**




MAP INDICATING THE PROPERTY OF EACH COMPONENT AND BUFFER OF BAGAN ARCHAEOLOGICAL AREA

Legend: Contours (10-m interval); Nominated property area; Buffer zone

| | |
|---|---|
| Nominated property area | 12325.31 Acre |
| Buffer zone | 44039.04 Acre |
| Total | 56364.35 Acre |

| | |
|---|---|
| Component-1 | 10196.53 Acre |
| Component-2 | 524.53 Acre |
| Component-3 | 33.63 Acre |
| Component-4 | 1134.35 Acre |
| Component-5 | 62.29 Acre |
| Component-6 | 4.29 Acre |
| Component-7 | 19.47 Acre |
| Component-8 | 350.22 Acre |
| Total | 12325.31 Acre |

Spheroid: WGS 84
Projection: Universal Transverse Mercator
UTM Zone: 46
Datum: WGS 84

1:100,000 Scale

ပုဂံရှေးဟောင်းအမွေအနှစ်ဇုန် အကျယ်အဝန်းကို ဧကဖြင့် တိုင်းတာတွက်ချက်ပြသည့် မြေပုံ။




MAP INDICATING THE PROPERTY OF EACH COMPONENT AND BUFFER OF BAGAN ARCHAEOLOGICAL AREA

Legend: Buffer zone; Nominated property area; Contours (10-m interval)

| | |
|---|---|
| Nominated property area | 4987.88 ha |
| Buffer zone | 17821.97 ha |
| Total | 22809.85 ha |

| | |
|---|---|
| Component-1 | 4126.39 ha |
| Component-2 | 212.27 ha |
| Component-3 | 13.61 ha |
| Component-4 | 459.05 ha |
| Component-5 | 25.21 ha |
| Component-6 | 1.74 ha |
| Component-7 | 7.88 ha |
| Component-8 | 141.73 ha |
| Total | 4987.88 ha |

Spheroid: WGS 84
Projection: Universal Transverse Mercator
UTM Zone: 46N
Datum: WGS 84

1:100,000

ပုဂံရှေးဟောင်းအမွေအနှစ်ဇုန် အကျယ်အဝန်းကို ဟက်တာဖြင့် တိုင်းတာတွက်ချက်ပြသည့် မြေပုံ။

# သက်မွေးထောက်ကူပြု လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**မော်လမြိုင် ဇူလိုင် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒေါ်နှင်းနှင်းယု (လက်ထောက်ညွှန်ကြားရေးမှူး)က သင်တန်းဖွင့် အမှာစကား ပြောကြားခဲ့သည်။ ယခုသင်တန်းကို သွင်းကုန်အစားထိုး လူသုံးကုန်ပစ္စည်းများ တစ်ပိုင်တစ်နိုင်ထုတ်လုပ်၍ ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနိုင်စေခြင်းဖြင့် လူမှုစီးပွားဘဝတိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။



သင်တန်းတွင် ဆပ်ပြာဆီ (အဝတ်လျှော်၊ ပန်းကန်ဆေး၊ လက်ဆေး၊ ဘက်စုံသုံး)၊ ရေချိုးဆပ်ပြာ၊ ဆပ်ပြာခရင်မ်၊ ဆပ်ပြာခဲနှင့် သဘာဝသစ်ရွက် သစ်ဖုများကို အခြေခံ၍ ခေါင်းလျှော်ရည် အမျိုးမျိုး၊ မျက်နှာသစ် ဆပ်ပြာအမျိုးမျိုး ထုတ်လုပ်နည်းတို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းကို ဒေါ်နှင်းနန္ဒာလှိုင် (လက်ထောက်အင်ဂျင်နီယာ)နှင့် ဒေါ်သူသူစံ (ဦးစီးမှူး)တို့က သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ကာ သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အခမဲ့ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# ငါးတက်ဆင်းလမ်း တည်ဆောက်မှုပုံစံ အထူးသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၂**

ငါးလုပ်ငန်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနနှင့် Charles Sturt တက္ကသိုလ်တို့ ပူးပေါင်း၍ "မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် ငါးတက်ဆင်းလမ်း ဖော်ဆောင်ခြင်းဖြင့် ဇီဝ၊ ရူပသွင်ပြင်နှင့် လူထုအပေါ် အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းစီမံကိန်း"၏ ငါးတက်ဆင်းလမ်း တည်ဆောက်မှုပုံစံ အထူးသင်တန်းကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲတွင် ဇူလိုင် ၂၂ ရက်က ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲ၌ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ယခုသင်တန်းတွင် ဩစတြေးလျနိုင်ငံ Charles Sturt တက္ကသိုလ်မှ ငါးတက်ဆင်းလမ်း ဘာသာရပ် ကျွမ်းကျင်ပညာရှင် လေးဦးက သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ်၊ FFI နှင့် WCS မှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၅ ဦး ပါဝင်တက်ရောက်လျက် ရှိကြောင်း၊ သင်တန်းကာလမှာ ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်လှစ်ပို့ချခြင်းဖြင့် မြန်မာနိုင်ငံနှင့် သင့်လျော်သည့် ငါးတက်ဆင်းလမ်း ဒီဇိုင်းပုံစံဖော်ထုတ်နိုင်ရေးအတွက် ဩစတြေးလျပညာရှင်များက ပို့ချသည့် ငါးတက်ဆင်းလမ်း ဒီဇိုင်းနည်းပညာများကို လေ့လာသင်ယူနိုင်ပြီး အနာဂတ်လုပ်ငန်းများအတွက် အသုံးချနိုင်မည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**

# တစ္ဆေများနှင့် ပျော်မြူးခြင်းရုပ်ရှင်ဇာတ်ကား ဩဂုတ် ၁ ရက်တွင် ရုံတင်မည်

**ရန်ကုန် ဇူလိုင် ၂၂**

တစ္ဆေများနှင့်ပျော်မြူးခြင်းရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၁ ရက်တွင် တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၁ ရက် ညပိုင်းက ရန်ကုန်မြို့ Gold Class ရုပ်ရှင်ရုံ၌ ပြုလုပ်သည့် အဆိုပါရုပ်ရှင်အထူးပြပွဲမှ သိရသည်။

"ဒီကားကိုရိုက်တဲ့ ဒါရိုက်တာနဲ့ အဖွဲ့တစ်ခုလုံးက မလေးရှားကပါ။ စတန့်အက်ရှင်တွေလည်း ပါတယ်။ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာတွေလည်း ပါတယ်။ ဒရာမာလည်း ပါတယ်။ လူကုန်ကူးလိုမျိုး ပညာပေးအခန်းလည်း ပါပါတယ်။ ကြည့်လို့ကောင်းမယ့် ဇာတ်ကားတစ်ကားပါ" ဟု အကယ်ဒမီမြင့်မြတ်က ပြောသည်။




သရုပ်ဆောင် အကယ်ဒမီ မြင့်မြတ်

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ ကိုအုန်းဝင်းက "ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ဇာတ်ကားကို မလေးရှား၊ အိန္ဒိယနိုင်ငံတို့က အိုင်ဒီယာယူတဲ့ သဘောပါ။ ကျွန်တော်တို့နိုင်ငံက လူငယ်တွေ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ဇာတ်ကားသန့်သန့်လေးတွေ ရိုက်ကူးတာ တဖြည်းဖြည်းပေါ်လာမှာပါ။ ကျွန်တော်တို့နိုင်ငံမှာ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ရိုက်ကူးမှုက အားနည်းနေပေမယ့် လူငယ်တွေကတော့ တော်ကြပါတယ်။ ဒီဇာတ်ကားကို တစ်နှစ်ခွဲလောက် စီစဉ်ထုတ်လုပ်ခဲ့ပါတယ်။ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ၊ စိတ်ကူးယဉ်ဆန်ဆန်နဲ့ ဇာတ်မြူး သုံးမျိုးလုံးပါအောင် ရိုက်ထားပါတယ်"ဟု ပြောသည်။

ယင်းရုပ်ရှင်ဇာတ်ကားကို ဇာတ်လမ်း/ဇာတ်ညွှန်း အောင်နိုင်၊ ဇာတ်ညွှန်း ရွှန်းမီမီထက်၊ မလေးရှားနိုင်ငံမှ ဒါရိုက်တာ R.Perakas ၊ လက်ထောက်ဒါရိုက်တာ Jakan Abe Shake Kumar Lawrance နှင့် Kamal / ဇော်မြင့်တို့က ရိုက်ကူးထားပြီး လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ထားသည်။

ဤဇာတ်ကားတွင် အကယ်ဒမီ မြင့်မြတ်၊ အိချောပို၊ ပက်ထရစ်ရှာ၊ ကိုပေါက်၊ ထူးခြား၊ ကေညီနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

**သန့်ဇင်ဝင်း**

# ထီးချိုင့်မြို့နယ်နှင့် ရေစကြိုမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ထီးချိုင့်**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲမှစတင်ကာ ထီးချိုင့်မြို့အတွင်းရှိ ရေဝင်နစ်မြုပ်ရာ ဧရာဝတီမြစ်အောက်ပိုင်းရှိ ချွန်းတောင်ကျေးရွာ၊ ဝဲကြီးကျေးရွာနှင့် တုံငယ်ကျေးရွာများသို့ သွားရောက်ပေးအပ်ခဲ့ကြသည်။

**လက်ဝယ်အရောက်ထောက်ပံ့**

အဆိုပါကျေးရွာရှိ အိမ်ထောင်စုများအား ထောက်ပံ့ငွေများကို တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ချွန်းတောင်ကျေးရွာအိမ်ထောင်စု ၂၉ စု လူဦးရေ ၁၃၂ ဦးအတွက် ငွေကျပ် ၂၂၇၂၀၀၊ ဝဲကြီးကျေးရွာ (ချွန်းတောင်အုပ်စု) အိမ်ထောင်စု ၃၂ စု လူဦးရေ ၁၇၇ ဦးအတွက် ငွေကျပ် ၃၇၁၇၀၀၊ တုံငယ်(ချွန်းတောင်အုပ်စု)အိမ်ထောင်စု ၈၃စု လူဦးရေ ၃၉၂ ဦးအတွက် ငွေကျပ် ၈၂၃၂၀၀ စုစုပေါင်း ရေဘေးကယ်ဆယ်ရေးစခန်းသုံးခုအတွက် ထောက်ပံ့ငွေပေါင်း ကျပ် ၁၄၂၂၁၀၀ ကို စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဖြိုးညွန့်မောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ရေဘေးသင့်ပြည်သူများကို ရင်းနှီးစွာတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **ရဲလင်းထွန်း(ပြန်/ဆက်)**

**ရေစကြို**

မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ယနေ့ နံနက် ၁၁ နာရီက ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသော လူနေအိမ် ၂၂ လုံးနှင့် အိမ်ထောင်စု ၂၅ စုကို ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွေ့ထောင့်ကျေးရွာအုပ်စု ကွေ့ထောင့်ကျေးရွာ၊ အောင်ပန်းချောင်းကျေးရွာအုပ်စု အောင်ပန်းချောင်းကျေးရွာနှင့် မိုးကွဲကျေးရွာအုပ်စု ချင်းယားကျေးရွာတို့တွင် ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသော လူနေအိမ် ၂၂ လုံး အိမ်ထောင်စု ၂၅ စု စုစုပေါင်း လူဦးရေ ၉၅ ဦးတို့အတွက် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ ဆန်ရိက္ခာဖိုး ခုနစ်ရက်စာ ငွေကျပ် ၁၉၉၅၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၂၂၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၂၃၉၉၅၀၀ ကို ရေစကြိုမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ရေစကြိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နွယ်နွယ်အောင်**



ထီးချိုင့်မြို့နယ်ရှိ ရေဘေးသင့် ပြည်သူများအား တာဝန်ရှိသူ တစ်ဦးက လက်ဝယ်အရောက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈ ဇွန်လထိ | ၂၀၁၉ ဇွန်လထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့် လာရောက်သူများ | ၆၅၁၉၈၆ | ၈၃၉၈၈၇ | ၁၈၇၉၀၁ | (+) ၂၉ % |
| ၂ | အပျော်စီးသင်္ဘောဖြင့် ဝင်ရောက်သူများ | ၆၈၈၀ | ၅၉၇၉ | -၉၀၁ | (-) ၁၃ % |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ လာရောက်သူများ | ၂၃၂၃၄ | ၆၃၆၄၉ | ၄၀၄၁၅ | (+) ၁၇၄ % |
| | ဗီဇာဖြင့်လာရောက်သူပေါင်း | ၆၈၂၁၀၀ | ၉၀၉၅၁၅ | ၂၂၇၄၁၅ | (+) ၃၃ % |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၁၀၃၉၉၄၉ | ၁၂၃၃၉၅၃ | ၁၉၄၀၀၄ | (+) ၁၉ % |
| | စုစုပေါင်း | ၁၇၂၂၀၄၉ | ၂၁၄၃၄၆၈ | ၄၂၁၄၁၉ | (+) ၂၄ % |

## နိုင်ငံအလိုက် ခရီးသွားဝင်ရောက်မှုနှိုင်းယှဉ်ဇယား

| စဉ် | နိုင်ငံ | ၂၀၁၈ ဇွန်လအထိ | ၂၀၁၉ ဇွန်လအထိ | ခြားနားချက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | **မြောက်အမေရိက** | **၄၀၂၃၃** | **၄၀၉၂၁** | **၆၈၈** | **၂%** |
| ၁ | အမေရိကန် | ၃၄၀၂၁ | ၃၄၉၈၆ | ၉၆၅ | ၃% |
| ၂ | ကနေဒါ | ၆၂၁၂ | ၅၉၃၅ | -၂၇၇ | -၄% |
| | **အခြားအမေရိက** | **၅၈၃၆** | **၅၄၁၇** | **-၄၁၉** | **-၇%** |
| | **အနောက်ဥရောပ** | **၉၃၁၃၈** | **၉၀၆၅၆** | **-၂၄၈၂** | **-၃%** |
| ၁ | ပြင်သစ် | ၂၃၆၃၉ | ၂၂၈၈၅ | -၇၅၄ | -၃% |
| ၂ | ဗြိတိန် | ၂၀၁၂၁ | ၁၇၈၉၈ | -၂၂၂၃ | -၁၁% |
| ၃ | ဂျာမနီ | ၁၄၇၉၇ | ၁၄၅၅၉ | -၂၃၈ | -၂% |
| ၄ | အီတလီ | ၇၂၁၄ | ၈၉၆၃ | ၁၇၄၉ | ၂၄% |
| ၅ | ဆွစ်ဇာလန် | ၄၉၁၂ | ၄၄၁၇ | -၄၉၅ | -၁၀% |
| ၆ | နယ်သာလန် | ၄၇၃၈ | ၄၅၉၈ | -၁၄၀ | -၃% |
| ၇ | ဘယ်လ်ဂျီယံ | ၂၇၉၂ | ၂၅၆၉ | -၂၂၃ | -၈% |
| ၈ | ဩစတြီးယား | ၁၆၉၇ | ၁၈၉၃ | ၁၉၆ | ၁၂% |
| ၉ | စပိန် | ၃၇၈၈ | ၄၃၁၅ | ၅၂၇ | ၁၄% |
| ၁၀ | အခြားနိုင်ငံများ | ၉၄၄၀ | ၈၅၅၉ | -၈၈၁ | -၉% |
| | **အရှေ့ဥရောပ** | **၉၄၃၂** | **၉၂၈၀** | **-၁၅၂** | **-၂%** |
| ၁ | ရုရှား | ၂၇၉၈ | ၂၆၁၁ | -၁၈၇ | -၇% |
| ၂ | အခြားနိုင်ငံများ | ၆၆၃၄ | ၆၆၆၉ | ၃၅ | ၁% |
| | **အာဖရိက** | **၂၀၅၈** | **၂၁၄၂** | **၈၄** | **၄%** |
| | **အရှေ့အလယ်ပိုင်း** | **၂၆၁၀** | **၂၈၀၂** | **၁၉၂** | **၇%** |
| | **အာရှ** | **၅၁၃၀၇၂** | **၇၄၃၅၉၁** | **၂၃၀၅၁၉** | **၄၅%** |
| ၁ | တရုတ် | ၁၃၃၆၉၇ | ၃၂၀၈၈၂ | ၁၈၇၁၈၅ | ၁၄၀% |
| ၂ | ထိုင်း | ၁၅၃၈၁၄ | ၁၃၇၅၇၉ | -၁၆၂၃၅ | -၁၁% |
| ၃ | ကိုရီးယား | ၃၂၃၄၃ | ၅၉၅၆၈ | ၂၇၂၂၅ | ၈၄% |
| ၄ | ဂျပန် | ၄၈၇၄၅ | ၆၀၅၇၄ | ၁၁၈၂၉ | ၂၄% |
| ၅ | စင်ကာပူ | ၂၇၉၇၈ | ၂၇၂၇၄ | -၇၀၄ | -၃% |
| ၆ | ဗီယက်နမ် | ၂၇၃၂၈ | ၂၅၈၈၈ | -၁၄၄၀ | -၅% |
| ၇ | အိန္ဒိယ | ၂၁၆၄၈ | ၂၃၀၈၆ | ၁၄၃၈ | ၇% |
| ၈ | မလေးရှား | ၂၃၅၅၉ | ၂၁၀၂၅ | -၂၅၃၄ | -၁၁% |
| ၉ | ထိုင်ဝမ် | ၁၇၇၈၃ | ၁၈၉၇၉ | ၁၁၉၆ | ၇% |
| ၁၀ | ဟောင်ကောင် | ၈၈ | ၁၆၉၁၀ | ၁၆၈၂၂ | |
| ၁၁ | မကာအို | ၂ | ၁၃၅၅ | ၁၃၅၃ | |
| ၁၂ | ဖိလစ်ပိုင် | ၈၄၃၇ | ၈၇၁၈ | ၂၈၁ | ၃% |
| ၁၃ | အခြားနိုင်ငံများ | ၁၇၆၅၀ | ၂၁၇၅၃ | ၄၁၀၃ | ၂၃% |
| | **ပင်လယ်သမုဒ္ဒရာနိုင်ငံများ** | **၁၅၇၂၁** | **၁၄၇၀၆** | **-၁၀၁၅** | **-၆%** |
| ၁ | ဩစတြေးလျ | ၁၃၅၇၄ | ၁၂၇၇၈ | -၇၉၆ | -၆% |
| ၂ | နယူးဇီလန် | ၂၀၀၃ | ၁၈၄၉ | -၁၅၄ | -၈% |
| ၃ | အခြားနိုင်ငံများ | ၁၄၄ | ၇၉ | -၆၅ | -၄၅% |
| | စုစုပေါင်း | ၆၈၂၁၀၀ | ၉၀၉၅၁၅ | ၂၂၇၄၁၅ | ၃၃ % |

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်ဖတ်ရှုစောင့်ကြည့်ရန်၊
(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ၊ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊
(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေးကြိုတင်ပြင်ဆင်ထားရန်၊
(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊
(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊
(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊
(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊
(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများ ရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊
(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် ပွင့်ဖြူမြို့နယ်တို့တွင် ကျောင်းအချို့ယာယီပိတ်ထားပြီး မြင်းမူမြို့နယ်တွင် ရေကြီးလျက်ရှိ

**မန္တလေး**

ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၇၈ ကျောင်းကို ယာယီပိတ်ထားရပြီး ၎င်းတို့အနက် စဉ့်ကူးမြို့နယ်တွင် အများဆုံးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးခင်မောင်တိုးက ပြောသည်။

ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအချို့ကို ဇူလိုင် ၁၅ ရက်မှစတင်၍ ယာယီပိတ်ထားခဲ့ရပြီး ဇူလိုင် ၁၇ ရက်တွင် စဉ့်ကူး၊ မတ္တရာ၊ သပိတ်ကျင်းမြို့နယ်များရှိ အခြေခံပညာကျောင်းများကို ဆက်လက်ပိတ်ခဲ့ရသည့်အပြင် ဇူလိုင်၂၀ နှင့် ၂၁ ရက်များတွင် မြင်းခြံ၊ အမရပူရ၊ တံတားဦး၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျောင်းများကို ထပ်မံပိတ်ခဲ့ရကြောင်း သိရသည်။

"မြစ်ရေဝင်ရောက်တဲ့အတွက် စာသင်လို့မရဘဲ ယာယီပိတ်ထားရတဲ့ အခြေခံပညာကျောင်းပေါင်းကတော့ လက်ရှိ ဇူလိုင် ၂၁ ရက်အထိ ၁၇၀ ကျော် ရှိပါပြီ။ ဧရာဝတီမြစ်ရေ ပြန်လည် ကျဆင်းသွားရင်တော့ ကျောင်းတွေ ပြန်လည် ဖွင့်လှစ်ပေးသွားမှာပါ။ အခု ပိတ်ထားရတဲ့ကျောင်းတွေကလည်း နှစ်စဉ်ရေဝင်ရောက်လေ့ရှိတဲ့ ကျောင်းတွေပဲ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ဧရာဝတီမြစ်ရေမြင့်တက်လာခြင်းနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာ ကျောင်းများသို့ ရေဝင်ရောက်သည့်အတွက် စာသင်ကြား၍မရသည့် ကျောင်းများအနေဖြင့် သပိတ်ကျင်းမြို့နယ်၌ ၁၂ ကျောင်း၊ စဉ့်ကူးမြို့နယ်တွင် ၅၂ ကျောင်း၊ မတ္တရာမြို့နယ်တွင် ၃၉ ကျောင်း၊ တံတားဦးမြို့နယ်တွင် ၁၁ ကျောင်း၊ ပုသိမ်ကြီးမြို့နယ်တွင် ကျောင်း ၂၀၊ မြင်းခြံမြို့နယ်တွင် ၁၉ ကျောင်း၊ အမရပူရမြို့နယ်တွင် ကျောင်း ၂၀၊ စဉ့်ကိုင်မြို့နယ်တွင် နှစ်ကျောင်း၊ ညောင်ဦးမြို့နယ်တွင် နှစ်ကျောင်း၊ အောင်မြေသာစံမြို့နယ်တွင် တစ်ကျောင်းတို့ ဖြစ်ကြောင်း သိရသည်။

"မြစ်ရေဝင်လာတဲ့အတွက် ကလေးတွေ သွားလာရေး ခက်ခဲတဲ့အပြင် အန္တရာယ်လည်းများတဲ့အတွက် ပိတ်လိုက်ရတာ ဖြစ်ပါတယ်။ အခုပိတ်လိုက်ရတဲ့ ရက်တွေအတွက်လည်း ပြန်လည်အစားထိုးသင်ကြားမှုတွေ လုပ်သွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ အခြေခံပညာအထက်တန်းကျောင်း ၂၉၁ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၃၈၄ ကျောင်း၊ အလယ်တန်းကျောင်း ၃၃၁ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၂၈၄ ကျောင်း၊ မူလတန်းကျောင်း ၅၀၅ ကျောင်း၊ အမက ၂၃၀၀ ကျောင်း၊ အမက(ခွဲ) ၆၁ ကျောင်း စုစုပေါင်း ၄၂၃၆ ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **အောင်ဖြိုးကျော်**



လောကနန္ဒာဘုရားဝင်းအတွင်း ရေများစတင်ဝင်ရောက်နေစဉ်။



ပွင့်ဖြူမြို့နယ်ရှိ စာသင်ကျောင်းတစ်ကျောင်းအတွင်း မြစ်ရေဝင်ရောက်မှုကို တွေ့ရစဉ်။

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယနေ့ နံနက်ပိုင်းက ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း သုံးကျောင်း ယာယီပိတ်ထားရကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယနေ့ နံနက်ပိုင်းက ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာ၊ မြင်းခြံစုကျေးရွာနှင့် ကူကြီးကျေးရွာတို့ရှိ အခြေခံပညာမူလတန်းကျောင်းများတွင် မြစ်ရေများ နှစ်ပေမှ နှစ်ပေခွဲခန့်အထိဝင်ရောက်လာခဲ့၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံစေရန်အတွက် ယာယီပိတ်ထားရခြင်းဖြစ်ပြီး ယနေ့မှ ဇူလိုင် ၂၅ ရက်အထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ယာယီပိတ်ထားသည့်ကျောင်းများကို မြစ်ရေကျဆင်းမှုအပေါ်မူတည်ပြီး ကျောင်းသား ကျောင်းသူများ၏ ပညာရေးကိုရှေးရှုသောအားဖြင့် စာသင်ချိန် သင်ခန်းစာနောက်မကျစေရေး ဩဂုတ်လဆန်းပိုင်းတွင် အစားထိုးသင်ကြားပေးသွားရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးနွေဝင့်ကျော်(ဒုတိယမြို့နယ်ပညာရေးမှူး)ထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးမြို့တွင်း ရပ်ကွက်တချို့တွင် ဧရာဝတီမြစ်ရေသည် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းမှ စတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် ပုဂံ-ညောင်ဦးမြို့တွင်းနေရာများဖြစ်သော သာယာဝတီရပ်ကွက်(အရှေ့ပိုင်း)၊ မုန်ချိုရပ်ကွက်၊ ဝက်ကြီးအင်းချောင်းအနီးဝန်းကျင်ရှိ နေအိမ်အချို့တွင် နှစ်ပေမှ သုံးပေအထိ ရေများဝင်ရောက်လျက်ရှိပြီး လောကနန္ဒာဘုရားဝင်းအတွင်းရှိ ကားရပ်နားကွင်းနှင့် ဆိုင်ခန်းများလည်း နစ်မြုပ်နေပြီဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် ပုဂံ-ညောင်ဦးမြို့တွင် ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီခွဲတွင် စိုးရိမ်ရေမှတ်၏ တစ်ပေအတွင်းရောက်ရှိနေပြီဖြစ်ကြောင်း၊ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိလာနိုင်သဖြင့် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဖေလိန်း(ပုဂံ)**

**မြင်းမူ**

ဧရာဝတီမြစ်ရေသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်းသို့ ဇူလိုင် ၁၇ ရက်မှ စတင်မြင့်တက်လာပြီး ဇူလိုင် ၂၂ ရက်ထိ မြို့၏ စိုးရိမ်ရေအမှတ် ၁၁၅၀ စင်တီမီတာအထက်သို့ ကျော်လွန်ရောက်ရှိလာရာ မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ရေများဝင်ရောက်လျက်ရှိသော ညောင်ရင်းကျေးရွာ၊ ရွာပိုလေးကျေးရွာ၊ ပုလဲတန်ကျေးရွာ၊ ကျွဲရိုက်ကျေးရွာ၊ အုန်းပင်ကျေးရွာ၊ သာယာပေါင်းကျေးရွာ၊ လက္ကပင်ကျေးရွာ၊ ဆပ္ပန်းကုန်းကျေးရွာနှင့် ဆိပ်သာကျေးရွာတို့ ဖြစ်ပြီး အိမ်ခြေ ၁၂၃၄ အိမ်မှာ ရေဝင်ရောက်လျက်ရှိကာ ရေအနက် တစ်ပေမှ သုံးပေအထိရှိကြောင်း သိရသည်။ နေထိုင်ရန် ခက်ခဲလျက်ရှိသော ဒေသခံများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များမှာ တာပေါင်ပေါ်တွင် ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရ သည်။ ယခုကဲ့သို့ မြစ်ရေကြီးမှုဖြစ်နေစဉ်နှင့် ရေများ ပြန်လည် ကျဆင်းချိန်များတွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်နှင့် တိရစ္ဆာန်များ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်

မြစ်ရေများ ဝင်ရောက်လျက်ရှိသော ကျေးရွာ ၁၀ ရွာတွင် လူဦးရေ ၅၁၀၄ ဦး နေထိုင်လျက်ရှိပြီး မြစ်ရေဝင်ရောက်မှုကြောင့် လူနှင့် တိရစ္ဆာန်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိသေးကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

❇ *ကျော့ဖုံးမှ*

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ တိဿမာန်အောင်ဓမ္မာရုံသို့ ရောက်ရှိကာ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားပြီး ရေဘေးတုံ့ပြန်ဆောင်ရွက်ရေး အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီးနောက် တံတားဦးမြို့နယ်မှ ရေဘေးရှောင်ပြည်သူ ၁၀၀၄၃ ဦးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုး ငွေကျပ် သိန်း ၂၁၀ ကျော်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**ထောက်ပံ့**

အလားတူ မွန်းလွဲပိုင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး ဦးမိုးကျော်သူ ဦးဆောင်၍ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ မြေဝတီ၊ ဒါးဝယ်ဈေး၊ ပန်းပဲတန်း၊ ထုံးဘို၊ သောတာပန်ရပ်ကွက်များရှိ ယာယီရေဘေးခိုလှုံရာနေရာများသို့ ရောက်ရှိပြီး လက်ရှိဖြစ်ပေါ်လျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ရေဘေးရှောင်ပြည်သူများကို အားပေးစကား ပြောကြားကာ စစ်ကိုင်းမြို့နယ်အတွင်းရှိ ရေဘေးရှောင် ပြည်သူ ၈၈၃၀ တို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေကျပ် ၁၈၅ သိန်းကျော်ကို ထောက်ပံ့ပေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုတွင် ရေကြီးရေလျှံမှုများကြောင့် ပြောင်းရွှေ့ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ ပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးအပါအဝင် စုစုပေါင်း ငွေကျပ် ၁၃၇၄ သိန်းကျော် ထောက်ပံ့ပြီးဖြစ်ကြောင်းနှင့် ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဂရုပြုနေထိုင်နိုင်ကြပါရန်**

မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိပြီး မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ယနေ့တွင် ထုတ်ပြန်သည့် မြစ်ရေအခြေအနေများကို လေ့လာမှုအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူ၊ ညောင်ဦး၊ ချောက်၊ မင်းဘူး၊ မကွေး၊ အောင်လံ၊ ပြည်၊ ဆိပ်သာ၊ ဟင်္သာတ၊ ဇလွန်မြို့များတွင် စိုးရိမ်ရေမှတ်သို့ မရောက်ရှိသော်လည်း ဆက်လက်မြင့်တက်နေသည့် အခြေအနေရှိနေပါသဖြင့် မြစ်ကမ်းပါးအနီး နေထိုင်သူများ၊ အနိမ့်ပိုင်းနေရာများတွင် နေထိုင်သူများအနေဖြင့် ပိုမိုဂရုပြု နေထိုင်နိုင်ကြပါရန်နှင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်များ၊ ပညာရှင်များ၏ သုံးသပ်အကြံပြုချက်များကို အလေးထား ဂရုပြုလိုက်နာနိုင်ပါရန်၊ အကူအညီလိုအပ်ပါက ဒေသအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများသို့ ဖြစ်စေ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်) Hot Line နံပါတ်များဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ သို့ ဖြစ်စေ အကူအညီ တောင်းခံနိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ နှိုးဆော်ထားကြောင်း သိရသည်။ **မြန်မာ့အလင်း**



မြို့နယ်အချို့၌ ဧရာဝတီမြစ်ရေ ဝင်ရောက်နေစဉ်။

## ရှာဖွေကယ်ဆယ်ရေးနှင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးလေ့ကျင့်

**ပြည် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်မီးသတ်ဦးစီးမှူး ဦးဆောင်၍ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ဖြင့် တိုင်းဒေသကြီးအဆင့် ရှာဖွေကယ်ဆယ်ရေးနှင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ပြည်မြို့ နဝင်းရပ်ကွက် ဧရာဝတီမြစ်ကမ်း ဘေးတွင် ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး တက်ရောက် အမှာစကားပြောကြားခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးညဏ်ဇော်က အသက်ကယ်ဝတ်စုံများ ထောက်ပံ့လှူဒါန်းသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ ဒုတိယတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပရဟိတအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အားကစားနှင့်ကာယပညာသိပ္ပံ ၂၂ နှစ်ပြည့် နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

**အားကစားနှင့်ကာယပညာသိပ္ပံကို ၁၉၉၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကာလတိုသင်တန်းများဖြစ်သော နည်းပြဆရာမွမ်းမံသင်တန်း၊ ကာယဆရာမွမ်းမံသင်တန်း၊ နည်းစနစ်ပိုင်းဆိုင်ရာသင်တန်း၊ အားကစားနည်းဥပဒေပိုင်းဆိုင်ရာသင်တန်း၊ အားကစားလေ့ကျင့်ရေးသင်တန်းအပါအဝင် သင်တန်းများကိုသာ လေ့ကျင့်သင်ကြားပေးခဲ့ပြီး ၁၉၉၇ ခုနှစ်၌ အားကစားနှင့်ပညာရေးပေါင်းစပ်လေ့ကျင့်အထက်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ရာ ဩဂုတ် ၁ ရက်တွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၏ ၂၂ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။**



အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှ သင်တန်းသား သင်တန်းသူများ နံနက်ခင်းလေ့ကျင့်ခန်းဝင်စဉ်။

အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းမှထူးချွန်သော အားကစားသမားများကို အားကစားနည်း ၂၃ မျိုးဖြင့် သင်ကြားမွေးထုတ်ပေးလျက်ရှိပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသား ကျောင်းသူတို့ကိုလည်း B.Sc(Sport) ဘွဲ့ဖြစ်သော ရန်ကုန်အားကစားပညာဘာသာရပ်ဘွဲ့ရရှိရန် ဆက်လက် သင်ကြားပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ ၁၀၀ ခန့်ကို မန္တလေးနှင့် ရန်ကုန်မှ မွေးထုတ်ပေးနိုင်ခဲ့၍ အားကစားတက္ကသိုလ်ဖွင့်လှစ်ခဲ့ပါက B.Sc ဘွဲ့ရကျောင်းသား ကျောင်းသူများ ပေါင်းကူးတက်ရောက်နိုင်ရန် B.Sc (Sport) ကျောင်းကို ဖွင့်လှစ်ခြင်းလည်း ဖြစ်သည်။

အားကစားနှင့်ကာယပညာ သိပ္ပံကျောင်းတွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပါက B.Sc(Sport) သို့ ဆက်လက်တက်ရောက်နိုင်ပြီး အားကစားတက္ကသိုလ်တွင် ဆက်လက်တက်ရောက်၍ ဘွဲ့ရရှိပါက အာရှနှင့်ဥရောပတွင် မြန်မာပြည်အားကစားတက္ကသိုလ်မှဘွဲ့ရသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိစေမည်။ နိုင်ငံအတွက် မျိုးဆက်သစ်အားကစားသမားကောင်းများကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ကာ ကမ္ဘာ့အဆင့်မီ အားကစားသမားများကိုလည်း မွေးထုတ်နိုင်မည်ဖြစ်သည်။

"၁၉၉၇ ခုနှစ်မှာ အားကစားနဲ့ပညာရေး ပေါင်းစပ်အထက်တန်းကျောင်းဆိုပြီး ဖွင့်ခဲ့တာ ဒီနှစ်ဆိုရင် ၂၂ နှစ်ပြည့်ပါပြီ။ ကျောင်းအနေနဲ့ ထူးချွန်အားကစားသမားတွေကို မွေးထုတ်ပါတယ်။ ကျောင်းမှာ တက္ကသိုလ်ဝင်တန်းအောင်တဲ့ကလေးတွေ B.Sc(Sport) လိုင်းဆက်တက်ပြီး နည်းပြပိုင်းဆိုင်ရာသင်ကြားရေးကို တက်ရောက်လို့ရပါတယ်။ အခုက B.Sc(Sport)ဘွဲ့ဟာ မြန်မာနိုင်ငံမှာ အားကစားတက္ကသိုလ်ဖွင့်ဖို့အတွက် လမ်းကြောင်းကြိုတင်ချထားတဲ့သဘောပါ။ မန္တလေးရတနာပုံနဲ့ ရန်ကုန်ကာယပညာသိပ္ပံက B.Sc (Sport)ဘွဲ့ရကျောင်းသား ကျောင်းသူ ၁၀၀ နီးပါးဘွဲ့ရပြီးပါပြီ။ နိုင်ငံအတွက် မျိုးဆက်သစ်အားကစားသမားတွေကို ကျွန်တော်တို့ကျောင်းက မွေးထုတ်ပေးနေပါတယ်"ဟု ရန်ကုန်အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ် ဦးစိုးအောင်က ပြောသည်။

အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှဆင်းသော ၁၈ နှစ်အောက် ကျောင်းသား ကျောင်းသူများကို နေပြည်တော် Gold Camp အားကစားပညာရပ် (လေ့ကျင့်ရေးသီးသန့်) နှင့် အားကစားသမားကောင်းများကိုမွေးထုတ်နေသော အားကစားအဖွဲ့ချုပ်များမှ တိုက်ရိုက်ခေါ်ယူသူများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ရန်ကုန်မြို့တွင်အားကစားအဖွဲ့ချုပ် ၄၀ ကျော်မှ အားကစားနည်းပညာရပ်ပေါင်း ၄၀ ကျော်ကို လေ့ကျင့်သင်ကြားပေးလျက် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ ယခင်က ဝန်ကြီးဌာနပေါင်းစုံ အားကစားပွဲများရှိခဲ့၍ အားကစားနှင့် ကာယပညာမှ ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ရွေးချယ်ကာ ဝန်ထမ်းအဖြစ် ခန့်အပ်လျက် အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည်။ ကျောင်းသူကျောင်းသားများ ကျောင်းဆင်းသောအခါ ဝန်ထမ်းများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများအဆင်ပြေခဲ့ပြီး ယခုအခါ အဖွဲ့ချုပ်များတွင်သာ အားကစားတစ်မျိုးစီအတွက် နိုင်ငံ့လက်ရွေးစင်အဖြစ် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှ အားကစားနည်း ၂၃ မျိုးကို လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အဖွဲ့ချုပ်များအနေဖြင့် အား/ကာသိပ္ပံကျောင်းဆင်းများကိုခေါ်ယူ၍ လက်ရွေးစင်ဟောင်းများ၏နေရာတွင် အစားထိုးနိုင်ရန် ဆက်လက်မွေးထုတ်ပေးလျက်ရှိသည်။ နိုင်ငံအတွက် အခြေခံနည်းစနစ်ပိုင်းဆိုင်ရာ အားကစားပညာရပ်များကို အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (ရန်ကုန်)မှ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဂါးရက်ဘေးလ်ကို ခေါ်ယူရန် ဆန္ဒရှိနေသည့် တရုတ်ကလပ်**

တရုတ်ကလပ် ပေကျင်း ဂူအန်အသင်းသည် ရီးရဲမက်ဒရစ်တိုက်စစ်ကစားသမား ဂါးရက်ဘေးလ် (၃၀နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေပြီး တရုတ်ဘောလုံးသမိုင်းတွင် အမြင့်မားဆုံးလုပ်ခလစာပေးချေဖွယ်ရှိကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။

**မက်ဂွိုင်းယားကို ခေါ်ယူရန် မန်ယူအသင်း သဘောတူညီမှုရရှိ**

မန်ယူအသင်းသည် လက်စတာစီးတီးနှင့် အင်္ဂလန်ခံစစ်ကစားသမား မက်ဂွိုင်းယား (၂၆နှစ်) ကို ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မေရော၏ ဖော်ပြချက်တွင်မူ မန်စီးတီးအသင်းကလည်း အဆိုပါ ကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေပြီး မန်စီးတီးအသင်းအနေဖြင့် မက်ဂွိုင်းယားကို ခေါ်ယူမည်ဆိုပါက အသင်းမှ အော့တာမန်ဒီ (၃၁နှစ်) နှင့် မန်ဂါလာ (၂၈နှစ်) တို့ကို ရောင်းချရန်လိုအပ်လိမ့်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**အူဘာမီယန်နှင့် လဲလှယ်မည့်အစီအစဉ်ကို ငြင်းပယ်လိုက်သည့် အီကာဒီ**

အင်တာမီလန်အသင်းမှ တိုက်စစ်ကစားသမား အီကာဒီ (၂၆နှစ်) သည် အာဆင်နယ်အသင်းမှ ဂါဘွန်တိုက်စစ်ကစားသမား အူဘာမီယန်နှင့် လဲလှယ်မည့်အစီအစဉ်ကို ငြင်းပယ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မီလ်နာ၏ အနာဂတ် လီဗာပူးအသင်း၌ မသေချာ**

လီဗာပူးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျိမ်းမီလ်နာ (၃၃နှစ်) သည် လီဗာပူးအသင်း၌ စာချုပ်သက်တမ်းတိုးရန် ဆန္ဒရှိသော်လည်း ရေရှည်အနာဂတ်နှင့်ပတ်သက်ပြီး မသေချာကြောင်း ပြောကြားလိုက်သည်။

**ဇာဟာကို ခေါ်ယူလိုနေသည့် ဘိုင်ယန်မြူးနစ်**

ဘိုင်ယန်မြူးနစ်အသင်းသည် မန်စီးတီးအသင်းမှ ဆာနေးနှင့် ရီးရဲမက်ဒရစ်အသင်းမှ ဘေးလ်တို့ကို ခေါ်ယူရန်မအောင်မြင်ခဲ့သောကြောင့် ယခုအခါ ခရစ္စတယ်လ်ပဲလေ့စ်အသင်းမှ ဇာဟာကို ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ရှာပါရင်ကို အား ခေါ်ယူရန် စိတ်ဝင်စားနေသည့် ပရီမီယာလိဂ်အသင်းများ**

အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်ယူနှင့် ဝက်စ်ဟမ်းအသင်းတို့သည် ဒိုင်နမို ကိဗ်အသင်းမှ အသက် ၂၀ အရွယ် ယူကရိန်းကစားသမား ရှာပါရင်ကို အားခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အဆန်စီယိုအတွက် ကမ်းလှမ်းမှုများကို ငြင်းပယ်**

ရီးရဲမက်ဒရစ်အသင်းသည် အသက် ၂၃ နှစ်အရွယ် စပိန်ကွင်းလယ်ကစားသမား အဆန်စီယိုအတွက် ကမ်းလှမ်းမှုများကို ငြင်းပယ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အသင်းခေါင်းဆောင်ဖြစ်ရန် ဆန္ဒရှိနေသည့် ဒီဂီယာ**

ဒေးဗစ်ဒီဂီယာသည် မန်ယူအသင်းနှင့် ခြောက်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိပြီးနောက် အသင်းခေါင်းဆောင်ဖြစ်ရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

## အာဆီယံ ဂေါက်သီးအဖွဲ့ချုပ် အစည်းအဝေးတက်ရောက်ရန်နှင့် ၂၀၁၉ အရှေ့တောင်အာရှ အပျော်တမ်းချန်ပီယံရှစ် ဂေါက်ရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်ရိုက်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၂**

၂၀၁၉ ခုနှစ် ဇူလိုင်၂၄ရက်မှ၂၇ ရက်အထိ ဗီယက်နမ်နိုင်ငံ Heron Lake Golf Course and Resort ၌ ကျင်းပမည့် ၂၀၁၉ အရှေ့တောင်အာရှ အပျော်တမ်းချန်ပီယံရှစ် ဂေါက်ရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာဂေါက်ရိုက်အဖွဲ့သည် ယနေ့ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာ သွားသည်။




မြန်မာဂေါက်သီးရိုက်အဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

ဓာတ်ပုံ - ဂေါက်သီးအဖွဲ့ချုပ်

**လိုက်ပါ**

ပြိုင်ပွဲဝင် မြန်မာဂေါက်ရိုက်အဖွဲ့ ကို အဖွဲ့ခေါင်းဆောင်အဖြစ် ဦးအောင်ကြည် (ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်)၊ အသင်းအုပ်ချုပ်သူအဖြစ် ဦးမျိုးသီဟတို့ ဦးဆောင်ကာ 59th Putra Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လှိုင်မင်းထက်၊ ရာဇာအောင်၊ ပြည့်ဖြိုးသူနှင့် သီဟမျိုးဆက်၊ 13th Lion City Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဖြိုးဇံ၊ မင်းသံလွင်အောင်နှင့် ထွန်းသူရိန်၊ 11th Santi Cup ပြိုင်ပွဲတွင် ဖူးပွင့်ရတီခိုင်၊ သင်းဝေခိုင်နှင့် ဝင့်ဖူးနဒီခိုင်တို့ လိုက်ပါသွားသည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်သည် ဇူလိုင် ၂၆ ရက်တွင် ကျင်းပမည့် အာဆီယံဂေါက်သီးအဖွဲ့ချုပ် အစည်းအဝေး တက်ရောက်မည်ဖြစ်သည်။

**လက်ခံကျင်းပ**

မြန်မာ ဂေါက်ရိုက်အဖွဲ့သည် ယင်းပြိုင်ပွဲတွင် နှစ်စဉ်နီးပါး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ကျင်းပသည့်ပြိုင်ပွဲကို နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကာ Lion City Cup ပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းက ပထမ၊ တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအမျိုးသား ဂေါက်သီးရိုက်ကစားသမား ပြည့်ဖြိုးသူက ပထမ၊ KARTINI Cup ပြိုင်ပွဲတွင် သင်းဝေခိုင်က ဒုတိယဆုရရှိခဲ့သည်။ **ဖိုးသော်ဇင်**

◆ *ကျောဖုံးမှ*

ဒုတိယဆုရပြီး ၂၀၀၆ နှင့် ၂၀၁၇ ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ယခုလကုန်ပိုင်းတွင် စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်ပြီး ကစားသမား ၃၀ ဝန်းကျင်ဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ ယင်းအသင်းကို ဦးဌေးမြင့်က ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ၎င်းသည် ၂၀၁၆ ပြိုင်ပွဲတွင် ဒုတိယနှင့် ၂၀၁၇ ပြိုင်ပွဲတွင် တတိယဆုရအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း**

❑ *ကျောဖုံးမှ*

တိုးတက်ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဥရောပ ဘောလုံးအဖွဲ့ချုပ်၏ AFC-UEFA Assist Program ဖြင့် ယခုပြိုင်ပွဲကို ကျင်းပခြင်း ဖြစ်သည်။ ယခုပြိုင်ပွဲကို ဥရောပဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပသည့်ပြိုင်ပွဲ ဖြစ်သည်။ International U-16 Boys Tour nament 2019 (AFC-UEFA Assist Program) အနေဖြင့် ကျင်းပမည့် အဆိုပါ လူငယ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဥရောပအသင်းတစ်သင်းဖြစ်သည့် မွန်တီနီဂရိုး ယူ-၁၆ အသင်းနှင့် အာရှ ဒေသမှ အိမ်ရှင် မြန်မာ ယူ- ၁၆၊ တောင်ကိုရီးယား ယူ-၁၆၊ အင်ဒိုနီးရှား ယူ-၁၆ အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး တစ်နေ့ နှစ်ပွဲနှုန်းဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲအဖြစ် ဩဂုတ် ၁၄ ရက်တွင် မြန်မာနှင့် အင်ဒိုနီးရှား၊ တောင်ကိုရီးယားနှင့် မွန်တီနီဂရိုး၊ ဩဂုတ် ၁၆ ရက်တွင် မြန်မာနှင့် တောင်ကိုရီးယား၊ မွန်တီနီဂရိုးနှင့် အင်ဒိုနီးရှား၊ ဩဂုတ် ၁၈ ရက်တွင် မြန်မာနှင့် မွန်တီနီဂရိုး၊ တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲကို လက်ရှိဖွဲ့စည်းထားသည့် ယူ-၁၅ အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား တော်စတန်ဖရန့်ခ်က ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းသည် ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၉ ရက် အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲအပြီး ရက်ပိုင်းအကြာတွင် ယခုပြိုင်ပွဲ ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် တရားမဝင် သစ် ၄၁ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၂**

သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေ ဖမ်းဆီးခြင်းကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ၂၀ ရက်အထိ သစ်တောဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မဟာအောင်မြေမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့အတွင်းမှ ကျွန်း၊ ပိတောက်၊ တမလန်းသစ်၊ ခွဲသား၊ ဓားရွှေ စုစုပေါင်း ၁၅ ဒသမ ၈၀၆၂ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရဘိနယ် ငါးခုံးမချောင်းရွာအတွင်းမှ ကျွန်းတံခါးရွက် ၃၆၇ ချပ် (၃ ဒသမ ၆၈၃၈ တန်)၊ ကိုးပင်-သာဂရ ကားလမ်း မြောက်ဘက်ကိုက် ၁၀၀ ခန့်အကွာမှ သစ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ သာဂရမြို့ အင်ဒိုင်းရပ်အတွင်းမှ ထောက်ကြံ့ခွဲသား ၀ ဒသမ ၀၈၇၂ တန်၊ ကျွန်းတံခါးရွက်နှင့် ထောက်ကြံ့ခွဲသား စုစုပေါင်း ၃ ဒသမ ၇၇၁ တန်၊ သစ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ် အလှော်ကျေးရွာ အနောက်တောင်ဘက်မှ ကညင်ခွဲသား ၇ ဒသမ ၈၅၁၆ တန်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ် ရွှေလီမြစ်အတွင်းမှ ကျွန်းသစ် ၁၄ ဒသမ ၂၄၆၀ တန်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သောသူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



**မောင်လူမော်**

# ရွှေပြည်သာ၊ လားရှိုး၊ ကွတ်ခိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၂**

မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီက ရွှေပြည်သာမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဇော်မင်းထိုက်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂၉၈ ပြား၊ ငွေကျပ် ၂၀၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီခန့်က လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ကောင်းကြဲကျေးရွာအုပ်စုခိုက်ချန်ကျေးရွာနေ လနန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူဇနီးဖြစ်သူ မအေးပီးကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၈၀ ပြားနှင့် ငွေကျပ် ၁၀၀၀၀၀၀ တို့ကိုလည်းကောင်း။

ထို့အတူ ဇူလိုင် ၂၀ ရက် ည ၉နာရီခွဲက မုံးစီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် မုံးစီးကျေးရွာအုပ်စု တရုတ်မန်ပုံကျေးရွာနေ မအားမတ်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်ထွန်းကျော်ကို တွေ့ရှိရပြီး နေအိမ်မှ ဘိန်းဖြူ ၄၃၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တောင်ငူမြို့နယ် အမြန်လမ်းပိုင်းတွင် ရှေ့မှသွားနေသည့်ယာဉ်အား ပရိုဘောက်ယာဉ်က ဝင်တိုက်မိပြီး အမျိုးသမီးတစ်ဦးသေဆုံး

**တောင်ငူ ဇူလိုင် ၂၂**

နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်း မိုင်တိုင် ၁၄၃/၄ နှင့် ၅ အကြားတွင် ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီခွဲခန့်က ရှေ့မှသွားနေသည့် ယာဉ်အား ပရိုဘောက်ယာဉ်က အရှိန်လွန်ဝင်တိုက်မိခဲ့ပြီး အမျိုးသမီးတစ်ဦးသေဆုံး၍ အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ရာသို့ တောင်ငူမြို့နယ် ဇီးပင်သာ အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့တို့က သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း **(အောက်ပုံ)** ဇီးပင်သာအမြန်လမ်း ရဲစခန်းမှ သိရသည်။

နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ အောင်မြင့်ထွန်း မောင်းနှင်သည့် 1L/----Lifan ခြောက်ဘီးယာဉ်အား အခင်းဖြစ်နေရာအရောက် နောက်မှ မွန်ပြည်နယ် ဘီးလင်းမြို့နယ်နေ တင်ဦး မောင်းနှင်ပြီး အမျိုးသားတစ်ဦး၊ အမျိုးသမီး သုံးဦးတို့ လိုက်ပါလာသည့် GG/--- ပရိုဘောက်ယာဉ်က အရှိန်လွန်ဝင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ပရိုဘောက်ယာဉ်ပေါ်တွင်လိုက်ပါလာသည့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦးတို့ ဒဏ်ရာများရရှိခဲ့၍ ဇီးပင်သာအမြန်လမ်းရဲစခန်းက ယာဉ်မောင်း အောင်မြင့်ထွန်းနှင့် ပရိုဘောက်ယာဉ်မောင်း တင်ဦးတို့ကို ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**



# မြန်မာ့ရုပ်မြင်သံကြား

၂၃-၇-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၅ - “စုဒ္ဒသမတိပိဋကဓရ တိပိဋက ကောဝိဒ တိပိဋက ကမ္ဘောဇ ဆရာတော် ဘဒ္ဒန္တဝီရိယနန္ဒ၏ ထေရုပတ္တိမှတ်တမ်း” (အပိုင်း-၂)
- ၇း၀၀ - Breakfast News
- ၇း၄၀ - “မြန်မာ့အမွေအနှစ်ပုဂံမြေ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ပြီး”
- ၈း၅၀ - FDA စကားဝိုင်း “ဆေးဝါးအန္တရာယ် သတိပြုကာကွယ်”
- ၁၀း၃၀ - ရေဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်
- ၁၀း၃၅ - ဥပဒေရေးရာအဖြာဖြာ “အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ CPU ကြောင်း သိကောင်းစရာ”
- ၁၁း၃၀ - ရာသီတုပ်ကွေးရောဂါ တိုက်ဖျက်ရေး ပြည်သူအားလုံး ပါဝင်ပေး(သွေးလွန်တုပ်ကွေး ရောဂါပြင်းထန်လက္ခဏာများ)
- ၁၂း၃၅ - “ရှေးဟောင်းယဉ်ကျေးမှု အမွေပုဂံမြေ”

**ညပိုင်း**

- ၁၆း၃၅ - “ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ”(၁၀၉)
- ၁၈း၃၅ - “ပြည်သူများသို့ Help Line ဝန်ဆောင်မှု”
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ
- ၂၀း၃၅ - “မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်မှသည် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဆီ”
- \- ပညာရေးစကားဝိုင်း “လုပ်ငန်းခွင်နှင့် ဆီလျော်သောဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေးစကားဝိုင်း” (အပိုင်း-၁)
- \- အနုပညာခန်းရိပ်သာ “မန္တလေးသိန်းဇော်နှင့် တွေ့ဆုံခြင်း”
- \- “မျက်ရည်စက်များ ကင်းစေချင်”

# ရွှေဘိုမြို့နယ်တွင် တစ်ရွာတည်းသားချင်း ဓားဖြင့်ခုတ်၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိ

**ရွှေဘို ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ပလိုင်းကျေးရွာတွင် ဇူလိုင် ၂၂ ရက် နံနက် ၄ နာရီခွဲခန့်က နေအိမ်ရှေ့တန်းလျားပေါ်တွင် အိပ်နေသူကို တစ်ရွာတည်းနေသူက ဓားနှင့်ခုတ်သတ်မှုဖြစ်ခဲ့ရာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်းနှင့် ကျူးလွန်သူကို ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဆန်းဦးထံမှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ပလိုင်းကျေးရွာတွင် ဇူလိုင် ၂၂ ရက် နံနက် ၁ နာရီက တရားလိုဖြစ်သူ ဒေါ်စိုး (ခ) ဒေါ်ခင်အုန်းမြင့်သည် သားဖြစ်သူ မောင်ဝဏ္ဏအောင်၊ မောင်သူရအောင်တို့နှင့် နေအိမ်အတွင်း အိပ်ရာဝင်ခဲ့ပြီး ခင်ပွန်းဖြစ်သူ ကိုတွတ်(ခ)ကိုခင်မောင်ဇင်မှာ နေအိမ်ရှေ့တန်းလျားပေါ်တွင် အိပ်ရာဝင်ခဲ့သည်။ နံနက် ၄ နာရီခွဲခန့်တွင် နေအိမ်ရှေ့မှ ဆူညံသံများကြားရသဖြင့် ထွက်ကြည့်ရာ တစ်ရွာတည်းနေ ကိုလင်း (ခ) အောင်လင်းက ခင်ပွန်းဖြစ်သူကို ဓားဖြင့်ခုတ်နေသည်ကို တွေ့ရှိရသဖြင့် ကြောက်လန့်ကာ သားနှစ်ယောက်ကိုခေါ်ပြီး ထွက်ပြေး ခဲ့သည်။ ထိုသို့ထွက်ပြေးစဉ် ကိုလင်း(ခ) အောင်လင်းက သားကြီးဖြစ်သူ မောင်ဝဏ္ဏအောင်ကို ဓားဖြင့်လှမ်းခုတ်လိုက်သဖြင့် သားဖြစ်သူတွင် ယာလက်မောင်း ပြတ်ရှဒဏ်ရာရရှိ၍ ရွှေဘိုပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ်တက်ရောက် ကုသနေရပြီး ခင်ပွန်းဖြစ်သူ ကိုတွတ် (ခ) ကိုခင်မောင်ဇင်မှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကိုလင်း (ခ) အောင်လင်း (၄၆ နှစ်)ကို ရွှေဘိုမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# တာပိန်မြစ်အတွင်း ဓာတ်ပုံဆင်းရိုက်သူနှစ်ဦး ရေစီးနှင့်မျောပါပြီး တစ်ဦးသေဆုံးကာ တစ်ဦးအသက်ရှင်လျက် ရှာဖွေတွေ့ရှိ

**မိုးမောက် ဇူလိုင် ၂၂**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းက တာပိန်မြစ်အတွင်း ဓာတ်ပုံဆင်းရိုက်သူနှစ်ဦး ရေစီးနှင့်မျောပါသွားပြီး တစ်ဦးကို သေဆုံးလျက် ရှာဖွေတွေ့ရှိပြီး ကျန်တစ်ဦးကို အသက်ရှင်လျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း မိုးမောက်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းက ကိုစွမ်းဆောင်နိုင် (၂၂ နှစ်)၊ ကိုသီဟကျော်ဆွေ (၂၅ နှစ်)နှင့် မြို့သစ်တိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အထက်တန်းသူနာပြုဆရာမ မသက်သက်ဇင် (၂၈ နှစ်) သုံးဦးတို့သည် မိုးမောက်မြို့နယ် ရွယ်ကထောင်ကျေးရွာအနီး တာပိန်မြစ်သို့ရောက်ရှိစဉ် မသက်သက်ဇင်နှင့် ကိုစွမ်းဆောင်နိုင်တို့နှစ်ဦးမှာ မြစ်အတွင်းဓာတ်ပုံဆင်းရိုက်ရာမှ ရေစီးနှင့်မျောပါပျောက်ဆုံးနေကြောင်း သတင်းအရ မိုးမောက်မြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်း ရှာဖွေခဲ့သည်။

ဇူလိုင် ၁၉ ရက် ညနေ ၄ နာရီခွဲခန့်တွင် မိုးမောက်မြို့နယ် နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် နယ်မြေခံ တပ်စခန်းအနီး အမျိုးသားတစ်ဦးလမ်းလျှောက်လာသည်ကို တွေ့ရှိခဲ့ကြောင်းနှင့် ၎င်းမှာ တာပိန်မြစ်အတွင်း အထက်တန်းသူနာပြုဆရာမ မသက်သက်ဇင်နှင့်အတူ ရေစီးနှင့်မျောပါသွားသည့် ကိုစွမ်းဆောင်နိုင်ဆိုသူဖြစ်ကြောင်း သိရသည်။ ကိုစွမ်းဆောင်နိုင်၏ ပြောပြချက်အရ ရေစီးနှင့်မျောပါသွားသူ မသက်သက်ဇင်ကို လိုက်လံဆယ်ယူရာမှ နှစ်ဦးစလုံး ရေစီးနှင့်မျောပါသွားခြင်းဖြစ်ပြီး ၎င်းမှာ ကျောက်ဆောင်နှင့်ညပ်ကာ ကျန်ရှိနေခဲ့ပြီး မသက်သက်ဇင်မှာ ဆက်လက်မျောပါသွားခဲ့ကြောင်း ၎င်းမှာ ရေစီးနှင့်မျောပါစဉ် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ပြီး ချောင်း၏ဘယ်ဘက်ကမ်းသို့တက်ရောက်၍ ခြေဦးတည့်ရာ ထွက်ခွာလာရာမှ ယခုတပ်စခန်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက် တာဝန်ရှိသူများက ၎င်းကို မိုးမောက်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး မသက်သက်ဇင်အား ဆက်လက်ရှာဖွေမှုများပြုလုပ်ခဲ့ကြရာ ဇူလိုင် ၂၀ ရက် ည ၁၁ နာရီခွဲခန့်တွင် ရွယ်ကထောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးယော်နန်က အမျိုးသမီးလူသေလောင်း တစ်လောင်း ရေစီးနှင့်မျောပါလာကြောင်း ဆက်သွယ်အကြောင်းကြားခဲ့၍ မိုးမောက်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးသန်းနှင့် သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ရေစီးနှင့်မျောပါသွားသည့် မသက်သက်ဇင်ဖြစ်ပြီး ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိရဘဲ ရေနစ်သေဆုံးသည့် လက္ခဏာတွေ့ရှိခဲ့ကြောင်းနှင့် ရုပ်အလောင်းကို မိုးမောက်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကျောက်တံခါးမြို့၌ ဆိုင်ကယ်ခိုးလာသူလေးဦးကို ဖမ်းဆီးရမိ

**ကျောက်တံခါး ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် စာတိုက်ရပ်ကွက်စွယ်တော်လမ်းထိပ်တွင် ဇူလိုင် ၂၁ ရက် ညနေ ၅ နာရီခွဲက ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်လူငယ်လေးဦးကို တွေ့ရှိ၍ ခေါ်ယူစစ်ဆေးမေးမြန်းရာမှ ဆိုင်ကယ်ခိုးမှုပေါ်ပေါက်ခဲ့သည်။

ကျောက်တံခါးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ရဲအုပ်မိုးဇော်လင်းနှင့် တပ်ဖွဲ့ဝင်များသည် နယ်မြေအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေအတွင်း ခိုး၊ ဆိုး၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဆိုင်ကယ်တစ်စီးဖြင့် လဝင်း (၁၆ နှစ်) မြို့ပတ်(၂)လမ်းကွင်းနောက်ရပ်ကွက် ကျောက်တံခါးမြို့နေသူနှင့် တစ်ရပ်တည်းနေ သန်းဝင်း (၁၄နှစ်)၊ သက်ပိုင်ဦး (၁၃နှစ်)၊ ချစ်ကို (၁၆နှစ်) တို့ လေးဦးကို ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိ၍ ခေါ်ယူစစ်ဆေးမေးမြန်းရာ ၎င်းတို့ပိုင်ဆိုင်သော ဆိုင်ကယ်ဖြစ်ကြောင်း ခိုင်လုံသောအကြောင်းအရာ တစ်စုံတစ်ရာပြောဆိုနိုင်ခြင်း မရှိသဖြင့် ကျောက်တံခါးမြို့မရဲစခန်းတွင် ၎င်းတို့လေးဦးကို ဖမ်းဆီးအမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ပေါ်တူဂီအလယ်ပိုင်း တောမီးလောင်မှု မီးသတ်တပ်ဖွဲ့ဝင် ၂၀၀၀ ခန့်ဖြင့် ငြိမ်းသတ်ရန် ကြိုးစားနေ

လစ္စဘွန်း ဇူလိုင် ၂၂

**ပေါ်တူဂီအလယ်ပိုင်း တောင်တန်းထူထပ်သည့် ဒေသတစ်ခု၌ တောမီးအကြီးအကျယ်လောင်လျက်ရှိရာ မီးသတ်ကယ်ဆယ်ရေး တပ်ဖွဲ့ဝင် ၂၀၀၀ နီးပါးနှင့်အတူ လေယာဉ်များနှင့် ရဟတ်ယာဉ်များက တောမီးငြိမ်းသတ်ရာတွင် ပူးပေါင်းပါဝင်လျက်ရှိကြောင်း သိရသည်။**

၂၀၁၇ ခုနှစ်အတွင်းက အဆိုပါဒေသ၌ ဖြစ်ပွားခဲ့သည့် တောမီးအကြီးအကျယ်လောင်မှုတွင် လူ ၁၀၀ ကျော် သေဆုံးခဲ့ရသည်။ လစ္စဘွန်းမြောက်ဘက် ၂၀၀ ကီလိုမီတာအကွာ သစ်တောထူထပ်သည့် ကက်စတီလိုဘရန်ကို ဒေသအတွင်း၌ တောမီးအကြီးအကျယ်လောင်ကျွမ်းနေမှုကို ငြိမ်းသတ်ရန် အကြီးမားဆုံးလှုပ်ရှားဆောင်ရွက်မှုတစ်ခုအနေဖြင့် မီးသတ်ကယ်ဆယ်ရေးအဖွဲ့ဝင် ၁၇၀၀ နှင့် မော်တော်ယာဉ်ပေါင်း ၄၀၀ ကို ဖြန့်ကြက်ခဲ့သည်။

မီးလောင်မှုအတွင်း လူ ၂၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မီးသတ်ကယ်ဆယ်ရေးအဖွဲ့ဝင် ရှစ်ဦးနှင့် အရပ်သား ၁၂ ဦးတို့ ပါဝင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဖော်ပြသည်။ မီးဆိုးဆိုးရွားရွားလောင်ကျွမ်းခံခဲ့ရသည့် ဒေသခံပြည်သူတစ်ဦးကို ရဟတ်ယာဉ်ဖြင့် လစ္စဘွန်းသို့ ကယ်ဆယ်ရွှေ့ပြောင်းခဲ့သည်။

ဗီလာဒီရိုင် မြူနီစီပယ်ရပ်ကွက်အတွင်း၌ မီးသတ်တပ်ဖွဲ့ဝင် ၈၀၀၊ မော်တော်ယာဉ်ပေါင်း ၂၄၅ စီးနှင့် လေယာဉ်များနှင့်ရဟတ်ယာဉ် ၁၃ စင်းတို့ဖြင့် မီးငြိမ်းသတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ လောင်နေသည့် တောမီးမှာ အရှိန်မသေသေးကြောင်း ပြည်ထဲရေးဝန်ကြီး အက်ဒွါဒိုကာဘရီတာက သတင်းသမားများသို့ ပြောကြားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ပြီး ရဲတပ်ဖွဲ့က မြို့ပြင်၌ မီးရှို့မှုပြုလုပ်ခဲ့သည်ဟု သံသယရှိသည့် အသက် ၅၅ နှစ်အရွယ် အမျိုးသားတစ်ဦးကို ကက်စတီလိုဘရန်ကို၌ ဖမ်းဆီးခဲ့ကြောင်း ပြောကြားခဲ့သည်။

ခက်ခဲသည့် မြေပြင်အနေအထားကြောင့် ဗီလာဒီရိုင်၌ လောင်သည့်မီးကို အနိုင်ရခဲ့ခြင်းမရှိသော်လည်း ၆၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်နိုင်ခဲ့ကြောင်း အဆိုပါဒေသမှ ပြည်သူ့ကာကွယ်ရေးအကြီးအကဲ လူဝစ်ဘီလိုကိုစတာက ပြောသည်။

**အေအက်ဖ်ပီ**



လူနေအိမ်များဆီသို့ နီးကပ်လာသည့် တောမီးလောင်မှုကြောင့် အော်ဟစ်အကူအညီတောင်းနေစဉ်။



ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်(ဝဲ)နှင့် လန်ဒန်မြို့တော်ဝန်ဟောင်း ဘောရစ်ဂျွန်ဆင်(ယာ)

# ဗြိတိန်ဝန်ကြီးချုပ်မဲပေးပွဲ နောက်ဆုံးအချိန်သို့ ရောက်ရှိ

**လန်ဒန် ဇူလိုင် ၂၂**

ဗြိတိန်ဝန်ကြီးချုပ်သစ် ရွေးချယ်ရန်အတွက် မဲပေးမှုမှာ ဇူလိုင် ၂၂ ရက်တွင် ပြီးဆုံးသွားပြီဖြစ်သည်။ မစ္စတာ ဘောရစ်ဂျွန်ဆင်မှာ ဝန်ကြီးချုပ်အသစ်အဖြစ် ရွေးချယ်ခံရမည်ဟု မျှော်လင့်ထားကြသည်။

လန်ဒန် မြို့တော်ဝန်ဟောင်း ဘောရစ်ဂျွန်ဆင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်တို့၏ တစ်လကြာ ယှဉ်ပြိုင်မှုတွင် ကွန်ဆာဗေးတစ်ပါတီဝင်ပေါင်း ၁၆၀၀၀၀ ခန့်က မဲပေးမှုများပြုလုပ်ပြီး ပါတီကိုဦးဆောင်မည့် ခေါင်းဆောင်သစ်ကို ရွေးချယ်ကြခြင်းဖြစ်သည်။

ဇူလိုင် ၂၂ ရက် ညနေ ၅ နာရီတွင် မဲပေးမှုကို ပိတ်သိမ်းခဲ့သည်။ ဇူလိုင် ၂၃ ရက်တွင် ရလဒ်ကို ကြေညာပြီး အနိုင်ရရှိသူမှာ ကွန်ဆာဗေးတစ်ခေါင်းဆောင်သစ် ဖြစ်လာမည်ဖြစ်သည်။

မဲရလဒ်တွင် အနိုင်ရရှိသူသည် ဇူလိုင် ၂၄ ရက်တွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။ ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ဖိလစ်ဟမ်မွန်သည် ဘောရစ်ဂျွန်ဆင်ဝန်ကြီးချုပ်မဖြစ်မီ နုတ်ထွက်သွားမည်ဟု ဇူလိုင် ၂၁ ရက်က ကြေညာခဲ့သည်။

၎င်းသည် ဘောရစ်ဂျွန်ဆင်၏ ဘရစ်ဇစ်နည်းဗျူဟာကို လက်မခံနိုင်သူလည်းဖြစ်သည်။ ဗြိတိန်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်သည့် နောက်ဆုံးလုပ်ဆောင်မှုအဖြစ် ထရီဆာမေသည် ဗြိတိန်နိုင်ငံ၏ အစိုးရအဖွဲ့အရေးပေါ် ကော်မတီအစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ပါရှန်းပင်လယ်ကွေ့၌ သင်္ဘောသွားလာမှုများ လုံခြုံရေးအတွက် ထိန်းသိမ်းမှုများကို ဆွေးနွေးသွားမည်ဟု အရာရှိများနှင့် ဝန်ကြီးများ၏ နောက်ဆုံးသတင်းအချက်အလက်များအရ သိရသည်။

နောက်ဆုံးမဲများကို လန်ဒန်မြို့ရှိ ကွန်ဆာဗေးတစ်ဌာနချုပ်သို့ ပို့ဆောင်မည်ဖြစ်သည်။ အွန်လိုင်းမှ မဲပေးမှုများကို ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အဖွဲ့ဝင် ၁၁၉၉ ခန့်က မဲပေးမှုပြုလုပ်ခဲ့သည်။

**အေအက်ဖ်ပီ**

# ဂျေရုဆလင်မြို့အစွန်အဖျားရှိ ပါလက်စတိုင်းပြည်သူတို့၏ နေအိမ်များကို အစ္စရေးဖြိုချ

**ဂျေရုဆလင် ဇူလိုင် ၂၂**

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့အစွန်ရှိ ပါလက်စတိုင်းပြည်သူတို့၏ နေအိမ်အဆောက်အအုံများကို အစ္စရေးက ဖြိုချဖျက်ဆီးမှုများ စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ခွင့်ပြုချက်မရရှိဘဲ ဆောက်လုပ်နေထိုင်သည်ဟုဆိုကာ ယင်းနေအိမ်များကို ဖျက်ဆီးခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များသည် အရှေ့ဂျေရုဆလင်၏ အရှေ့တောင်ဘက်အစွန်အဖျားတွင် တည်ရှိသည့် ပါလက်စတိုင်း၏ အိမ်နီးချင်းဆာဘဟာဒေသသို့ သွားခဲ့ပြီး လုံခြုံရေးအရံအတားတစ်ခုအနီးတွင် အဆောက်အအုံအများအပြားကို တစ်ညလုံး ဖြိုချခဲ့ကြောင်း Times of Israel သတင်းက ဖော်ပြခဲ့သည်။

ဆာဘဟာဒေသကို ၁၉၆၇ခုနှစ်က ဖြစ်ပွားခဲ့သည့် ခြောက်ရက်ကြာစစ်ပွဲအတွင်း အစ္စရေးနိုင်ငံက သိမ်းပိုက်ခဲ့သည်။ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့သည် အဆိုပါဧရိယာအတွင်း ပါလက်စတိုင်းဒေသခံများ၏ နေအိမ်အဆောက်အအုံများကို ဖြိုချမည်ဟု အစ္စရေးက ခြိမ်းခြောက်လျက်ရှိကြောင်း ဇူလိုင် ၂၁ ရက်တွင် သတိပေးခဲ့ပြီး နိုင်ငံတကာစည်းမျဉ်းများအရ ယင်းလုပ်ရပ်မှာ ရာဇဝတ်မှုကျူးလွန်ခြင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ် ဆောင်ရွက်ပေးရန်အတွက်လည်း တိုက်တွန်းလျက်ရှိသည်။

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ပူးပေါင်းဆောင်ရွက်သူ ဂျမီမက်ဂိုးလ်ရစ်နှင့် အခြားကုလသမဂ္ဂ အာဏာပိုင်များသည် နေအိမ်များကို ဖြိုချမည့် အစ္စရေး၏ အစီအစဉ်ကို ရပ်တန့်ရန် ပြီးခဲ့သည့် ရက်သတ္တပတ်က တိုက်တွန်းတောင်းဆိုခဲ့သော်လည်း အစ္စရေးက ဖြိုချဖျက်ဆီးမှုလုပ်ဆောင်ခဲ့သည်။

**ဆင်ဟွာ**



ဂျေရုဆလင်မြို့စွန်ရှိ နေအိမ်တစ်လုံးကို ဖြိုချနေစဉ်။

# အီရန်မှ စီအိုင်အေ စပိုင်ကွန်ရက်ကို ဖြိုဖျက်

**တီဟီရန် ဇူလိုင် ၂၂**

အီရန်ထောက်လှမ်းရေးဝန်ကြီးဌာနသည် တိုင်းပြည်အတွင်းရှိ အမေရိကန်ထောက်လှမ်းရေး အေဂျင်စီဖြစ်သည့် စီအိုင်အေအတွက် အလုပ်လုပ်ကိုင်ပေးနေသည့် စပိုင်ကွန်ရက်ကို ဖြိုခွဲလိုက်ပြီးဖြစ်ကြောင်း ဇူလိုင် ၂၂ ရက်က ကြေညာခဲ့သည်။ အဆိုပါ ကွန်ရက်နှင့်ဆက်စပ်မှုရှိသည့် လူ ၁၇ နှစ်ဦးကို ဖမ်းဆီးခဲ့သည်ဟု နိုင်ငံ၏ သတင်းအေဂျင်စီဖြစ်သည့် အိုင်အာအန်အေသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ ဖမ်းဆီးခံထားရသူများထဲမှ အချို့ကို သေဒဏ်ချမှတ်ခဲ့ပြီး ဖမ်းဆီးခံထားရသူများ၏ အမည်များကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

ဖမ်းဆီးခံထားရသူများမှာ အီရန်နိုင်ငံ၏စီးပွားရေး၊ နျူကလီးယားအစီအစဉ်၊ အခြေခံအဆောက်အအုံ၊ စစ်ရေးနှင့် ဆိုက်ဘာကဏ္ဍတို့တွင် ထောက်လှမ်းရန် တာဝန်ပေးခံထားရသူများဖြစ်သည်။ ၎င်းတို့သည် သတင်းအချက်အလက်များကို စုစည်းပေးရကြောင်းလည်း ပရက်စ်တီဗွီတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

**နိုင်ငံတကာ သတင်းတိုထွာ**

## တောင်ကိုရီးယား ဆန္ဒပြသူများ ဂျပန်ကောင်စစ်ဝန်ရုံးအတွင်းသို့ ဝင်ရောက်

**ဆိုးလ် ဇူလိုင် ၂၂**
ဂျပန်ကောင်စစ်ဝန်ရုံးအတွင်းသို့ တရားမဝင် ဝင်ရောက်ခဲ့သည့် လူခြောက်ဦးကို တောင်ကိုရီးယားရဲများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ အဆိုပါ လူခြောက်ဦးမှာ ဇူလိုင် ၂၂ ရက်က ဘူဆန်မြို့ရှိ ဂျပန်ကောင်စစ်ဝန်ရုံးအတွင်းသို့ ဝင်ရောက်ခဲ့သည်ဟု စွပ်စွဲခံထားရခြင်း ဖြစ်သည်။

အဆိုပါအုပ်စုတွင် တက္ကသိုလ်ကျောင်းသားများ ပါဝင်ပြီး ဂျပန်အစိုးရကို ဝေဖန်ထားသည့်စာများပါ ကတ်ပြားများကို သယ်ဆောင်ခဲ့ကြသည်။

လက်ရှိတွင် ဂျပန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံအပေါ် ပို့ကုန်အချို့တွင် တင်းကျပ်မှုများ ပြုလုပ်ခဲ့ရာ ယင်းဖြစ်ရပ်ကို ဆန္ဒပြရန် ဂျပန်ကောင်စစ်ဝန်ရုံးအတွင်းသို့ ယင်းအုပ်စု ဝင်ရောက်သွားခြင်းဖြစ်နိုင်သည်ဟု ရဲများက ယုံကြည်ကြသည်။ **အင်န်အိတ်ချ်ကေ**

## ရွှေ့ပြောင်းအခြေချမည့် လူအုပ်စု လျော့ကျလာ၍ မက္ကဆီကိုကို အမေရိကန်က ချီးကျူး

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၂**
အမေရိကန်ပြည်ထောင်စုသို့ ဦးတည်လာသည့် ရွှေ့ပြောင်းသွားလာသူလူအုပ်ကြီးကို အရှိန်နှေးသွားအောင် မက္ကဆီကိုက သိသိသာသာ လုပ်နိုင်ခဲ့သည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောသည်။

ဇူလိုင် ၂၁ ရက်က မက္ကဆီကိုစီးတီးတွင် မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီး မာစီလိုအဲဘရက်ဒ်နှင့် တွေ့ဆုံစဉ် မက္ကဆီကို၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။ ရွှေ့ပြောင်းအခြေချနေထိုင်သူများ အရေးကိစ္စတွင် မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးက အထူးအားထုတ်ခဲ့သည့်အတွက် မိုက်ပွန်ပီအိုက ကျေးဇူးတင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

မက္ကဆီကို၏ ကြိုးပမ်းမှုကြောင့် အမေရိကန်တောင်ပိုင်းနယ်စပ်သို့ ရောက်ရှိလာမည့် တရားမဝင်ခိုးဝင်သူများကို လျှော့ချလာနိုင်ရေး ဦးတည်လာပြီဖြစ်ကြောင်းလည်း ဆက်လက် ပြောကြားခဲ့သည်။ လွန်ခဲ့သည့် မေလအတွင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကို လျှော့ချရန် မက္ကဆီကိုက လုံလုံလောက်လောက် စွမ်းဆောင်နိုင်ခြင်းမရှိသည့်အတွက် မက္ကဆီကို ပို့ကုန်များကို အခွန်စည်းကြပ်မှုများ ပြုလုပ်ခဲ့သည်။

ထိုအချိန်မှစ၍ မက္ကဆီကိုနိုင်ငံသည် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်နိုင်ရေး အရှိန်အဟုန်မြှင့်တင်ခဲ့ပြီး နယ်စပ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ချထားမှုများကိုလည်း ဆောင်ရွက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ချန်ဒရာယန် ၂ ရဲ့လကမ္ဘာဆီသွားမယ့် ဒုတိယမစ်ရှင်

**ကလျာမိုးမြင့်**

• • • • • • • •

မကြာသေးခင်အချိန်ကမှ လပေါ်သွားမယ့် မစ်ရှင်တစ်ခုအဖြစ် အာကာသယာဉ်တစ်စင်းကို လွှတ်တင်ဖို့ လုပ်ဆောင်ခဲ့တဲ့ အိန္ဒိယနိုင်ငံဟာ နည်းပညာဆိုင်ရာ ချွတ်ယွင်းမှုတစ်ခုကြောင့် အာကာသယာဉ်လွှတ်တင်မှုကို ရပ်ဆိုင်းလိုက်ပြီးနောက် တစ်ပတ်အကြာမှာပဲ အဲဒီမစ်ရှင်ကို ဒုတိယအကြိမ် ပြန်ကြိုးစားခဲ့ရာမှာ အာကာသယာဉ်ကို အောင်မြင်စွာလွှတ်တင်လိုက်နိုင်ပြီဖြစ်ပါတယ်။



အိန္ဒိယနိုင်ငံက လွှတ်တင်လိုက်သည့် ချန်ဒရာယန် ၂ အာကာသယာဉ်။

### ပိုမိုသန်မာ

ချန်ဒရာယန် ၂ အာကာသယာဉ်ကိုဇူလိုင် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၄၃ မိနစ်မှာ ဆရီဟာရီကိုတာ အာကာသစခန်းကနေ လွှတ်တင်လိုက်ကြောင်း အိန္ဒိယအာကာသအေဂျင်စီက ဆိုထားပါတယ်။ အာကာသယာဉ်ဟာ ဘီလီယံနဲ့ချီတဲ့ စိတ်ကူးအိပ်မက်တွေကို လကမ္ဘာဆီကို ယူဆောင်သွားဖို့ အသင့်ဖြစ်နေခဲ့ပြီဖြစ်ပြီး ယခင်အချိန်ကထက်တောင် ပိုပြီးသန်မာနေပြီလို့ အဲဒီအေဂျင်စီက ပြောပါတယ်။

အမေရိကန်ဒေါ်လာသန်းပေါင်း ၁၅၀ (ယူရိုဒေါ်လာသန်းပေါင်း ၁၂၀ ) တန်ဖိုးရှိတဲ့ အဲဒီမစ်ရှင်ကတော့ လရဲ့ တောင်ဘက်ဝင်ရိုးပေါ်မှာ ခြေချမယ့်မစ်ရှင်ပါပဲ။

### မစ်ရှင်ရပ်တန့်

ပြီးခဲ့တဲ့ ဇူလိုင် ၁၅ ရက်က အာကာသယာဉ်လွှတ်တင်မယ့် မစ်ရှင်မှာ လွှတ်တင်ဖို့ ၅၆ မိနစ်အလိုမှာ ရပ်တန့်သွားခဲ့ပါတယ်။ အကြောင်းကတော့ လွှတ်တင်မယ့် အာကာသယာဉ်ရဲ့စနစ်အတွင်းမှာ နည်းပညာဆိုင်ရာ ချွတ်ယွင်းမှုတစ်ခုကို တွေ့ရှိခဲ့လို့ပဲ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ အိန္ဒိယမီဒီယာတွေမှာ ဖော်ပြကြတာကတော့ ဒုံးပျံရဲ့ အင်ဂျင်ထဲမှာရှိတဲ့ ဟီလီယံဓာတ်ငွေ့ သိုလှောင်ခန်းတစ်ခုကနေ ယိုစိမ့်မှုဖြစ်ပွားခဲ့တာကြောင့် အာကာသယာဉ်လွှတ်တင်မယ့် မစ်ရှင်ပျက်ရတယ်လို့ ဆိုပါတယ်။

မစ်ရှင်နှောင့်နှေးကြန့်ကြာမှုဖြစ်ခဲ့ပေမယ့် အကူအညီပေးခဲ့ကြသူတွေအားလုံးကို အိန္ဒိယအာကာသအေဂျင်စီက ကျေးဇူးတင်စကားဆိုခဲ့ပါတယ်။

### ဘယ်လိုမစ်ရှင်မျိုးလဲ

အိန္ဒိယနိုင်ငံရဲ့ ပထမဆုံးလကမ္ဘာဆီသွားတဲ့ မစ်ရှင်ကို ၂၀၀၈ ခုနှစ်မှာ တစ်ကြိမ်လုပ်ဆောင်ခဲ့ပြီး အဲဒီမစ်ရှင်မှာ ချန်ဒရာယန် ၁ ဟာလမျက်နှာပြင်ပေါ် ခြေချခဲ့ခြင်းမရှိပေမယ့် ရေဒါကိုအသုံးပြုပြီး လပေါ်က ရေကို ရှာဖွေတဲ့လုပ်ငန်းစဉ်တစ်ခုကို ပထမဆုံးနဲ့ အသေးစိတ်အကျဆုံး ဆောင်ရွက်ခဲ့ပါတယ်။

ဒုတိယအကြိမ်မစ်ရှင်မှာ ချန်ဒရာယန် ၂ အာကာသယာဉ်ဟာ လရဲ့တောင်ဘက်ဝင်ရိုးအနီးမှာ ဆင်းသက်ရပ်နားဖို့ ကြိုးစားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ဒုတိယမစ်ရှင်မှာ အလေးပေးဆောင်ရွက်သွားမယ့် အရာတွေကတော့ လမျက်နှာပြင်ကို အဓိကထားပြီး ရေနဲ့ ဓာတ်သတ္တုတွေ ရှာဖွေမှုနဲ့ လမျက်နှာပြင်ပေါ်မှာဖြစ်တဲ့ တုန်ခါမှုတွေကို တိုင်းတာ စစ်ဆေးမှုတွေလုပ်ဆောင်မှာ ဖြစ်ပါတယ်။

### ပမာဏ

အိန္ဒိယနိုင်ငံဟာ ယခုမစ်ရှင်အတွင်းမှာ ၎င်းရဲ့ အစွမ်းအထက်ဆုံး ဒုံးပျံကို အသုံးပြုနေတာ ဖြစ်ပါတယ်။

အဲဒီဒုံးပျံဟာ တန်ချိန်အားဖြင့် ၆၄၀ ရှိသည်။ ဝန်အပြည့်တင်ဆောင်ထားတဲ့ ၇၄၇ ဂျမ်ဘိုဂျက်လေယာဉ်ရဲ့ အလေးချိန်ထက် တစ်ဆခွဲနီးပါးလောက်ရှိပြီး ယာဉ်ရဲ့အမြင့် ၄၄ မီတာရှိတာကြောင့် ၁၄ ထပ်အဆောက်အအုံရဲ့အမြင့်လောက်ရှိပါတယ်။

### ထင်ရှားတဲ့ အစိတ်အပိုင်းသုံးခု

အာကာသယာဉ်ဟာ အလေးချိန် ၂ ဒသမ ၃၇၉ ကီလိုဂရမ် ရှိပြီး ထင်ရှားတဲ့အစိတ်အပိုင်း သုံးပိုင်းရှိပါတယ်။ ဂြိုဟ်ပတ်လမ်းကြောင်းအတိုင်းပတ်တဲ့အပိုင်းဟာ လမျက်နှာပြင်ပေါ်က ပုံရိပ်တွေကို ရယူပြီး အလွန်သေးမျှင်တဲ့ ခိုင်မာမှုမရှိတဲ့ လေထုကို ရှာဖွေ ဖော်ထုတ်ပေးမှာ ဖြစ်ပါတယ်။ ဗစ်ကရမ်လို့ အမည်ပေးထားတဲ့ ဆင်းသက်ရပ်နားမှုအပိုင်းဟာဆိုရင် ယာဉ်ရဲ့ထက်ဝက်စာ အလေးချိန်ပမာဏရှိပြီး သူ့ရဲ့ ဝမ်းပိုင်းမှာ ၂၇ ကီလိုဂရမ်ရှိတဲ့ လပေါ်သွားယာဉ်တစ်ခုနဲ့ ဆက်စပ်ကိရိယာတွေကို သယ်ဆောင်လာပါတယ်။

သူကတော့ လရဲ့ မြေပြင်ကို ခွဲခြမ်းစိတ်ဖြာလေ့လာဖို့ပါ။ ၁၄ ရက်ကြာမြင့်မယ့် အချိန်အတွင်းမှာ လပေါ်သွားယာဉ်ကနေ ကီလိုမီတာ တစ်ဝက်လောက်အထိသွားပြီး အချက်အလက်တွေနဲ့ ပုံရိပ်တွေကို လေ့လာစိစစ်မှုတွေအတွက် ကမ္ဘာမြေဆီပြန်ပို့ပေးမှာ ဖြစ်ပါတယ်။ လပေါ်သွားယာဉ်က သူ့အလုပ်သူ လုပ်ပြီးသွားပြီဆိုတာနဲ့ လရဲ့ မျက်နှာပြင်ပေါ်မှာ ပထမဆုံးအကြိမ် ဆယ်ဖီပုံရိုက်ဖို့ အိန္ဒိယနိုင်ငံက မျှော်လင့်လို့ရပြီ အိန္ဒိယအာကာသအေဂျင်စီအကြီးအကဲ ဒေါက်တာကေစီဗန်က ပထမအကြိမ်အာကာသယာဉ်လွှတ်တင်မှု မပြုလုပ်ခင်က ပြောခဲ့ပါတယ်။

### ဘယ်လောက်ကြာမယ့်ခရီးလဲ

အာကာသယာဉ်လွှတ်တင်မှုဟာ ကီလိုမီတာပေါင်း ၃၈၄၀၀၀ ကွာဝေးတဲ့ ခရီးစဉ်ကိုစတင်လိုက်တာပါပဲ။ အာကာသအေဂျင်စီအနေနဲ့ကတော့ လဆင်းယာဉ်ဟာ စက်တင်ဘာ ၆ ရက် သို့မဟုတ် ၇ ရက်လောက်မှာ လကမ္ဘာကို ထိတွေ့နိုင်လိမ့်မယ်လို့ မျှော်မှန်းလျက်ရှိပါတယ်။

၎င်းတို့ဟာ ကမ္ဘာမြေကြီးရဲ့ဆွဲအားကို အခွင့်ကောင်းယူနိုင်မယ့် လမ်းကြောင်းအနေနဲ့ အဖြောင့်မဟုတ်ဘဲ ကွေ့ပတ်သွားတဲ့ လမ်းကြောင်းကို ရွေးချယ်လိုက်ပါတယ်။ ကမ္ဘာ့ဆွဲအားက အာကာသယာဉ်ကို လကမ္ဘာပေါ် တွန်းထုတ်ပင့်တင်ပေးနိုင်အောင် ကူညီပေးမှာမို့လို့ပါပဲ။ အိန္ဒိယနိုင်ငံရဲ့ ဒုံးပျံဟာ ချန်ဒရာယန် ၂ ကို တိုက်ရိုက်လမ်းကြောင်းပေါ်အထိ ရောက်ရှိအောင် ခုန်ပျံဝင်ရောက်နိုင်ဖို့ လုံလောက်တဲ့ စွမ်းအားမရှိပါဘူး။

### ပျက်ကျမှုဖြစ်နိုင်

သိပ္ပံပညာရှင်တွေအတွက် လဆင်းယာဉ်ကို လွှတ်လိုက်တဲ့အချိန်မှာ အချိန် ၁၅ မိနစ်ရရှိမှာဖြစ်ပြီး လရဲ့တောင်ဘက်ဝင်ရိုးဆီကို ရောက်ရှိသွားမှာဖြစ်တယ်လို့ ဒေါက်တာစီဗန်က ရှင်းပြခဲ့ပါတယ်။ အာကာသယာဉ်ကို ထိန်းချုပ်နေတဲ့သူတွေဟာ အဲဒီကိစ္စနောက်ပိုင်းမှာအရေးကြီးတဲ့ အချိန်ခဏလေးအတွင်း သူတို့ပါဝင်ဆောင်ရွက်နိုင်တဲ့ အပိုင်းရှိတော့မှာ မဟုတ်ဘူး။

အမှန်တကယ် ဆင်းသက်ရပ်နားတာဟာ လုပ်သင့်တဲ့ အလုပ်တွေကို ဆောင်ရွက်နေတဲ့ စနစ်တွေအားလုံးအပေါ် မူတည်သွားပြီဖြစ်တဲ့ ကိုယ်ပိုင်လုပ်ဆောင်ခွင့်ရှိသော လည်ပတ်မှုတစ်ခု ဖြစ်သွားပြီ။ ဒါမှမဟုတ် လဆင်းယာဉ်ဟာ လရဲ့မျက်နှာပြင်ပေါ်မှာလည်း ပျက် ကျချင် ပျက်ကျသွားနိုင်တယ်လို့ ၎င်းက ပြောပါတယ်။ ယခုနှစ်အစောပိုင်းမှာတုန်းက အစ္စရေးရဲ့ ပထမဆုံးလပေါ်သွားတဲ့ မစ်ရှင်တစ်ခုမှာ လပေါ်ထိ တွေ့ဆင်းသက်ဖို့ ကြိုးပမ်းနေစဉ်အတွင်းမှာပဲ ပျက်ကျမှု ဖြစ်ခဲ့ပါတယ်။

### ဘယ်သူတွေပါဝင်သလဲ

အိန္ဒိယနိုင်ငံရဲ့ယခုမစ်ရှင်မှာ အင်ဂျင်နီယာတွေနဲ့ သိပ္ပံပညာရှင်တွေ အယောက်တစ်ထောင်နီးပါးလောက် အလုပ်လုပ်ခဲ့ကြပါတယ်။

သို့သော်လည်းပဲ ပထမဆုံးအကြိမ် ဂြိုဟ်တုအချင်းချင်း သိပ္ပံပညာရပ်နဲ့ဆိုင်တဲ့ အချက်အလက်တွေရှာဖွေတဲ့ ခရီးကိုဦးဆောင်ဖို့အတွက် အိန္ဒိယအာကာသအေဂျင်စီက အမျိုးသမီးတွေကို ရွေးချယ် ခဲ့ပါတယ်။

ဒီတော့ အိန္ဒိယရဲ့ လကမ္ဘာဆီသွားမယ့်ခရီးစဉ်ကို အမျိုးသမီးနှစ်ဦးက ဦးဆောင်နေပါတယ်။ ပရိုဂရမ်ဒါရိုက်တာ မူသယာဗနီသာဟာချန်ဒရာယန် ၂ ကို နှစ်တွေအတော်ကြာအောင် ပြုစုပျိုးထောင်လာခဲ့သူတစ်ဦးအဖြစ် မြင်တွေ့ရပြီး ရီသူကာရီဒယ်က လမ်းကြောင်းအတိုင်း မောင်းနှင်မှုပြုလုပ်မှာဖြစ်တယ်လို့ သိရပါတယ်။ ။

**ကိုးကား- ဘီဘီစီ၊ အေအက်ဖ်ပီ**

## ရေဘေးအသိပညာပေး

### ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။



၂။ ရေကြီးသော ဒေသများတွင် မြစ်၊ချောင်း ကမ်းပါး တိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်။



၃။ ရေထဲတွင် ရေကူးခြင်း လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။





၄။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

### ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရ ဌာနမှ ထုတ်ပြန် ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင် များအား စနစ်တကျမီးရှို့ ခြင်း(သို့) မြေမြှုပ်ခြင်း များပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်း ကြားပြီး ကူညီ ရှင်းလင်းပါ။



၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင် သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



### ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။

၂။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။

၃။ ရေစိုပြီး အနံ့အသက် မကောင်းသော အစား အစာများမစားပါနှင့်။





၄။ ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက် ပါနှင့်။

# ဒီးမော့ဆိုမြို့နယ် ခူးပရာ(အထက်) ကျေးရွာနှင့် ခူးပရာ(အောက်) ကျေးရွာ နှစ်ရွာ မကြာမီ မီးလင်းတော့မည်

**ဒီးမော့ဆို ဇူလိုင် ၂၂**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း လျှပ်စစ်မီး မရရှိသေးသော ကျေးရွာများတွင် လျှပ်စစ်မီးရရှိရေးအတွက် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများခွဲဝေ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဒီးမော့ဆိုမြို့နယ်တွင် ၄၀၀ ဗို့လိုင်း တိုးချဲ့တည်ဆောက်ခြင်း၊ ခွဲရုံတိုးချဲ့တည်ဆောက်ခြင်းနှင့် လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများအား လျှပ်စစ်မီးရရှိအောင် တိုးချဲ့တည်ဆောက်ခြင်းစသော လျှပ်စစ်မီးရရှိရေးလုပ်ငန်း ငါးခုကို ရန်ပုံငွေကျပ် ၂၇၆ ဒသမ ၀၁၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဒီးမော့ဆိုမြို့နယ်တွင် လျှပ်စစ်မီးရရှိရေးအတွက် လုပ်ငန်းငါးခုကို ဆောင်ရွက်လျက်ရှိရာ ခူးပရာ(အထက်) ကျေးရွာနှင့် ခူးပရာ(အောက်) ကျေးရွာနှစ်ရွာသည် လျှပ်စစ်မီး မရရှိသေးသော ကျေးရွာဖြစ်ပြီး လျှပ်စစ်မီးရရှိအောင် လိုဘာခိုကျေးရွာမှ ၁၁ ကေဗွီလိုင်း ၅ ဒသမ ၅ မိုင် သွယ်တန်းပြီး ကျေးရွာတွင်း လိုအပ်သော ၄၀၀ ဗို့လိုင်း ၁ ဒသမ ၆ မိုင်နှင့် ၅၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံးကို တပ်ဆင်ပြီးစီးခဲ့ပြီဖြစ်၍ ယခုအခါ နေအိမ်များတွင် မီတာများ တပ်ဆင်နိုင်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်တာဝန်ခံ ဦးသီဟဝင်းထံမှ သိရသည်။

အဆိုပါကျေးရွာများသည် ဒီးမော့ဆိုမြို့နှင့် မိုင် ၄၀ ဝန်းကျင်ခန့် ကွာဝေးလျက်ရှိပြီး ခူးပရာ (အထက်)ကျေးရွာတွင် အိမ်ခြေ ၆၅ အိမ်၊ လူဦးရေ ၃၁၀၊ ခူးပရာ(အောက်)ကျေးရွာတွင် အိမ်ခြေ ၅၀၊ လူဦးရေ ၃၁၃ ဦးရှိကာ မကြာမီ လျှပ်စစ်မီး မီးလင်းတော့မည်ဖြစ်သည်။

ဒီးမော့ဆိုမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၇၆ ဒသမ ၀၁၃ သန်းဖြင့် လျှပ်စစ်မီးရရှိရေးအတွက် ဒိုင်းနင်းအေးသာယာကျေးရွာတွင် လိုအပ်သော ၄၀၀ ဗို့လိုင်း ၀ ဒသမ ၄၅ မိုင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း၊ လော်ပလိုခိုကျေးရွာတွင် ၄၀၀ ဗို့လိုင်း ၀ ဒသမ ၂၇ မိုင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း၊ ဖောင်းတောကျေးရွာတွင် ၁၁ ကေဗွီလိုင်း ပေ ၅၀၀၊ (၁၁/၀ ဒသမ ၄) ကေဗွီ ၁၀၀ ကေဗွီအေ ခွဲရုံတစ်ရုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်မီးမရရှိသေးသော ခူးပရာ(အထက်) ကျေးရွာနှင့် ခူးပရာ (အောက်) ကျေးရွာနှစ်ရွာအတွက် ၁၁ ကေဗွီလိုင်း ၅ ဒသမ ၅ မိုင် သွယ်တန်းခြင်း၊ ၄၀၀ ဗို့လိုင်း ၁ ဒသမ ၆ မိုင် တိုးချဲ့ခြင်းနှင့် ကျေးရွာနှစ်ရွာအတွက် ၅၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံး တပ်ဆင်ခြင်းလုပ်ငန်းများကို လရိပ်ကမ်းခြေကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**



ဒီးမော့ဆိုမြို့နယ်၌ မီးလင်းရေးတပ်ဆင်တည်ဆောက်ထားသော ထရန်စဖော်မာ တစ်ခုကို တွေ့ရစဉ်။

# ကသာမြို့၌ ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စု ပုံစံ (၁၀)များ အခမဲ့ထုတ်ပေး



ကသာမြို့၌ ရေဘေးသင့်မိသားစုများအတွက် အိမ်ထောင်စု ပုံစံ(၁၀)များ အခမဲ့ထုတ်ပေးစဉ်။

**ကသာ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနရုံးမှ အိမ်ထောင်စုပုံစံ (၁၀) များ ရေစိုစုတ်ပြဲခြင်း၊ ပျက်စီးဆွေးမြည့်ကာ မထင်မရှားဖြစ်နေသော အိမ်ထောင်စုများအတွက် အိမ်ထောင်စုပုံစံ (၁၀) များ အခမဲ့အသစ်ပြန်လည် ထုတ်ပေးခြင်းကို ယမန်နေ့က ကသာမြို့ အမှတ် (၃) ရပ်ကွက် မဟာလေးထပ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံရှိ ရေဘေးကယ်ဆယ်ရေးစခန်း၌ ဆောင်ရွက်သည်။

အဆိုပါ အိမ်ထောင်စုပုံစံ (၁၀) များ အသစ်ပြန်လည်ထုတ်ပေးရာတွင် ဒုလဝကမှူး ဦးမျိုးဇော်သက် ဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ အိမ်ထောင်စုစာရင်းများကို ရုံးလက်ခံမှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးရေးသွင်းပြီး ကသာမြို့နယ်အတွင်း ရေဝတီမြစ်ရေတက်မှုကြောင့် ရေဘေးကယ်ဆယ်ရေး စခန်းသို့ ပြောင်းရွှေ့ခဲ့ရသော ပုလွေရွှေကျေးရွာအုပ်စု ရေလယ်ကျွန်းကျေးရွာမှ ရေဘေးသင့် အိမ်ထောင်စု ၃၇ စုတို့အတွက် အိမ်ထောင်စုပုံစံ (၁၀) များအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံတို့ထံ လက်ဝယ်ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းထက် (ပြန်/ဆက်)**

# ဟိုပင်၌ ဆင်တုပ်ကွေးရောဂါ အခမဲ့ကုသပေး

**ဟိုပင် ဇူလိုင် ၂၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့၌ ဆင်တုပ်ကွေးရောဂါ အဖြစ်များသဖြင့် ဟိုပင်မြို့မြို့တော်ခန်းမ၌ ယမန်နေ့ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ် အခမဲ့ကုသပေးလျက်ရှိသည်။

အဆိုပါဆေးကုသခြင်းကို ခရိုင်ကျန်းမာရေးမှူး ဦးလှဌေးဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းမှ ဆေးဗိုလ်ကြီး ဒေါက်တာရန်မျိုးအောင်နှင့်အဖွဲ့၊ မေတ္တာရိပ်အဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းငွေများဖြင့် တစ်ရက်လျှင် လူနာ ၅၀၀ ကျော်ကို အခမဲ့ကုသပေးလျက်ရှိသည်။

ထို့အပြင် တပ်မတော်အထွေထွေနယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ ကလေးအထူးကုပါရဂူ ဗိုလ်ကြီးစိုင်းမျိုးထွဋ် ဦးဆောင်သည့် အထွေထွေရောဂါအထူးကုပါရဂူနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းများမှ ဆေးဗိုလ်ကြီးနှင့် ဆေးမှူးများ၊ ဟိုပင်မြို့လူမှုကူညီရေးအသင်းအဖွဲ့ဝင်များက အထက တေဇခန်းမ၌ ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်က အခမဲ့ကုသပေးခဲ့သည်။

ယင်းဆေးကုသရာနေရာများသို့ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့် ဌာနဆိုင်ရာများက လူနာများအား ကြည့်ရှုအားပေးခဲ့ကြပြီး ဆင်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ခရိုင်ကျန်းမာရေးမှူး ဦးလှဌေးက ပြောကြားခဲ့သည်။ ယင်းဆေးကုသခြင်းကို ဟိုပင်မြို့နယ်အတွင်းရှိ ဆင်တုပ်ကွေးရောဂါသည်များ လျော့ကျသည်အထိ ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုးတိုးမေ - ဟိုပင်**



ဟိုပင်မြို့၌ ဆင်တုပ်ကွေးရောဂါ ဆေးကုသမှု အခမဲ့ကုသပေးနေစဉ်။

# ၄၉ လမ်းဘေးဝဲယာနှစ်ဖက်ရှိ ရေမြောင်းများတွင် အမှိုက်များရှင်းလင်း

**ပုဇွန်တောင် ဇူလိုင် ၂၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်တွင် ရေမြောင်းများ ရေလျှံမှုမဖြစ်ပေါ်စေရန်နှင့် အများပြည်သူ အဆင်ပြေစေရန် ၄၉ လမ်း ဘေးဝဲယာနှစ်ဖက်ရှိ ရေမြောင်းများတွင် အမှိုက်များ ရှင်းလင်းခြင်းကို မြို့နယ်စည်ပင်မှ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မြတ်သူ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးစစ်မြင့်၊ မြို့နယ် စည်ပင်သာယာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်(၁) ဦးမင်းဇော်နှင့် အဖွဲ့ဝင်(၂) ဦးညီညီအောင်တို့က ကြီးကြပ်ပြီး မြို့နယ်စည်ပင်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုဘုန်း (ပြန်/ဆက်)**

# ရေနံချောင်းမြို့ စိမ်းလန်းစိုပြည်ရေး ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက သစ်ပင်များစိုက်ပျိုး

**ရေနံချောင်း ဇူလိုင် ၂၂**

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၏ ဦးဆောင်မှုဖြင့် ရေနံချောင်းမြို့ စိမ်းလန်းစိုပြည်ရေးနှင့် အပူချိန်လျှော့ချရေးအတွက် ရွှေပါရမီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက်ပိုင်းက ရေနံချောင်းမြို့၌ ကျင်းပရာ အရိပ်ရအပင် ၁၃၅၀ စိုက်ပျိုးခဲ့ကြသည်။

ရွှေပါရမီ သစ်ပင်စိုက်ပျိုးပွဲတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ သရုပ်ဆောင်နေထူးနိုင်နှင့် မြန်မာ့ရုပ်ရှင်နှင့်ဗီဒီယို ဇာတ်ပို့ဇာတ်ရံများ၊ တပည့်ဒါယကာ ဒါယိကာမများက ဥတုလွင်ပြင် စိန်းစိုရှင်ဖို့ သစ်ပင်စိုက်မည် ရွှေပါရမီ ဆောင်ပုဒ်ဖြင့် အမြင့် ၁၅ ပေရှိ ခရေပင် ၆၀ ၊ အမြင့် ခုနစ်ပေရှိ ခရေပင် ၁၅၀ ၊ အမြင့် ငါးပေရှိ ယိုးဒယားခရေပင် ၂၀ ၊ အမြင့် ငါးပေရှိ ခရေပင် ၁၀၀၀၊ အမြင့် ခုနစ်ပေရှိ ငုဝါပင် ၂၀ ၊ အမြင့် ခုနစ်ပေရှိ ဗာဒံပင် ၇၅ ပင်၊ အမြင့် ငါးပေရှိ စိန်ပန်းပြာပင် ငါးပင်၊ အမြင့် ငါးပေရှိ စိန်ပန်းနီပင် ၁၀ ပင်နှင့် အမြင့် လေးပေရှိ ထိုင်ဝမ်ဗာဒံပင် ၁၀ ပင်တို့ကို ဖူးစာကုန်း၊ မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၄)အနီး ကျောက်စာရုံကုန်းတော်နှင့် ဘိုကုန်း ရပ်ကွက်တို့၌ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကိုစိုးကြီး(ပြန်/ဆက်)**



ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက သစ်ပင်စိုက်ပျိုးပေးစဉ်။

# အများပြည်သူတောင်းဆိုမှုအရ ဗိုလ်ချုပ်ရင်ပြင်တွင်ပြသထားသော အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ဓာတ်ပုံမှတ်တမ်းများ ရက်တိုးပြသမည်

**မြောင်းမြ ဇူလိုင် ၂၂**

(၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပသော ဗိုလ်ချုပ်ရင်ပြင်၌ ပြည်သူအများ လေ့လာမှတ်သားနိုင်စေရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိနှင့် မှတ်တမ်းဓာတ်ပုံများကို မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားရာ မြို့နေပြည်သူများ စိတ်ဝင်စားစွာ လေ့လာခဲ့ကြပြီး ရက်တိုးမြှင့်ပြသသွားမည်ဖြစ်သည်။

"ပြည်သူတွေက မနက်ပိုင်း၊ နေ့လယ်ပိုင်းတွေမှာ မအားကြဘူး။ ညနေခင်းအချိန်မှာ မိသားစုအလိုက် ကျောင်းသားကျောင်းသူတွေ ၊ ရပ်ကွက်နေပြည်သူတွေ ပန်းခြံမှာ အနားယူရင်း လာပြီးလေ့လာကြတာများတယ်။ ဒါကြောင့် သက်ဆိုင်ရာကို ရက်တိုးပြဖို့ တင်ပြထားပါတယ်"ဟု မြို့မိမြို့ဖတစ်ဦးက ပြောသည်။

"သမီးတို့က ညနေခင်း ရာသီဥတုသာယာလို့ မိဘတွေနဲ့ လာလေ့လာတာပါ။ ဘုရားချောင်း မူလွန်ကျောင်းကပါ။ အခုလို အာဇာနည်ကြီးတွေရဲ့အကြောင်းကို ဓာတ်ပုံတွေနဲ့ပါ မှတ်သားခွင့်၊ သိခွင့်ရတဲ့အတွက် ဗိုလ်ချုပ်နဲ့တကွ အာဇာနည်ကြီးတွေကို ပိုပြီး ကြည်ညိုလေးစားမိပါတယ်"ဟု စတုတ္ထတန်းကျောင်းသူ မအင်ကြင်းမေက ပြောသည်။

(၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရာ မြကန်သာပန်းခြံ ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုရင်ပြင်၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိနှင့် မှတ်တမ်းဓာတ်ပုံများ ၊ ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝ၊ ဂျပန်တော်လှန်ရေးကာလဘဝ ၊ ဖဆပလခေတ် လွတ်လပ်ရေးကြိုးပမ်းမှု အပါအဝင် အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများ၊ ဗိုလ်ချုပ်၏ အဆိုအမိန့်များ၊ မိသားစုဘဝမှတ်တမ်းပုံရိပ်များ အပါအဝင် စုံလင်စွာပြသထားပြီး ဗိုလ်ချုပ်သို့ ရင်တွင်းစကားမှတ်တမ်းတွင် ပါဝင်ရေးသားခြင်း အစီအစဉ်များကို ဆောင်ရွက်ထားရှိကာ အများပြည်သူ ပိုမိုလေ့လာသိရှိခွင့်ရှိနိုင်ရန် ငါးရက် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# ရပ်စောက်မြို့နယ်မှ ပန်းချီဆရာများ၏လက်ရာ ပန်းချီကားများ ပထမအကြိမ်ပြပွဲကျင်းပ

**ရပ်စောက် ဇူလိုင် ၂၂**

ရပ်စောက်မြို့နယ် ပန်းချီပန်းပုအစည်းအရုံးက စီစဉ်ပြသသည့် မိုးမခပန်းချီပြပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာန၌ ဇူလိုင် ၁၉ ရက်မှ စတင်ခင်းကျင်းပြသထားကာ ၂၅ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း၊ ပြပွဲသို့ ပန်းချီဝါသနာပါသူများ လာရောက်လေ့လာကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ပန်းချီပြပွဲတွင် မြို့နယ်ပန်းချီပန်းပုအစည်းအရုံးမှ ပန်းချီဆရာများဖြစ်ကြသည့် ပန်းချီသောင်းညွန့်၊ ပန်းချီနိုင်သာ နှင့် အခြားပန်းချီဆရာများ ရေးဆွဲထားသော ပန်းချီကားပေါင်း ၃၂ ကားကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားရှိမည်ဖြစ်သည်။ ပြပွဲပြသခြင်းနှင့်ပတ်သက်၍ မြို့နယ်ပန်းချီ ပန်းပုအစည်းအရုံးဥက္ကဋ္ဌ ဦးဇော်ဝင်း (ပန်းချီနိုင်သာ)က "ခေတ်စနစ်ရဲ့ စိန်ခေါ်ခံရမှုတွေကြောင့် ကျွန်တော်တို့ရဲ့မြန်မာ့ရိုးရာပန်းချီပညာကို တန်ဖိုးထားမှု လျော့နည်းလာတာရယ်၊ ပန်းချီရဲ့ တန်ဖိုးကို နောင်လာနောက်သားတွေ သိရှိနားလည်လာစေလိုတာရယ်၊ ရိုးရာပန်းချီပညာ မတိမ်ကော မပျောက်ကွယ်သွားစေဖို့ မျိုးဆက်သစ်ပန်းချီပညာရှင်တွေကို မွေးထုတ်ပေးလိုတာရယ်၊ ပန်းချီအတတ်ပညာနဲ့ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုကို လုပ်ကိုင်ဆောင်ရွက်သွားနိုင်တယ်ဆိုတာတွေကို သိစေချင်တာတွေကြောင့် ဒီပြပွဲကို ပြသရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ပန်းချီပြပွဲသည် ရပ်စောက်မြို့နယ်မှ ပန်းချီဆရာများ၏လက်ရာ ပန်းချီကားများကို ခင်းကျင်းပြသသည့် ပထမအကြိမ် ပြပွဲဖြစ်ပြီး ပြပွဲသို့လာရောက်ကြည့်ရှုကြသော ပြည်သူများသည် ပြည်သူ့စာကြည့်တိုက်မှ အခမဲ့ဝန်ဆောင်မှုများကိုလည်း ဝင်ရောက်လေ့လာကာ စာအုပ်များကိုလည်း ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုင်းဆတ်မြို့၌ သစ်တောပြုစုထိန်းသိမ်းခြင်း သင်တန်းဖွင့်

**မိုင်းဆတ် ဇူလိုင် ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၌ သစ်တောပြုစုထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ခရိုင်သစ်တောဦးစီးမှူး ဦးထန်ရှင်းမုန်က နေ့စဉ်တိုးတက်လာသော လူဦးရေအတွက် အခြေခံစားဝတ်နေရေးလိုအပ်ချက်များဖြစ်သည့် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေအနားယူ မှုစသည်တို့ကို ဖြည့်ဆည်းနိုင်ရန် သစ်ပင်သစ်တောများ ထုတ်ယူသုံးစွဲမှုတိုးတက် များပြားလာသောကြောင့် သစ်တောများလျော့နည်းပြုန်းတီးလာလျက်ရှိကြောင်း၊ သစ်တောဦးစီးဌာနမှ သဘာဝတောများကို ထိန်းသိမ်းခြင်း၊ စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရန် စီမံဆောင်ရွက်ခြင်းနှင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို မူဝါဒ(၆)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ပြောသည်။



မိုင်းဆတ်မြို့၌ သစ်တောထိန်းသိမ်းခြင်းသင်တန်း ဖွင့်လှစ်စဉ်။

အဆိုပါသင်တန်းသို့ သင်တန်းသား(၂၃)ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကာ ဒိုချက်ကင် မြေသြဇာပြုလုပ်ခြင်း၊ စိုက်ခင်းတည်ထောင်ခြင်း၊ ပေါင်းရှင်းမီး ကာကွယ်ခြင်း၊ ပျိုးဥယျာဉ်တည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်း၊ စိုက်ခင်းမှတ်တမ်းရေးသွင်းခြင်း၊ သစ်ပင်များ ခံနိုင်ရည် ပြည့်ဝစေရန် စီမံခြင်း၊ ပိုးမွှားကာကွယ်ခြင်း၊ အပင်များမှတ်ပုံတင်ခြင်း၊ မြေဆီလွှာခွဲခြားခြင်း၊ အပင်မျိုးပွားခြင်းနည်းစနစ်၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် သစ်စေ့ထုတ်ဇရိယာတည်ထောင်ခြင်း စသည့် ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်(မိုင်းဆတ်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၂-၇-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၀၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၃၀ | ကျပ် | ၉၄၀/၉၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၄၀ | ကျပ် | ၉၅၅/၉၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၂၀ | ကျပ် | ၈၅၀/၈၆၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၁၀ | ကျပ် | ၉၅၀/၉၆၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၀ · ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၄ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၁၀ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၈၃ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၀၀· ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၃ · ၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၉ · ၅၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ · ၉၀၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၈ · ၃၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၇ · ၃၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ · ၉၈၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရာပြည့် တက္ကသိုလ်နှင့် ငွေရတုဌာန

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်ခဲ့သည့် တက္ကသိုလ်ဖြစ်သည့် ရန်ကုန်တက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ်တွင် နှစ် ၁၀၀ ပြည့်မည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ တက္ကသိုလ်ကြီးလေးခုတွင် ရှေးဟောင်းသုတေသနပညာ ဌာနများကို တည်ထောင်၍ ရှေးဟောင်းသုတေသန မျိုးဆက်များကို မွေးထုတ်ပေးခဲ့သည်မှာ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ၂၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ၌ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းများကို ဗြိတိသျှအစိုးရလက်ထက်ကပင် ပြုလုပ်ခဲ့သော်လည်း ပညာရပ်ကို စနစ်တကျ သင်ကြားပို့ချပေးမှုမှာ ၁၉၉၄ ခုနှစ် ဇူလိုင်လ ၁ ရက်ကမှ တရားဝင် စတင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကို ထူထောင်ခဲ့စဉ်က ဖွင့်လှစ်ခဲ့သည့် ပညာရပ်ဆိုင်ရာဌာနများတွင် မပါရှိခဲ့သည့် ရှေးဟောင်းသုတေသနပညာဌာနကို သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာ သန်းထွန်း၏ ဦးဆောင်အားထုတ်မှုဖြင့် ရန်ကုန်တက္ကသိုလ်၌ ဦးစွာဖွင့်လှစ်ခဲ့ပြီး မန္တလေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် ဆက်လက် ဖွင့်လှစ်ခဲ့သည်။

## ရာပြည့်အကြို ရန်ကုန်တက္ကသိုလ်

၁၉၂၀ ပြည့်နှစ်က တည်ထောင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ်တွင် သက်တမ်း နှစ် ၁၀၀ ပြည့်တော့မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းဖြစ်စဉ်များနှင့် ဆက်နွှယ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် နှစ်ပေါင်း ၁၀၀ ကာလအတွင်း စာပေ၊ နိုင်ငံရေးနှင့် ပညာရေး နယ်ပယ်အသီးသီးတွင် ထက်မြက်ထူးချွန်သည့် ပုဂ္ဂိုလ်များစွာကို မွေးထုတ်ပေးခဲ့သကဲ့သို့ ယခုအချိန်တွင်လည်း မျိုးဆက်သစ် ထူးချွန်ကျောင်းသား ကျောင်းသူများကို ပြုစုပျိုးထောင်ပေးလျက်ရှိနေသည်။

ဗြိတိသျှအစိုးရသည် ၁၈၇၈ ခုနှစ်က ကလကတ္တား တက္ကသိုလ်၏ လက်အောက်ခံ တက္ကသိုလ်ပညာရေးစနစ်ကို ရန်ကုန်မြို့၌ စတင်ကျင့်သုံးခဲ့သည်။ ထိုစဉ်က ဥပစာတန်း စာမေးပွဲကို ဖြေဆိုလိုသူ မြန်မာနိုင်ငံသားများသည် အိန္ဒိယနိုင်ငံ ကလကတ္တားတက္ကသိုလ်၌ သွားရောက်ဖြေဆိုကြရသဖြင့် ယင်းတို့ကို ရန်ကုန်အစိုးရအထက်တန်းကျောင်း (ယခုလသာ အထက - ၁)၌ တက္ကသိုလ်အဆင့် စာပေများကို ပို့ချပေးခြင်းဖြင့် တက္ကသိုလ်ပညာရေးစနစ်ကို စတင်ခဲ့သည်။

၁၈၈၄-၁၈၈၅ ခုနှစ်တွင် ရန်ကုန်အစိုးရအထက်တန်းကျောင်းကို ရန်ကုန်ကောလိပ်အဖြစ် ဖွဲ့စည်းပြီး မြန်မာနိုင်ငံ ပညာရေးဆင်ဒီကိတ်အဖွဲ့က စီမံအုပ်ချုပ်ကာ မစ္စတာ ဂျေအိပ်ချ် ဂီးလ်ဗတ်(J.H.Gilbert)က ရန်ကုန်ကောလိပ်ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် ရန်ကုန် ကောလိပ်ကို အစိုးရက တာဝန်ယူခဲ့ပြီး ရန်ကုန်အစိုးရကောလိပ်ဟု ထင်ရှားခဲ့သည်။

ထိုစဉ်က ရန်ကုန်ကောလိပ်သည် ကလကတ္တားတက္ကသိုလ်၏ ကြီးကြပ်မှုအောက်တွင် ရှိခဲ့သဖြင့် လွတ်လပ်သော တက္ကသိုလ်အဖြစ် သတ်မှတ်ပေးရန် မြန်မာနိုင်ငံမှ ပြည်သူများသည် ၁၈၉၂ ခုနှစ်မှစ၍ လှုံ့ဆော်မှုများကို ပြုလုပ်ခဲ့ရာ ၁၉၁၃ ခုနှစ်တွင် အိန္ဒိယအစိုးရက ရန်ကုန်မြို့၌ သီးခြားတက္ကသိုလ်တည်ထောင်မည့် မူဝါဒချမှတ်ထားကြောင်း ဗြိတိသျှအောက်လွှတ်တော်တွင် ပြောဆိုခဲ့သည်။

၁၈၉၄ ခုနှစ်တွင် ရန်ကုန်မြို့ရှိ အမေရိကန်သာသနာပြုအဖွဲ့သည် မြန်မာနိုင်ငံမှ ကျောင်းသားများ ကလကတ္တားတက္ကသိုလ်သို့ သွားရောက်ပညာသင်ယူနိုင်ရန် ကူရှင်ကျောင်း၌ ဥပစာတန်းကို စတင်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်ကောလိပ်ကို အစိုးရက ဖွင့်လှစ်ထားချိန်တွင် အမေရိကန်သာသနာပြုအဖွဲ့က ရန်ကုန်ကောလိပ်နှင့်အပြိုင် ကောလိပ်တစ်ခုကို ၁၉၁၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ဂျပ်ဆင်ကောလိပ်(ယုဒသန်ကောလိပ်)ဟု အမည်ပေးခဲ့သဖြင့် ရန်ကုန်မြို့တွင် ကောလိပ်နှစ်ခု ရှိခဲ့သည်။

၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် မြန်မာပြည် ဥပဒေပြုကောင်စီက ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းကို အတည်ပြုခဲ့ပြီးနောက် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်တွင် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကို ပေါင်းစည်း၍ ရန်ကုန်တက္ကသိုလ်ကို တည်ထောင်ကာ မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ် ခရက်ဒေါက်က တက္ကသိုလ်အဓိပတိတာဝန်ကို ယူခဲ့သည်။ ရန်ကုန်တက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့စဉ် ရန်ကုန်တက္ကသိုလ် ကောလိပ်တွင် သင်တန်းသား ၆၉၂ ဦးနှင့် ဂျပ်ဆင်ကောလိပ်တွင် သင်တန်းသား ၁၃၇ ဦး တက်ရောက်ခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးဘွဲ့နှင်းသဘင်ကို ၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်က ကျင်းပခဲ့ရာ ထိုအချိန်က ဘွဲ့နှင်းသဘင် အဆောက်အအုံကို မဆောက်လုပ်ရသေးချေ။ ၁၉၂၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင်မှ ဘွဲ့နှင်းသဘင်အဆောက်အအုံကို တည်ဆောက်ခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၁၈ ခုနှစ်အထိ ဘွဲ့နှင်းသဘင် အခမ်းအနားများကို ၁၂၇ ကြိမ် ကျင်းပခဲ့သည်။

၁၉၄၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ တက္ကသိုလ်ကောလိပ်၊ ဂျပ်ဆင်ကောလိပ်၊ ဆေးကောလိပ်၊ ဆရာဖြစ်သင်ကောလိပ်၊ စိုက်ပျိုးရေးကောလိပ်နှင့် မန္တလေးဥပစာကောလိပ်ဟူ၍ ကောလိပ်ခြောက်ခု ရှိခဲ့သည့်အနက် မန္တလေးဥပစာ ကောလိပ်ကို ရန်ကုန်တက္ကသိုလ်က စီမံကွပ်ကဲခဲ့သည်။

ဒုတိယကမ္ဘာစစ် ဖြစ်ပွားလာချိန်တွင် ရန်ကုန်တက္ကသိုလ်ကို ၁၉၄၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ စတင်၍ ပိတ်ခဲ့သည်။ စစ်အတွင်း အရေးပေါ်တက္ကသိုလ်ကို တာမွေမြို့နယ် ဗျိုင်းရေအိုးစင်လမ်း၌ ဖွင့်လှစ်ခဲ့ကာ ဆရာကြီး ဦးဖေမောင်တင်က ကျောင်းအုပ်ကြီးတာဝန်ကို ယူခဲ့သည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးချိန်တွင် ရန်ကုန်တက္ကသိုလ်နယ်မြေကို မဟာမိတ်တပ်များက သိမ်းပိုက်ထားသဖြင့် ရန်ကုန်တက္ကသိုလ် သင်တန်းများအား ရန်ကုန်မြို့လယ် မဂိုလမ်း (ယခုရွှေဘုံသာလမ်း)ရှိ ရန်ဒေးရီးယားကျောင်း(ယခု ပန်းဘဲတန်း အထက-၂)၌ အရေးပေါ်တက္ကသိုလ် ကောလိပ်သင်တန်း (Emergency University College)အဖြစ် ၁၉၄၅ ခုနှစ် ဩဂုတ် ၁၄ ရက်က ဖွင့်လှစ်ခဲ့ကာ ဆရာကြီးဦးဘက ကျောင်းအုပ်ကြီးတာဝန်ယူခဲ့သည်။ ထိုကျောင်းတွင် ကျောင်းသားကျောင်းသူ ၄၁၂ ဦး တက်ရောက်ခဲ့သည်။



၂၀၁၄ ခုနှစ် မတ်လက ရှေးဟောင်းသုတေသနပညာ သင်တန်းသားများ ဟန်လင်းကျောက်စာရုံ၌ ကွင်းဆင်းလေ့လာကြစဉ် (ဓာတ်ပုံ-ရှေးဟောင်းသုတေသနပညာဌာန၊ ရန်ကုန်တက္ကသိုလ်)

၁၉၄၇ ခုနှစ်တွင် တက္ကသိုလ်နယ်မြေမှ မဟာမိတ်တပ်များ ထွက်ခွာသွားခဲ့သဖြင့် သင်တန်းများ ပြန်လည်ပို့ချနိုင်ခဲ့ကာ ၁၉၅၁ ခုနှစ်တွင် တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ခဲ့ပြီး ဒေါက်တာထင်အောင်သည် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး ပါမောက္ခချုပ် ဖြစ်လာခဲ့သည်။ ရန်ကုန်တက္ကသိုလ် လက်အောက်ခံ မန္တလေးဥပစာကောလိပ်သည် ၁၉၄၈ ခုနှစ်တွင် ဒီဂရီကောလိပ်ဖြစ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် သီးခြားတက္ကသိုလ်အဖြစ် ရပ်တည်ခဲ့သည်။

သမိုင်းအစဉ်အလာကြီးမားခဲ့ကာ တစ်ချိန်က အရှေ့တောင်အာရှတွင် ဂုဏ်ရှိန်အမြင့်မားဆုံးဖြစ်ခဲ့သော ရန်ကုန်တက္ကသိုလ်သည် မျိုးဆက်သစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ဟု အမည်ပြောင်းခဲ့သော်လည်း ၁၉၈၉ ခုနှစ်တွင် မူလအမည်သို့ပြန်လည်ပြောင်းလဲခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်းများကို ၁၉၉၅-၁၉၉၆ ပညာသင်နှစ်က စတင် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစ၍ ထူးချွန် ကျောင်းသားကျောင်းသူများအား ဘွဲ့ကြိုသင်တန်းများ ပို့ချပေးလျက် ရှိပေသည်။ ရန်ကုန်တက္ကသိုလ်သည် ပြင်ပဘွဲ့ရများအတွက် ဓာတုဗေဒ၊ အသုံးချရူပဗေဒ၊ အင်္ဂလိပ်စာသင်ကြားရေး၊ အသုံးချစိတ်ပညာ၊ ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့်သုတပညာ၊ မနုဿဗေဒနှင့် လူမှုရေးသိပ္ပံပညာ အပါအဝင် ဘွဲ့လွန် ဒီပလိုမာသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပို့ချပေးလျက်ရှိနေသည်။ ထို့အတူ တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဌာနကို တည်ထောင်၍ ဥပဒေပညာဌာန၊ အရှေ့တိုင်း ပညာဌာန၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ မြန်မာစာဌာန၊ သမိုင်းဌာန၊ ဒဿနိကဗေဒဌာန၊ အင်္ဂလိပ်စာဌာန၊ ပထဝီဝင်ဌာန၊ ကွန်ပျူတာသိပ္ပံဌာနတို့၌ ဘွဲ့လွန်ဒီပလိုမာ သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိသည်။

## ရှေးဟောင်းသုတေသနပညာ

ရှေးဟောင်းသုတေသနပညာရှင် ဆရာကြီး ဦးမြင့်အောင်က "ရှေးဟောင်း သုတေသနပညာရပ်သည် ရှေးဟောင်းယဉ်ကျေးမှု၌ အကျုံးဝင်သော ကျောက်ခေတ်များမှ ကျောက်လက်နက်ပစ္စည်းများမှစ၍ ကြေးခေတ်၊ သံခေတ်၊ မြို့ပြတည်ထောင်သောခေတ် စသော ခေတ်အသီးသီးတွင် ထွန်းကားခဲ့သည့် လူသုံးပစ္စည်းဟူသ၍ကိုလည်းကောင်း၊ လူနေအိမ်ခြေမှစ၍ ကျေးရွာမြို့ပြများဆိုင်ရာ အဆောက်အအုံများ၊ စေတီပုထိုးအမျိုးမျိုးကိုလည်းကောင်း၊ ယုတ်စွအဆုံး သင်္ချိုင်းကုန်းဟောင်းများအထိ လေ့လာသော ပညာရပ်ဖြစ်သည်" ဟု ရှေးဟောင်းသုတေသနပညာကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

နိုင်ငံတစ်ခု၏သမိုင်းကို ယေဘုယျအားဖြင့် သမိုင်းမတင်မီကာလနှင့် သမိုင်းတင်ကာလဟု ပိုင်းခြားကြသည်။ စာပေ အရေးအသား ပေါ်ပေါက်သည့် သမိုင်းတင်ကာလကို ကျောက်စာ၊ ပေစာ၊ အိုးစာ၊ ခေါင်းလောင်းစာ စသည့် စာပေအထောက်အထားများဖြင့် ဖော်ထုတ်နိုင်သော်လည်း စာပေအရေးအသားမရှိသေးသည့် သမိုင်းမတင်မီ ကာလများကို ရှေးဟောင်း သုတေသန တူးဖော်မှုများဖြင့် ရှာဖွေဖော်ထုတ်ကြရသည်။ ထို့ကြောင့် ကမ္ဘာ့နေရာဒေသ အသီးသီး၊ လူမျိုး အသီးသီး၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထား ထိန်းသိမ်းလာကြချိန်တွင် ရှေးဟောင်းသုတေသနပညာသည် အရေးကြီးသော ပညာရပ်တစ်ခု ဖြစ်လာခဲ့သည်။

ရှေးဟောင်းသုတေသနပညာသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် ရုပ်ဝတ္ထုပစ္စည်းများကို တူးဖော်စူးစမ်းရှာဖွေကာ အတိတ်သမိုင်းကို ဖော်ထုတ်သည်။ ရှေးဟောင်းသုတေသနပညာသည်တူးဖော်ရေးလုပ်ငန်းကိုအဓိက ဆောင်ရွက်ကာ ရှာဖွေတွေ့ရှိမှုများကို မှတ်တမ်းတင်ခြင်း၊ စုဆောင်းခြင်း၊ သက်တမ်းတွက်ချက်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ တွေ့ရှိချက်များကို စာတမ်းများ၊ စာအုပ်များ ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်သည်။ မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသန တူးဖော်မှုလုပ်ငန်းများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကာ တွေ့ရှိချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခဲ့သည်။

မြန်မာ့မြေပေါ်တွင် လွန်ခဲ့သည့် နှစ်သန်း ၄၀ က ဖြစ်ပေါ်ခဲ့သည့် လူတူပရိုင်းမိတ်များသည် လူသားများအဖြစ်သို့အဆင့်ဆင့် တိုးတက်ပြောင်းလဲခဲ့ကာ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်တို့ကို ဖြတ်သန်းခဲ့သည်။ သမိုင်းတင်ခေတ်တွင် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်များ ပေါ်ထွန်းခဲ့သဖြင့် သမိုင်းအမွေအနှစ်များစွာသည် မြန်မာနိုင်ငံ နေရာအနှံ့တွင် ကျန်ရှိနေခဲ့သည်။

ယင်းအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရန် ရှေးဟောင်းသုတေသန ပညာရပ်ကို စနစ်တကျ သင်ယူတတ်မြောက်သူများ လိုအပ်လာခဲ့သည်။ ကမ္ဘာ့နိုင်ငံများတွင်လည်း ရှေးဟောင်းသုတေသန ပညာရပ်ကို ကျယ်ပြန့်စွာ သင်ကြားသင်ယူလာခဲ့ကြသည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာန ပါမောက္ခ ဒေါက်တာကျော်မျိုးဆက်က "မိမိတို့ ဘိုးဘွားများ ထားရစ်ခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များအပေါ် တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်၍ ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံလျက် တိုးတက်သော လူ့အဖွဲ့အစည်းကို တည်ထောင်ရေးသည် ရှေးဟောင်းသုတေသနပညာရပ်၏ အဓိကရည်မှန်းချက်ဖြစ်ကြောင်း" ရေးခဲ့သည်။

## ရှေးဟောင်းသုတေသနပညာဌာနများ

ရန်ကုန်တက္ကသိုလ်တွင် ရှေးဟောင်းသုတေသနပညာ ဌာနကို တည်ထောင်သည့်နှစ်မှာပင် ဘွဲ့ကြိုသင်တန်းများအပြင် ဘွဲ့လွန် ဒီပလိုမာသင်တန်းကိုပါ ဖွင့်လှစ်ခဲ့၍ ၂၀၀၈ ခုနှစ်တွင် ရှေးဟောင်းသုတေသနပညာ ပါရဂူဘွဲ့ကို စတင်ချီးမြှင့်နိုင်ခဲ့သည်။

ဘွဲ့ကြို လေးနှစ်သင်တန်းတွင် ပထမနှစ်နှင့် ဒုတိယနှစ် သင်တန်းသားများသည် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၌ တက်ရောက်ရပြီး တတိယနှစ်နှင့် စတုတ္ထနှစ် သင်တန်းသားများသည် ရန်ကုန်တက္ကသိုလ်၌ တက်ရောက်ခဲ့ကြသည်။ ဘွဲ့လွန် ဒီပလိုမာ နှစ်နှစ်သင်တန်းကို ရန်ကုန်တက္ကသိုလ်၌ တက်ရောက်ကြရသည်။ ပထမဆုံးဖွင့်လှစ်ခဲ့သည့် ရှေးဟောင်းသုတေသနပညာ ဘွဲ့ကြိုသင်တန်းသို့ ဒေသအသီးသီးမှ ကျောင်းသား ကျောင်းသူ ၂၃ ဦး တက်ရောက်ခဲ့ရာ ပထမဆုံး ရှေးဟောင်းသုတေသနပညာ မျိုးဆက်သစ်များကို ၁၉၉၈ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့များ အပ်နှင်းခဲ့သည်။ ယင်းသင်တန်းသားများသည် ယခုအချိန်တွင် တက္ကသိုလ်အသီးသီးရှိ ရှေးဟောင်းသုတေသနဌာနများ၌ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ စသည်ဖြင့် တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။ ထို့အတူ ပထမဆုံး ဒီပလိုမာသင်တန်းကို တက်ရောက်ခဲ့ကြသူများသည် ပါမောက္ခချုပ်၊ ပါမောက္ခ၊ ညွှန်ကြားရေးမှူး အစရှိသဖြင့် နိုင်ငံ့တာဝန် အသီးသီးကို ထမ်းဆောင်လျက်ရှိနေကြသည်။

ရှေးဟောင်းသုတေသနပညာကို သင်ကြားရာတွင် စာတွေ့သာမက လက်တွေ့ကွင်းဆင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ကြရပေသည်။ ဘွဲ့ကြို သင်တန်းသားများသည် ဒုတိယနှစ်မှစ၍ နှစ်စဉ် ၇ ရက်မှ ၁၀ ရက် ကြာမြင့်သည့် ကွင်းဆင်းလေ့လာရေးခရီး ထွက်ကြရကာ ခရီးမှအပြန်တွင် အစီရင်ခံစာများ၊ သုတေသနစာတမ်းငယ်များကို ရေးသားကြရသည်။ ရှေးဟောင်း သုတေသန ပညာရပ်ဆိုင်ရာ ကွင်းဆင်းခရီးအဖြစ် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ပင်လယ်(မိုင်းမော)၊ တကောင်း စသည့် ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် ဒေသများ၊ ကြေးခေတ်ယဉ်ကျေးမှုထွန်းကားခဲ့သည့် ညောင်ကန်နှင့် စမုံမြစ်ဝှမ်းဒေသအချို့ နွယ်ခွေ၊ ငါးရှန်၊ လက်ပံခြေပေါ်၊ မိုးကြိုးပြင်၊ တောင်သမန်၊ ပုဂံ၊ အင်းဝ စသည်ဖြင့် သမိုင်းမတင်မီခေတ်၊ သမိုင်းကြိုခေတ်၊ သမိုင်းတင်ခေတ် နေရာများ ပါဝင်သည်။

ရှေးဟောင်းသုတေသနပညာ သင်ယူနေကြသူများသည် စာတွေ့သာမက လက်တွေ့တူးဖော်မှုများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိပါက ပိုမိုအကျိုးရှိမည်ဖြစ်သည်။ သို့သော် ၁၉၉၄ ခုနှစ်က ပုဂံ ဥပါလိသိမ်အနီး အုတ်ကုန်းဟောင်းကို တူးဖော်စဉ် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာ သင်တန်းသားများပါဝင်ခွင့်ရရှိခဲ့ပြီးနောက်ပိုင်း၌ ကျောင်းသားကျောင်းသူများသည် တူးဖော်ရေးအတွေ့အကြုံများကို မရရှိခဲ့ချေ။ ကျောင်းသားကျောင်းသူများ၏ ကွင်းဆင်းခရီးစဉ်များတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များက တူးဖော်မှုဆိုင်ရာ သင်ကြားပို့ချမှုများကို ပြုလုပ်ခဲ့သော်လည်း လက်တွေ့တူးဖော်မှုကား မပါရှိခဲ့ချေ။

ရှေးဟောင်းသုတေသနပညာရပ်ကို သင်ယူလိုသူများ တိုးတက်များပြားလာသဖြင့် ရှေးဟောင်းသုတေသန ပညာဌာနကို ၁၉၉၈ ခုနှစ်တွင် ဒဂုံတက္ကသိုလ်၌လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် မန္တလေးတက္ကသိုလ်နှင့် ရတနာပုံ တက္ကသိုလ်တို့၌လည်းကောင်း တိုးချဲ့ဖွင့်လှစ်ကာ မျိုးဆက်သစ်များကို မွေးထုတ်လျက်ရှိနေပေသည်။

## ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)

ပညာရေးဝန်ကြီးဌာနက ရှေးဟောင်းသုတေသန မျိုးဆက်သစ်များကို ပျိုးထောင်နေသကဲ့သို့ လက်တွေ့တူးဖော်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနကလည်း အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် ပူးပေါင်းလျက် ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ စတင်၍ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာ တစ်နှစ်သင်တန်းကို ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်မြို့)၌ နှစ်စဉ် ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနတွင် မဟာဝိဇ္ဇာဘွဲ့သင်တန်းကို ဆက်လက်သင်ယူနိုင်ကြကာ မိမိတို့၏ အောင်မြင်မှု အရည်အချင်းအလိုက် မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများအထိ တက်ရောက်ခွင့်ပြုသဖြင့် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းမှ ဘွဲ့ရအချို့သည် ရန်ကုန်တက္ကသိုလ်၌ ဘွဲ့လွန်သင်တန်းအသီးသီးတွင် တက်ရောက်သင်ယူနေကြသည်။

ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာ တစ်နှစ်သင်တန်းတွင် ဘာသာရပ် ၁၄ ခုကို ဌာနတွင်း၊ ဌာနပြင်ပ ပညာရှင်များနှင့် ယူနက်စကိုအပါအဝင် ပြည်ပပညာရှင်များက စာတွေ့လက်တွေ့သင်ခန်းစာများ အခါအားလျော်စွာ ပို့ချပေးလျက်ရှိကာ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ရှေးဟောင်းသုတေသန ကွင်းဆင်းတူးဖော်မှုနည်းပညာ၊ ရှေးဟောင်းသုတေသနဆိုင်ရာ သိပ္ပံပညာရပ်များ၊ သမိုင်းမတင်မီကာလ ရှေးဟောင်းသုတေသနပညာ၊ အကြိုသမိုင်းကာလ ရှေးဟောင်းသုတေသနပညာ၊ သမိုင်းတင်ကာလ ရှေးဟောင်းသုတေသနပညာ၊ ခေတ်ဟောင်းအနုပညာနှင့် ဗိသုကာပညာ၊ ကျောက်စာနှင့် ဒင်္ဂါးများ လေ့လာမှုပညာ၊ ခေတ်ဟောင်းအနုပညာနှင့် ရုပ်တုဗေဒပြတိုက်ပညာ၊ အဆောက်အအုံ ထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတုဗေဒနည်းဖြင့် ပြုပြင်ထိန်းသိမ်းခြင်း၊ အမျိုးသားယဉ်ကျေးမှုဝတ္ထုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် လက်တွေ့ကွင်းဆင်းတူးဖော်မှု ပညာရပ်များကို ပို့ချပေးသည်။

ရှေးဟောင်းသုတေသန မျိုးဆက်များကို ပျိုးထောင် မွေးထုတ်ပေးနေသည့် ရှေးဟောင်းသုတေသနပညာ ဌာနကို ထူထောင်ခဲ့သည်မှာ ငွေရတုသို့ တိုင်ခဲ့ပြီဖြစ်သည်။ တက္ကသိုလ်အသီးသီးရှိ ရှေးဟောင်းသုတေသနပညာ ဌာနများသည် ငွေရတုမှသည် နောင်နှစ်များစွာတိုင် ရှေးဟောင်းသုတေသန မျိုးဆက်များကို ဆက်လက် မွေးထုတ်ပေးနေဦးမည်သာဖြစ်ရာ ငွေရတု အထိမ်းအမှတ် စာတမ်းဖတ်ပွဲ၊ ဆရာကြီး ဆရာမကြီးများအား ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲတို့ကိုလည်း ဇူလိုင်လ နောက်ဆုံး ရက်သတ္တပတ်တွင် ရန်ကုန်တက္ကသိုလ်၌ ကျင်းပရန် စီစဉ်ထားပြီး ဖြစ်ပေသည်။

**ကိုးကား**

(၁) မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)၊ (၁၁)

(၂) မြန်မာ့ရှေးဟောင်းသုတေသနပညာအတွက် ဆောင်ရွက်ချက်များ(ဦးမြင့်အောင်)

(၃) ငွေရတုချိန်ခါ ရှေးဟောင်းသုတေသနပညာ (ဒေါက်တာကျော်မျိုးဆက်၊ ရှေး/သု ပညာ)

# ရောဝတီမြစ်ရေကြီးမြင့်မှုကြောင့် တံတားဦးတွင် အခြေခံပညာကျောင်းအချို့ ခေတ္တပိတ်ထား

**တံတားဦး ဇူလိုင် ၂၂**

ရောဝတီမြစ်ရေသည် ယနေ့အထိ စိုးရိမ်ရေအမှတ်ထက် ၂၇ စင်တီမီတာ ကျော်လွန်၍ ၁၂၈၅ စင်တီမီတာအထိ မြင့်တက်လာမှုကြောင့် တံတားဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ခေတ္တပိတ်ထားရပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ လူနေအိမ်များ ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အဆိုပါမြစ်ရေသည် တံတားဦးမြို့နယ်သို့ ဇူလိုင် ၁၉ ရက်မှ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး အခြေခံပညာကျောင်းများမှာ ယခုစတင်ရေဝင်ရောက်သည့် နေ့မှစ၍ ကျောင်းများ ခေတ္တပိတ်ထားရကာ ရေကျသည့်အချိန်တွင် စာသင်ချိန်များကို အစားထိုး ပြန်လည်သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးမော်ဦးက ပြောသည်။




ရောဝတီမြစ်ရေဝင်ရောက်လျက်ရှိသော အခြေခံပညာကျောင်းတစ်ကျောင်း။

တံတားဦးမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၁၇ အုပ်စု၊ အိမ်ထောင်စု ၁၁၁၈ စု၊ လူဦးရေ ၄၃၆၅ ဦး၊ တိရစ္ဆာန် ၁၂၅၁ ကောင်တို့ ရေလွတ်ရာကုန်းမြင့်များ၌ နေထိုင်သည့် နီးစပ်ရာဆွေမျိုးသားချင်းအိမ်များ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ အမြန်လမ်းမကြီးဘေးများတွင် နေထိုင်ကြရသည်။

အဆိုပါ ရေဝင်ရပ်ကွက်/ကျေးရွာအုပ်စုများမှာ ငါးရာပြားကျေးရွာ၊ ဥတည်ကျေးရွာ၊ ဘလဲ့ဘကျေးရွာ၊ လက်ပန်ဇင်ကျေးရွာ၊ ဈေးချိုကျေးရွာ၊ ထောက်ရစ်ကျေးရွာ၊ ဇီးပင်ကွေ့ကျေးရွာ၊ ပေါက်မြိုင်ကျေးရွာ၊ လက်ဆောင်ယူကျေးရွာ၊ တပယ်ကျေးရွာ၊ ဟံသာဝတီကျေးရွာ၊ မီးသွေးတိုက်ကျေးရွာ၊ မြေငူကျေးရွာ၊ ခေါင်းကွဲကျေးရွာ၊ ပန်းယျကျေးရွာ၊ ကူတိုးဆိပ်ကျေးရွာနှင့် အမှတ်(၂)ရပ်ကွက်တို့ဖြစ်ကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

# ကော့သောင်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ ခင်းကျင်းပြသ

**ကော့သောင်း ဇူလိုင် ၂၂**

ယခုရက်ပိုင်းအတွင်း ရာသီဥတုဆိုးရွားမှုများကြောင့် နိုင်ငံနှင့်အဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် ရေကြီးရေလျှံ ရေလွှမ်းမိုးမှုဖြစ်စဉ်များ၊ မြေပြိုမှုဖြစ်စဉ်များ ဖြစ်ပေါ်ကာ ပြည်သူများ၏ အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိရာ ပြည်သူများ သဘာဝဘေးအန္တရာယ်ဆိုင်ရာများ အသိပညာဗဟုသုတ ရရှိနိုင်ကြစေရန် ရည်ရွယ်ကာ ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မြေစိုက်နံရံကပ်ဘုတ်များတွင် ယနေ့နံနက်ပိုင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေး သတင်းအချက်အလက်များ ခင်းကျင်းပြသထားသည်။

ခင်းကျင်းပြသ ပညာပေးမှုတွင် မိုးရာသီကာလအတွင်း အများဆုံးဖြစ်ပေါ်ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်ကြီးများဖြစ်သော ရေကြီးမှုဘေး၊ မုန်တိုင်းဘေး၊ မြေပြိုဘေး၊ မိုးကြိုးဘေးနှင့် ဆူနာမီဘေး စသည့်ဘေးအန္တရာယ်များ ဖြစ်ပေါ်ကြုံတွေ့လာပါက ပြည်သူများ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် အခြားမီဒီယာများမှ သတင်းအချက်အလက်များ ကြိုတင်သိရှိရယူနိုင်မှု သိကောင်းစရာများ၊ ဘေးအန္တရာယ်ကျရောက်စဉ် ဆောင်ရန်ရှောင်ရန်နှင့် အန္တရာယ်ကျရောက်ပြီး လိုက်နာဆောင်ရွက်ရမည့် သိသင့်သိထိုက်သည့် အချက်အလက်များ၊ အသိပညာပေးဖော်ပြပါရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ပညာပေးရုပ်ပုံကားချပ် သတင်းအချက်အလက်များနှင့် မိမိမြို့၊ ရွာဒေသအတွင်း ဖြစ်ပေါ်ကြုံတွေ့နိုင်သည့် ဘေးအန္တရာယ်အမျိုးအစားများနှင့် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရမှုများမှ သင်ခန်းစာယူစရာ၊ သတိပြုလိုက်နာစရာဖြစ်စဉ်များ၏ မှတ်တမ်းဓာတ်ပုံများကို အသိပညာပေး ခင်းကျင်းပြသပေးထားခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ပွင့်ဖြူမြို့နယ်၌ ရောဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၃၅ လုံး ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့

**ပွင့်ဖြူ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အရှေ့လေးအိမ်ကျေးရွာအုပ်စု မြင်းခြံစုကျေးရွာ၊ ရွှေလေ့ကျေးရွာအုပ်စု ဂါတ်ကုန်းကျေးရွာ၊ နန်းတော်ကျွန်းကျေးရွာအုပ်စု ထူးကျေးရွာ၊ ဘီးဇပ်ခုံကျေးရွာ၊ သံကိုင်းကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာတို့တွင် ယနေ့နံနက်ပိုင်းက ရောဝတီမြစ်ကမ်းပါး ပြိုကျလာမှုကြောင့် လူနေအိမ် ၃၅ လုံး ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့ရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ ကျေးရွာများသည် ရောဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည့်ကျေးရွာများဖြစ်သည့်အတွက် ဒေသခံကျေးလက်နေပြည်သူများ ယခုလိုမြစ်ကမ်းပါးပြိုကျမှုဒဏ်ကို နှစ်စဉ်ကြုံတွေ့နေရကြောင်း သိရသည်။ ယနေ့နံနက်ပိုင်းက မြစ်ကမ်းပါးပြိုကျမှုမှာ ကျေးရွာများနှင့် အလွန်နီးကပ်လာသဖြင့် ဒေသခံပြည်သူများ အန္တရာယ်ကင်းဝေးစေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာနေပြည်သူများနှင့် ကျေးရွာရှိ လူမှုကူညီရေးအသင်းအဖွဲ့များက ဝိုင်းဝန်းပူးပေါင်းကာ မြင်းခြံစုကျေးရွာတွင် လူနေအိမ် ၂၀ လုံး၊ ဂါတ်ကုန်းကျေးရွာတွင် လူနေအိမ် ခုနစ်လုံး၊ ထူးကျေးရွာတွင် လူနေအိမ်လေးလုံး၊ ဘီးဇပ်ခုံကျေးရွာတွင် လူနေအိမ် တစ်လုံး၊ သိမ်ကုန်းကျေးရွာတွင် လူနေအိမ် နှစ်လုံးတို့ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြစ်ကမ်းပါးပြိုကျမှုကြောင့် အခြားလူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။



လူနေအိမ်များဖျက်ကာ ရေလွတ်ရာသို့ ရွှေ့ပြောင်းနေကြရစဉ်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ လျှော့နည်းသက်သာစေရေးအတွက် ဒေသအလိုက်အုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ ဆောင်ရွက်သင့်သည့် နည်းလမ်းများ (အကြံပြုချက်များ)

(၁) ဒေသတွင်း ရေကြီး၊ ရေလျှံမှုဖြစ်ရခြင်း၏ အကြောင်းရင်းကို လေ့လာရှာဖွေခြင်း၊ သုံးသပ်ခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊

(၂) လူနေရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

(၃) မြစ်ကြောင်းများအတွင်း ရေစီးဆင်းမှုကို အဟန့်အတား ဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊

(၄) မြစ်ကမ်းဘေးတစ်လျှောက် ရေထိန်းနံရံများ ပြုလုပ်ခြင်း၊

(၅) တာတမံများပြုပြင် ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊

(၆) မြစ်ကမ်းပါးများတွင် မြေလွှာထိန်းသစ်ပင်များ စိုက်ပျိုးခြင်း၊

(၇) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်သည့် သစ်ပင်များ၊ သီးနှံပင်များ စိုက်ပျိုးခြင်း၊

(၈) ဆည်၊ တာတမံများ ပြင်ဆင်ခြင်းနှင့် အားဖြည့်ခြင်းအတွက် လိုအပ်သော အရေးပေါ်ပစ္စည်း ကိရိယာများ(သဲအိတ်၊ ရေစုပ်စက်၊ ပေါက်တူး၊ပေါက်ပြား၊ ဝါး အစရှိသည်များ) ကြိုတင် သိုလှောင်စုပုံခြင်း၊

(၉) မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် ဆည်၊ တာတမံကြီးများ ရေလက်ခံနိုင်စွမ်းမရှိပါက ရေလွှတ်ထုတ်ရသည့်အခါ လူနေအိမ်ခြေများ ရေလွှမ်းမိုးနိုင်မှုအတွက် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားခြင်းနှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိခြင်း၊

(၁၀) ဆည်၊ တာတမံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လာပါက ဆည်အောက်ဘက်နေ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများပြားနိုင်ကြောင်း ပိုမိုသတိပြု၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၁) နှစ်စဉ်ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိသည့် နေရာများမှ ပြည်သူလူထုကို ဘေးလွတ်ကင်းရာနေရာများတွင် ပြောင်းရွှေ့နေရာ ချထားပေးနိုင်ရန် ကြိုတင်စီမံ ဆောင်ရွက်ခြင်း၊

(၁၂) ရေဘေးဖြစ်ပွားနိုင်သည့်ဒေသတွင် အရေးပေါ် လမ်းပန်းဆက်သွယ်ရေး၊ လမ်းကြောင်းများ ကြိုတင်ရွေးချယ် သတ်မှတ်ထားခြင်း၊

(၁၃) ရေဘေးကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ ရေဘေးရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများ လုံလောက်စွာ စုစည်းထားရှိခြင်း၊

(၁၄) ဒေသရှိ စက်တပ်ရေယာဉ်များ၊ လှေလှော်လှေများအား ကြိုတင်စုစည်းထားခြင်း၊ ထိုရေယာဉ်များအား နယ်မြေခွဲ၍ တာဝန်ပေးထားခြင်း၊

(၁၅) မြစ်၊ ချောင်းများတစ်လျှောက် နေထိုင်သူများ၊ ရေဘေးအန္တရာယ်ရှိ ဒေသနေပြည်သူများအနေဖြင့် အိမ်တိုင်းတွင် လှေငယ်များ၊ ဖောင်များ၊ အသက်ကယ်ဗောကွင်းများ အဆင့်သင့်ရှိစေခြင်း၊ ဖြစ်နိုင်ပါက အန္တရာယ်ကျရောက်နိုင်ဆုံးသော မိသားစုများအတွက် Life Jacket များ ဝေငှထားခြင်း၊

(၁၆) ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများတွင် ရေဘေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း၊

(၁၇) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ကြိုတင်သတိပေးမည့် အစီအစဉ်များ ဆောင်ရွက်ထားခြင်း၊

(၁၈) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများ သိရှိစေရေး ဆောင်ရွက်ထားခြင်း၊

(၁၉) ရေဘေးအန္တရာယ်တုံ့ပြန်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

(၂၀) ဆည်၊ တာတမံများအနီးရှိ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာများအတွက် အရေးပေါ် တုံ့ပြန်ရေး အထူးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

# ရေဘေးသင့်ပြည်သူများအား ထမင်းဘူးနှင့် ရေသန့်ဘူးများ လာရောက်လှူဒါန်း

**ကသာ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ရောဝတီမြစ်ရေတိုးလာသဖြင့် မြစ်ကမ်းဘေးရှိ အချို့ကျေးရွာများတွင် ရေလွှမ်းမိုးမှုခံရသဖြင့် ရေလွတ်နေရာများတွင် ရွှေ့ပြောင်းနေကြရသည်။ လက်ရှိအချိန်၌ မြစ်ရေကျဆင်းသွားသော်လည်း သွားလာရေး၊ နေထိုင်ရေး အခက်တွေ့နေရဆဲဖြစ်သဖြင့် ရေလွတ်ရာ ဘုန်းတော်ကြီးကျောင်းများတွင် ရေဘေးသင့်ပြည်သူများ နေထိုင်နေရကြောင်း၊ အဆိုပါ ရေဘေးသင့် ပြည်သူများထဲတွင် ကသာမြို့ မဟာလေးထပ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ နေထိုင်ကြသော ရေဘေးသင့်အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၄၈၁ ဦးအတွက် ယနေ့နံနက်ပိုင်းက ကသာမြို့ရှိ နယ်မြေခံတပ်မိသားစုမှ ထမင်းဘူးနှင့် ရေသန့်ဘူးများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှအောင် (ကသာ)**

# စာပေအနုပညာမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ စုပေါင်းစီမံခန့်ခွဲမှုအဖွဲ့အစည်း (CMO) များ၏ အရေးပါမှု

—— ဖြူလူသစ် ——

**Globalization ခေတ်တွင် နည်းပညာများသည် အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်နေသည်ဖြစ်ရာ လူတစ်ဦးချင်းစီ၏ တီထွင်ဖန်တီးထုတ်လုပ်မှုများကို အကာအကွယ်ပေးမည့် မူပိုင်ခွင့်ဥပဒေများသည်လည်း နိုင်ငံတိုင်းအတွက် အရေးတကြီး လိုအပ်လာပါသည်။**

ထိုသို့ လိုအပ်ချက်နှင့်အညီ မြန်မာနိုင်ငံတွင် ခေတ်ကာလနှင့်ကိုက်ညီသော မူပိုင်ခွင့် ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေးအတွက် စီစဉ်ရေးဆွဲခဲ့ကြပြီး ဥပဒေပြုအဖွဲ့အစည်းများဖြစ်သည့် လွှတ်တော်အသီးသီးသို့ တင်ပြဆွေးနွေးခဲ့ကြသည်။ ထိုသို့ ဥပဒေပြုရေးလမ်းကြောင်းအတိုင်း တင်ပြဆွေးနွေးမှုများကြောင့် မြန်မာနိုင်ငံတွင် စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေအသစ်ကို ၂၀၁၉ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ အသစ်ပြဋ္ဌာန်းလိုက်သော စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေအကြောင်းကို မတင်ပြမီ မူပိုင်ခွင့်ဥပဒေ၏ စတင်သန္ဓေတည်ရာ The Myanmar Copyright Act (1914) အကြောင်းကို ကနဦး တင်ပြလိုပါသည်။

**The Myanmar Copyright Act**

မြန်မာနိုင်ငံသည် ၁၉၁၄ ခုနှစ်တွင် စာပေ၊ အနုပညာ၊ တေးဂီတနှင့် ပြဇာတ်ဆိုင်ရာ လက်ရာများကို အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်လျက် The Myanmar Copyright Act (India Act III of 1914) ကို ဦးစွာပြဋ္ဌာန်းခဲ့ကြသည်။ ယင်းဥပဒေသည် United Kingdom ၏ ၁၉၁၁ ခုနှစ် မူပိုင်ခွင့်ဥပဒေအပေါ် အခြေခံရေးဆွဲထားသောဥပဒေဖြစ်ပြီး ထိုအချိန်က ကိုလိုနီလက်အောက်ခံ နိုင်ငံဖြစ်နေသည့် မြန်မာနိုင်ငံတွင် ၁၉၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က စတင်အာဏာတည်ခဲ့သည်။ ၁၉၁၄ ခုနှစ် မြန်မာမူပိုင်ခွင့်အက်ဥပဒေတွင် မူပိုင်ခွင့် ပိုင်ဆိုင်ခွင့်၊ သက်တမ်း၊ ကန့်သတ်ချက်၊ ချိုးဖောက်မှုများအပေါ် တိုင်ကြားခြင်း၊ တရားမကြောင်းနှင့် ရာဇဝတ်ကြောင်းအရ ကုစားချက်များ ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပြစ်ဒဏ်များသာ ပါဝင်သည်။ သို့သော် ပြောင်းလဲလာသည့် အီလက်ထရွန်နစ် နည်းပညာဆိုင်ရာ ကာကွယ်ပေးမှုများ ပါဝင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေ၊ နည်းပညာစသည့် တိုးတက်ပြောင်းလဲမှုများနှင့် ကိုက်ညီမှုရှိစေရန်အတွက် ၁၉၁၄ မြန်မာမူပိုင်ခွင့်အက်ဥပဒေကို အသစ်ပြန်လည်ရေးဆွဲရန် လိုအပ်လာခဲ့ပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် World Trade Organization (WTO) သို့ ၁၉၉၄ ခုနှစ်၊ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သို့ ၁၉၉၇ ခုနှစ် နှင့် World Intellectual Property Organization (WIPO)သို့ ၂၀၀၁ ခုနှစ်များတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား လိုက်နာဆောင်ရွက်ရမည့် သဘောတူညီချက်များအတိုင်း မူပိုင်ခွင့်ဥပဒေများကိုရေးဆွဲရန် တာဝန်ရှိလာပါသည်။ ထို့ကြောင့် World Intellectual Property Organization (WIPO) အကူအညီဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (ယခု ပညာရေးဝန်ကြီးဌာန) ကဦးဆောင်၍ အခြားသော သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဥပဒေ ပညာရှင်များနှင့် စာပေအနုပညာအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း၍ ၂၀၁၂ ခုနှစ်မှစတင်ကာ စာပေအနုပညာ မူပိုင်ခွင့်ဥပဒေအသစ်အား ပြင်ဆင်ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။

**စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေ**

ယခု ၂၀၁၉ ခုနှစ် မေလ ၂၄ ရက်နေ့က အတည်ပြုပြဋ္ဌာန်းလိုက်သော စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတွင် အခန်း (၂၄) ခန်းနှင့် ပုဒ်မ ၁၀၂ ခု ပါဝင်ပါသည်။ စာပေနှင့် အနုပညာ မူပိုင်ခွင့်ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာ လက်ရာတစ်ခုခု၏ မူလလက်ရာရှင်က ဥပဒေနှင့်အညီ ရရှိမည့် သီးသန့်အခွင့်အရေးများနှင့် ဆက်နွှယ်သည့် အခွင့်အရေးများကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် မူရင်းဖန်တီးသူများ အနေဖြင့် မိမိတို့၏ မူရင်းစာပေအနုပညာလက်ရာများ အပေါ်တွင် စီးပွားရေးဆိုင်ရာအခွင့်အရေး (Economic Rights) နှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အခွင့်အရေး (Moral Rights) များကို ဥပဒေနှင့်အညီ အကာအကွယ်ပေးခံရမှုများနှင့် တန်ဖိုးထားခံရမှုများ ရရှိလာတော့မည်ဖြစ်သည်။ ထိုသို့ ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ ရိုးရာဓလေ့ အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရာလည်း ရောက်သည့်အပြင် ပိုမိုဆန်းသစ်သော တီထွင်မှုအသစ်များလည်း ထပ်မံပေါ်ထွက်လာမည် ဖြစ်သည်။

အသစ်ပြဋ္ဌာန်းလိုက်သော စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ၏ အခန်း (၃) တွင် မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန်အတွက် မူပိုင်ခွင့်ဗဟိုကော်မတီ ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းမူပိုင်ခွင့်ဗဟိုကော်မတီတွင် နိုင်ငံတော်၏ ဒုတိယသမ္မတက ဥက္ကဋ္ဌ၊ မူပိုင်ခွင့်ဥပဒေများ၏ Focal Ministry ဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ မူပိုင်ခွင့်ဆိုင်ရာပညာရှင်များနှင့် ပြင်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်ရမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူက အတွင်းရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင် အခန်း (၄) ၌ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီဖွဲ့စည်းရမည့် လုပ်ငန်းစဉ်များပါဝင်ပြီး ထူးခြားမှုတစ်ခုအနေဖြင့် အသစ်ပြဋ္ဌာန်းလိုက်သော စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ၏ အခန်း (၁၉) တွင် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ ဟူ၍ ပါဝင်သည်ကို တွေ့ရှိရပါသည်။

**“စုပေါင်းစီမံခန့်ခွဲရေးအဖွဲ့အစည်း (CMOs) များအနေဖြင့် မူပိုင်ရှင်များ၏ ကိုယ်စား မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများရနိုင်ရန်အတွက် သုံးစွဲသူ (Users) များထံမှ အခကြေးငွေကောက်ခံခြင်း၊ Users များ တရားဝင် အသုံးပြုခွင့်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ရရှိလာသော ကောက်ခံကြေးများကို သက်ဆိုင်သူများထံသို့ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ဖြန့်ဝေပေးခြင်းစသော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည့်အပြင် စီးပွားဖြစ်မဟုတ်သော သုံးစွဲမှုများ၊ ပညာရေးကိစ္စရပ်များအတွက် ကူးယူဖော်ပြရန် လိုအပ်သည့် ကိစ္စရပ်များကိုလည်း ဖန်တီးသူနှင့်သုံးစွဲသူကြား အဆင်ပြေအောင် ကြားခံဆောင်ရွက်ပေးသော အဖွဲ့အစည်း ဖြစ်သည်”**

**စုပေါင်းစီမံခန့်ခွဲမှု အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ**

ယင်းစုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း (Collective Management Organization-CMO) ဆိုသည်မှာ စာရေးသူများနှင့် ထုတ်ဝေသူများ၊ မူရင်းလက်ရာရှင်များနှင့် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ၏ကိုယ်စား ၎င်းတို့၏ လက်ရာများကို ပြန်လည်ထုတ်လုပ် အသုံးချပိုင်ခွင့်အပေါ် စီမံခန့်ခွဲမှုပြုပေးနိုင်ရန်အတွက် တရားဝင်အပ်နှံမှုပြုထားသော အဖွဲ့အစည်းကို ဆိုလိုခြင်းဖြစ်ပါသည်။ စုပေါင်းစီမံခန့်ခွဲရေးအဖွဲ့အစည်း (CMOs) များအနေဖြင့် မူပိုင်ရှင်များ၏ကိုယ်စား မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများရနိုင်ရန်အတွက် သုံးစွဲသူ (Users) များထံမှ အခကြေးငွေကောက်ခံခြင်း၊ Users များ တရားဝင် အသုံးပြုခွင့်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ရရှိလာသော ကောက်ခံကြေးများကို သက်ဆိုင်သူများထံသို့ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ဖြန့်ဝေပေးခြင်းစသော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည့်အပြင် စီးပွားဖြစ်မဟုတ်သော သုံးစွဲမှုများ၊ ပညာရေးကိစ္စရပ်များအတွက် ကူးယူဖော်ပြရန် လိုအပ်သည့် ကိစ္စရပ်များကိုလည်း ဖန်တီးသူနှင့်သုံးစွဲသူကြား အဆင်ပြေအောင် ကြားခံဆောင်ရွက်ပေးသော အဖွဲ့အစည်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖွဲ့စည်းထားသော စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း (CMO) များအား လေ့လာကြည့်ရာတွင် ကွဲပြားသောအခွင့်အရေးအမျိုးအစားများကို သီးသန့်စီ ကိုယ်စားပြု၍ ဖွဲ့စည်းထားကြကြောင်း သိရှိရသည်။ ဥပမာ- Mechanical Rights Organization (MRO) , Music Licensing Company (MLC) , Performer's Collective Management Organization (PMO) , Performing Rights Organization (PRO) , Reproduction Rights Organization (RRO) and Visualworks Collective Management Organization (VCMO) ဟူ၍ ကဏ္ဍအလိုက် ဖွဲ့စည်းထားပါသည်။ ထို့အပြင် ဖွဲ့စည်းပုံစနစ်အနေဖြင့်လည်း ဆန္ဒအလျောက် စနစ်နှင့် ဆန္ဒအလျောက် မဟုတ်သည့် စနစ်ဟူ၍ ပုံစံ နှစ်မျိုးဖြင့် ရှိကြောင်းတွေ့ရှိရပါသည်။ ဆန္ဒအလျောက်စနစ်ဆိုသည်မှာ မူပိုင်ခွင့်ပိုင်ရှင်များ၏ အခွင့်အရေးများကို ၎င်းတို့ကိုယ်စား ဆောင်ရွက်ပေးရန်အတွက် မူပိုင်ရှင်များကိုယ်တိုင်က ဆန္ဒအလျောက်သဘောတူညီချက်ပြုလုပ်ပြီး အပ်နှံထားသည့် စနစ်ကို ဆိုလိုပါသည်။ ဆန္ဒအလျောက်မဟုတ်သည့်စနစ်ဆိုသည်မှာ မူပိုင်ခွင့် ပိုင်ရှင်ကိုယ်စား မူပိုင်ခွင့်စီမံခန့်ခွဲရေးအဖွဲ့တစ်ခုကို အစိုးရက ခန့်အပ်ထားခြင်းဖြစ်သည်။ သို့သော် နိုင်ငံအများစုတွင် မိမိသဘောဆန္ဒအလျောက် မူပိုင်ခွင့်အပ်နှံခြင်း စနစ်ဖြင့်သာ ဆောင်ရွက်ကြပြီး CMOs အများစုမှာ သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအလိုက် ဖွဲ့စည်းထားသော Not for Profit အကျိုးအမြတ်အတွက် မရည်ရွယ်သော အဖွဲ့အစည်းများသာ ဖြစ်ကြပါသည်။

**CMO များ၏ တာဝန်များ**

ဥပဒေတွင် ပြဋ္ဌာန်းထားချက်အရ စုပေါင်းစီမံခန့်ခွဲမှု အဖွဲ့အစည်း (CMO) တစ်ခုဖွဲ့စည်းလိုသူသည် သတ်မှတ်ထားသော စာပေနှင့် အနုပညာမူပိုင်ခွင့်ကဏ္ဍအလိုက် CMO ဖွဲ့စည်းခွင့်ပြုရန်အတွက် အေဂျင်စီသို့ ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းနှင့်အတူ တင်ပြလျှောက်ထားရန် လိုအပ်ပါသည်။ CMO ဖွဲ့စည်းခွင့်လျှောက်ထားရာတွင် စာပေနှင့်အနုပညာမူပိုင်ခွင့် ကဏ္ဍအလိုက် သက်ဆိုင်ရာကျွမ်းကျင်သော ပညာရှင်တို့ကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်ဟုလည်း ပုဒ်မ ၆၀ တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ နိုင်ငံအလိုက် ဖွဲ့စည်းထားသော CMO များတွင် မူပိုင်ခွင့်ပိုင်ရှင်က ဥပဒေအရပေးအပ်ထားသော လုပ်ပိုင်ခွင့်များကို တိကျစွာ ဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်း/စည်းမျဉ်းစည်းကမ်းများကို စနစ်တကျရေးဆွဲ ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် CMO များအနေဖြင့် မိမိတို့ထံသို့ အပ်နှံထားသော မူပိုင်ခွင့်ပိုင်ရှင်များ၏ လက်ရာဖန်တီးမှုများကို အသုံးပြုခြင်းနှင့်ပတ်သက်၍ အခကြေးငွေ ကောက်ခံခြင်း၊ သုံးစွဲသူထံသို့ အသုံးပြုခွင့် လိုင်စင်ထုတ်ပေးခြင်း၊ ရသင့်ရထိုက်သော အခွင့်အရေးများကိုလည်း ညီမျှစွာ ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ကောက်ခံရရှိသော အခကြေးငွေကို ငွေစာရင်းစနစ်တကျ ပြုလုပ်၍ ကြီးကြပ်ခွဲဝေပေးခြင်း၊ ခွင့်ပြုချက်မရှိဘဲ သုံးစွဲမှုများအား တားဆီးခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရန် အပြည့်အဝတာဝန်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် CMO များ၏ ငွေရေးကြေးရေး ခွဲဝေမှုဆိုင်ရာ ကောက်ခံမှုနှုန်းထားများ၊ စည်းမျဉ်းစည်းကမ်းများ၊ နှစ်ပတ်လည် အစီရင်ခံစာများ၊ တိုင်တန်းလာသော မူပိုင်ခွင့်နှင့် ပတ်သက်သည့် အငြင်းပွားမှုများအပေါ် ဖြေရှင်းပေးခဲ့သည့် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစီမံဆောင်ရွက်သူများ၏ အမည်စာရင်းကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ပုံမှန်ထုတ်ပြန်ရန် လိုအပ်သည့်အပြင် အချက်အလက်များကိုလည်း Up to Date ထိန်းသိမ်းထားရန် တာဝန်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် CMO များ တည်ထောင်ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ လုပ်ငန်းတာဝန်နှင့် Rule and Regulation များ စနစ်တကျဖြစ်စေရေးအတွက် သက်ဆိုင်ရာဌာနက လမ်းညွှန်မှု ပြုသင့်ပါသည်။ CMO များ စနစ်တကျ ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် ဖန်တီးသူများနှင့် အသုံးပြုသူများအကြား မူပိုင်ခွင့်ဆိုင်ရာပြဿနာများ ကင်းဝေးစေခြင်း၊ အသုံးပြုသူများအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာအသုံးပြုခွင့်၊ ထပ်မံထုတ်ဝေခွင့်စသည့် သဘောတူညီချက်များကို အချိန်ကုန်သက်သာစွာဖြင့် CMO များထံမှ စုစည်းရရှိစေနိုင်ခြင်း၊ မူပိုင်ခွင့်ပိုင်ရှင်များအနေဖြင့်လည်း မိမိတို့ ဖန်တီးထားသော အသိဉာဏ် ပစ္စည်းများအပေါ် မူပိုင်ခွင့်ချိုးဖောက်ခံရမှုများ ရှိမည်ကို စိုးရိမ်ခြင်း ကင်းစွာဖြင့် ပိုမိုကောင်းမွန်သော ဖန်တီးမှုအသစ်များထပ်မံ ထွက်ပေါ်လာအောင် ဆောင်ရွက်လာနိုင်ခြင်းနှင့် စနစ်တကျ ကောက်ခံထားသော အသုံးပြုခ ကောက်ခံကြေးများအား CMO များမှတစ်ဆင့် တစုတစည်းတည်း စုစည်းရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။

**မူပိုင်ရှင်များ၏ အခွင့်အရေးမဆုံးရှုံးရန် ဆောင်ရွက်**

ထိုသို့ အကျိုးကျေးဇူးများစွာရှိမည်ဖြစ်သော်လည်း တစ်ဖက်တွင် ဖွဲ့စည်းထူထောင်ကြမည့် CMO များ အနေဖြင့်လည်း ကျင့်ဝတ်ပိုင်းဆိုင်ရာ အလေးထားလိုက်နာမှု၊ စည်းစနစ်ကျမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများ ရှိရန်လည်းများစွာလိုအပ်လျက်ရှိပါသည်။ CMO များသည် ထိုသို့ ကောင်းမွန်သည့် ငွေရေးကြေးရေးစီမံခန့်ခွဲမှု၊ သတင်းအချက်အလက် ပွင့်လင်းမြင်သာမှုရှိမှသာ အခြားသော မူပိုင်ခွင့်ပိုင်ရှင်များ၏ ယုံကြည်မှု ၊ အသုံးပြုသူများ၏ ယုံကြည်ကိုးစားမှုကိုရရှိစေမည် ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံတချို့တွင် ဥပဒေထွက်ပေါ်လာပြီးနောက် CMO များစွာ ဖွဲ့စည်းခွင့် ပေးလိုက်သည်နှင့် တစ်ပြိုင်နက် များပြားသော အဖွဲ့အစည်းများက လျှောက်ထားကြပြီး နောက်ပိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းကာ ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုတွင် ညံ့ဖျင်းခြင်းများကြောင့် မူပိုင်ရှင်များ၏ အခွင့်အရေးများစွာ ဆုံးရှုံးနစ်နာခဲ့ရသည့် သာဓကများစွာလည်း ရှိပြီးဖြစ်ပါသည်။

ထို့အတွက် CMO ဖွဲ့စည်းခွင့်ပြုခြင်းဆိုင်ရာ နည်းလမ်းများနှင့် CMO များ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် စောင့်ကြည့်ထိန်းသိမ်းပေးရမည့် မူပိုင်ခွင့်ဗဟိုကော်မတီနှင့် အေဂျင်စီတို့၏ အခန်းကဏ္ဍသည်လည်း အရေးပါလာသည့် အလျောက် တစ်ဖက်တွင်လည်း စာပေအနုပညာ မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ စုပေါင်းစီမံခန့်ခွဲမှု အဖွဲ့အစည်း (CMO) များ၏ အခန်းကဏ္ဍသည်လည်း များမကြာမီကာလအတွင်း စာပေအနုပညာလက်ရာများ များစွာထွက်ပေါ်လာရေး၊ ပြည်သူများအားလုံးမူပိုင်ခွင့်ဆိုင်ရာ အသိအမြင်ဗဟုသုတများ ကြွယ်ဝလာစေရေးနှင့် သူတစ်ပါး၏ မူပိုင်ခွင့်အပေါ် လေးစားလိုက်နာမှုရှိရေး တို့အတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## သရက်မြို့၌ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ရုံးခန်းဖွင့်

**သရက် ဇူလိုင် ၂၂**

မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးများလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း သရက်မြို့နယ်ရုံးခန်း ဖွင့်ပွဲကို သရက်မြို့ အောင်သီရိရပ် သုခရတနာ ဘိုးဘွားရိပ်သာ၌ ဇူလိုင် ၂၁ ရက်က ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး၏ ဇနီး ဒေါ်ဆွေဆွေဝင်း၊ တိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ဖြူဖြူထွန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးယုမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဖြူဖြူထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေတို့ကအမှာစကားများ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း၏ မကွေးတိုင်းဒေသကြီး အသင်းခွဲကို ၂၀၁၈ ခုနှစ် ဇူလိုင် ၅ ရက်က စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး သရက်မြို့နယ် အသင်းခွဲကိုမူ ၂၀၁၈ ဇူလိုင် ၇ ရက်က စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ သရက်မြို့နယ်အသင်းခွဲအနေဖြင့် ကိုယ့်အားကိုယ်ကိုး ရန်ပုံငွေရှာဖွေကာ ရပ်တည်ရသည့်အတွက် တိုးတက်မှုနောက်ကျနေပြီး ယခု သီးသန့်ရုံးခန်း ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ဂန့်ဂေါမြို့နယ်အတွင်း ကျေးရွာ ၁၂ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ဂန့်ဂေါ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဂန့်ဂေါမြို့နယ်အတွင်း ကျေးရွာ ၁၂ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ၁၂ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ဂန့်ဂေါမြို့နယ်အတွင်း ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးရွာ ၁၂ ရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ရှစ်ခု၊ စာကြည့်တိုက်နှင့် ကျောင်းဆောင်များဆောက်လုပ်ခြင်းလုပ်ငန်း သုံးခု၊ ကျေးရွာရေရရှိရေးလုပ်ငန်းတစ်ခုတို့ကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ငွေကျပ် သန်း ၁၂၀၊ ကျေးရွာပြည်သူလူထု၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မင်းထွန်းထံမှ သိရသည်။



ဂန့်ဂေါ မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများမှ ကျေးလက်လမ်းတစ်ခုကို တွေ့ရစဉ်။

အဆိုပါ ကျေးရွာများဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာ ၁၂ ရွာရှိ အိမ်ခြေ ၂၉၁၃ အိမ် လူဦးရေ ၁၃၄၉၂ ဦးတို့၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်ပြီး ယခင်ကထက် လူမှုစီးပွားဘဝဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

**ရဲမာန်(ကျေးလက်)**

---

# လက်ကိုင်အိတ်မျိုးစုံနှင့် သစ်သီးဖျော်ရည်ပြုလုပ်နည်း သင်တန်းဖွင့်

**ရေဖြူ ဇူလိုင် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် မဲခေါင်- လန်ချန်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ပုဂေါဇွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့က ကျေးလက်နေ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန်အတွက် ရည်ရွယ်၍ လက်ကိုင်အိတ်မျိုးစုံနှင့် သစ်သီးဖျော်ရည် ပြုလုပ်နည်းသင်တန်းဖွင့်လှစ်ပေးသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။ ထို့နောက် သင်တန်းကို သီရိမေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်မှ သင်တန်းနည်းပြဆရာမ ဒေါ်နီနီမာက ရေဖြူမြို့နယ်အတွင်းရှိ ပုဂေါဇွန်း၊ ရလိုင်၊ ခမောင်ချောင်း ကျေးရွာများမှ သင်တန်းသူ ၃၀ တို့အား ဇူလိုင် ၂၁ ရက်မှ ဇူလိုင် ၂၇ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

# မော်လမြိုင်ကျွန်း၌ ကျေးရွာလေးရွာ သောက်သုံးရေရရှိရေး မွမ်းမံရန်ပုံငွေဖြင့် တူးဖော်ပြီးစီးမှု စစ်ဆေး



မွမ်းမံရန်ပုံငွေဖြင့် ရေကန်ဟောင်းပြန်လည်တူးဖော်ခြင်းဆောင်ရွက်ကြစဉ်။

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၂**

နွေရာသီတွင် ရေရှားပါးသော မော်လမြိုင်ကျွန်းမြို့နယ် သုံးခွချွန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မွမ်းမံရန်ပုံငွေဖြင့် သာယာကုန်းကျေးရွာ ပေ ၁၀၀ ပတ်လည် ကန်ဟောင်းကြီးအားတစ်ပေအနက်နှိုက်၍ ပြန်လည်တူးဖော်ခဲ့ကြသည်။

သာယာကုန်းကျေးရွာ ကန်ဟောင်းကြီးတူးဖော်ပြီးစီးမှုအခြေအနေကို ယမန်နေ့က လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်သူကိုကို၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးနေဝင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါကန်ဟောင်းကြီးတူးဖော်ပြီးစီးခဲ့ပြီး သုံးခွချွန်း၊ သာယာကုန်း၊ ပိတောက်စိုနှင့် ကျော်စုကျေးရွာတို့ရှိ အိမ်ခြေ ၃၈၆ အိမ် လူဦးရေ ၁၆၃၆ ဦးတို့သည် နွေရာသီတွင် သောက်သုံးရေအခက်အခဲမရှိတော့သဖြင့် ဒေသခံပြည်သူများ ပျော်ရွှင်ဝမ်းသာလျက်ရှိနေကြကြောင်း သိရသည်။

**မော်ကျွန်း - မြင့်အောင်**

---

# အမြို့မြို့အနယ်နယ်၌ သက်ငယ်မုဒိမ်းဖြစ်ပွားမှု မရှိစေရေးအတွက် အသိပညာပေးဟောပြော

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ်၌ သက်ငယ်မုဒိမ်းဖြစ်ပွားမှုမရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၂ ရက်က ရန်မျိုးအောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အမှတ်(၂)နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်ကျော်က သက်ငယ် မုဒိမ်းဖြစ်မှုများ နေ့စဉ်ရက်ဆက်ဖြစ်ပေါ်နေကြောင်း ကြားသိရသဖြင့် မိမိတို့ဒေသတွင် ဖြစ်ပေါ်မှုမရှိစေရန်အတွက် အုပ်ထိန်းသူမိဘများနှင့် ကလေးများလိုက်နာရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် လူကုန်ကူးမခံရစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် မူးယစ်ဆေးဝါးအသုံးပြုခြင်း၊ ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ပြစ်ဒဏ်များကို ဟောပြောခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရုံးတောကျေးရွာ ဓမ္မသုခကျောင်းတိုက်၌ မူခင်းလျော့နည်းကျဆင်းစေရေးနှင့် သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအေးကျော်က မိမိတို့ကျေးရွာတွင် လူစိမ်းရောက်ရှိလာပါက ရာအိမ်မှူးတို့မှတစ်ဆင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ အသိပေးစေလိုကြောင်း၊ တယ်လီဖုန်းမှတစ်ဆင့်လိမ်လည်လှည့်ဖြားမှုများဖြစ်ပွားနေကြောင်း အသိပညာပေးဟောပြောပြီး ဒေါင့်ကြီးနယ်မြေရဲစခန်းမှူး ရဲအုပ် ခင်မောင်ဦးက မိမိတို့၏ သားငယ်သမီးငယ်များ လိုက်နာရမည့်အချက် ၁၀ ချက်နှင့် မိဘများလိုက်နာရမည့်အချက် ၁၀ ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကျေးရွာနေ ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင် (ကျောင်းကုန်း)**

**မြောင်းမြ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် သဇင်ကုန်းကြီးကျေးရွာ ဘုရားကျောင်းတွင် ဇူလိုင် ၂၀ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြင့်ဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းဌေးနှင့် မြို့မစခန်းမှူး ဒုရဲမှူး ကျော်စိုးထွန်းတို့က ရဲတပ်ဖွဲ့၏ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်းနှင့် သက်ငယ် မုဒိမ်းမှုများမဖြစ်ပွားရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုအကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

**မလှိုင်**

မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ဇူလိုင် ၂၁ ရက်က မြို့မရဲစခန်းမှ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောခြင်းကိုဆောင်ရွက်ခဲ့သည်။ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောခြင်းအဖြစ် မလှိုင်မြို့ အမှတ် (၂) ရပ်ကွက် နယ်မြေ (၁၁) ရှိ သုခအောင်ကိုယ်ပိုင်ဘာသာရပ်သင် သင်တန်းကျောင်း စာသင်ဆောင်၌ ပြုလုပ်ခဲ့ပြီး မြို့မစခန်းမှူး ဒုရဲမှူးသန်းထွန်းက သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း စခန်းမှူး သန်းထွန်းထံမှ သိရသည်။

**ဘိုဘို (မလှိုင်)**

---

## ငလျင်ဘေးပညာပေးစာစောင်

### ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။




၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



### ငလျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။



၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



### ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



# ဂန့်ဂေါမြို့နယ်အတွင်း အမယ်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိ

**ဂန့်ဂေါ ဇူလိုင် ၂၂**

ဂန့်ဂေါမြို့နယ်အတွင်း ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီပြီး တောင်သူများအတွက်လည်း စီးပွားရေးတွက်ခြေကိုက်စေမည့် ဈေးကွက်ဝင် အမယ်သစ်သီးနှံများကို စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် တောင်သူများက တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် အမယ်သစ်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများထံ ကွင်းဆင်းသွားရောက်ကာ ပညာပေးစည်းရုံးမှုများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဇူလိုင် ၂၀ ရက် နေ့လယ်ပိုင်းက ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းသန့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဇော်နှင့် ဝန်ထမ်းများသည် ဂန့်ဂေါမြို့နယ် မင်းရွာကျေးရွာ၊ ချောင်းနက်ကျေးရွာနှင့် စင်ပုံကျေးရွာတို့၌ စိုက်ပျိုးနေသော အမယ်သစ်သီးနှံများဖြစ်သည့် နဂါးမောက်၊ လျှော်ဖြူ၊ စိန်တလုံး သရက်နှင့် စပျစ် စိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုပြီး တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဆွေးနွေးအကြံပြုခဲ့ကြသည်။


တိုးချဲ့စိုက်ပျိုးထားသော အမယ်သစ် သီးနှံများကို တာဝန်ရှိသူများကြည့်ရှုနေစဉ်။

လက်ရှိအချိန်အထိ ဂန့်ဂေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းကောက်ယူထားမှုအရ မြို့နယ်အတွင်း အမယ်သစ်သီးနှံများဖြစ်သည့် လျှော်ဖြူကို စိုက်ဧက ၁၃၀ ကျော်၊ နဂါးမောက်သီးကို စိုက်ဧက ၂၀ ကျော်တို့၌ စိုက်ပျိုးထားပြီး စပျစ်သီးနှံ ဧကတစ်ဝက်ကို မင်းရွာကျေးရွာမှ တောင်သူ ဦးသက်တင်ဦးက ယခုနှစ်တွင် စတင် စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဖန်းမော်မြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး

**ဖန်းမော် ဇူလိုင် ၂၂**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ်အတွင်း ကျေးလက်ဒေသများမှ ပြည်သူများ ယာဉ်မတော်တဆမှု ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို သိရှိစေရန်နှင့် မီးပွိုင့်များကို စည်းကမ်းတကျ အသုံးပြုနိုင်ရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲတစ်ရပ်ကို ဇူလိုင် ၂၂ ရက်က ဖန်းမော်မြို့နယ် မံဖာကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဖန်းမော်မြို့ အမှတ်(၁၀၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲအုပ်ဆွေချစ်ကိုက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ယာဉ်မတော်တဆမှု မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်တိုက်မှု အမှားအမှန်များကို Power Point ဖြင့် ရှင်းလင်းဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးသီချင်းနှင့် ဗီဒီယို ဇာတ်လမ်းတိုများကို ပရိုဂျက်တာဖြင့် ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဖန်းမော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်ခိုင်ကလည်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အကြောင်းများ၊ မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှု ဖြစ်ပွားခြင်းဆိုင်ရာ အကြောင်းအရာများနှင့် ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြပြီး ဟောပြောပွဲသို့ ကျေးရွာနေပြည်သူ ၁၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သျှမ်းကလေး (ဖန်းမော်)**


ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို ကျေးရွာနေပြည်သူများအား ဟောပြောစဉ်။

# ဒလမြို့နယ်၌ သုံးဘီးမောင်းသူများ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေး အသိပညာပေး

**ဒလ ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း ခရီးသည်ပို့ဆောင် ပြေးဆွဲလျက်ရှိသော သုံးဘီးယာဉ်မောင်းသူများအနေဖြင့် လမ်းစည်းကမ်း ယာဉ်စည်းကမ်းများနှင့်အညီ မောင်းနှင်ရေးအတွက် ယာဉ်မောင်းသူများအား ဒလမြို့နယ် YRTA ရုံးသို့ ဇူလိုင် ၂၂ ရက်က ခေါ်ယူ အသိပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးရာတွင် ဒလမြို့နယ် အမှတ် (၅၉) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်မြင့်ဟန်က မြို့နယ်အတွင်းပြေးဆွဲလျက်ရှိသော သုံးဘီးယာဉ်မောင်းများအနေဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများအတိုင်း လိုက်နာကျင့်သုံးမောင်းနှင်ရေး၊ ယာဉ်များရပ်နားဂိတ်ထိုးရာတွင် အများပြည်သူသွားလာမှုကို မထိခိုက်အောင် စနစ်တကျရှိရေး၊ ယာဉ်နှင့်ယာဉ်မောင်းသူများတွင် သတ်မှတ်လိုင်စင်များရှိစေရေး၊ ခရီးသည်ခေါ်ယူရာတွင်လည်း စည်းကမ်းရှိစေရေးနှင့် ယာဉ်မတော်တဆမှုများအတွက် ပြစ်ဒဏ်များအကြောင်းကို အသေးစိတ် ရှင်းလင်းဟောပြောပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဒလမြို့နယ်တွင် ခရီးသည်ပို့ဆောင်ပြေးဆွဲလျက်ရှိသော သုံးဘီးယာဉ်အစီးရေ ၂၀၀ ကျော်ရှိကြောင်း သုံးဘီးယာဉ်မောင်းသူများ၏ ပြောကြားချက်များအရ သိရသည်။ ယခုလ ၁၃ ရက်က ဒလမြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည့် မြို့ပြဖွံ့ဖြိုးရေးအတွက် မြို့နယ်မှဌာနဆိုင်ရာများ တွေ့ဆုံပွဲတွင် သုံးဘီးမောင်းသူများ စနစ်တကျဖြစ်စေရေးအတွက် မြို့နယ်အဆင့် တာဝန်ရှိသူများပါဝင်သောအဖွဲ့က စီမံချက်ရေးဆွဲတင်ပြရန် တိုင်းဒေသကြီး လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားထားသည်။

**မောင်ယဉ်ဦး (ဒလ)**

# နတ်တလင်းမြို့နယ်၌ မီးသတ်တပ်ဖွဲ့က ကြီးမှူး၍ ရှာဖွေကယ်ဆယ်သင်တန်းဖွင့်

**နတ်တလင်း ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၉) ကို ဇူလိုင် ၂၂ ရက်က ဖွင့်လှစ်ခဲ့သည်။


သင်တန်းတက်ရောက်နေသာ မီးသတ်တပ်ဖွဲ့ဝင်များ

သင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက သဘာဝဘေးအန္တရာယ်များဖြစ်သော မြေပြိုခြင်း၊ မြေစာပုံပြိုခြင်း၊ ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လျှင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက သန္ဓေနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များသည် အသက်ကိုပဓာနမထားဘဲ သဘာဝဘေးအန္တရာယ် ကျရောက်သည့်နေရာ၌ ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် နည်းစနစ်မှန်ကန်ပြီး လျင်မြန်စွာ လုပ်ရသောကြောင့် စနစ်တကျ ကျွမ်းကျင်မှုရှိစေရန် အရေးကြီးကြောင်း၊ ယခုသင်တန်းမှ ပို့ချပေးသော စာတွေ့လက်တွေ့ပညာရပ်များကို အလေးအနက်ထား မှတ်သားပြီး ပြည်သူများအကျိုးအတွက် ဆောင်ရွက်နိုင်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုရန် လှေစက်တစ်လုံးကို အလှူရှင် သာသနာ့ပါလကျောင်းတိုက်ဆရာတော် အရှင်ခေမိန္ဒနှင့် တပည့်ဒကာများက မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ချိုဦးနှင့် ဦးစိုးမိုးအောင်တို့ထံ ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါသင်တန်းသို့ နတ်တလင်းမြို့နယ် မီးသတ်တပ်ဖွဲ့မှ သန္ဓေနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခုနစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# နမ့်ဆန်မြို့မှ မိုးများ၍ပျက်စီးခဲ့သော မြေထိန်းနံရံကို ပြုပြင်ထိန်းသိမ်းရန် ကွင်းဆင်းညှိနှိုင်း

**နမ့်ဆန် ဇူလိုင် ၂၂**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ ပြီးခဲ့သည့်ရက်များအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မန်စပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်ရှိ ပျက်စီးသွားသော မြေထိန်းနံရံကို ပြုပြင်ထိန်းသိမ်းရန် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က မန်စပ်ကျေးရွာ ရပ်မိရပ်ဖများနှင့် ဇူလိုင် ၂၂ ရက်က ကွင်းဆင်းညှိနှိုင်းခဲ့သည်။

မိုးများခြင်းကြောင့် ကျောင်းတိုက်၏တောင်ဘက်ရှိ မြေထိန်းနံရံမှာ ပြိုကျပျက်စီးသွားခဲ့ပြီး ကျေးရွာလူထုအင်အားဖြင့် ပြန်လည်ပြုပြင်နိုင်ရန် အခက်အခဲဖြစ်နေ၍ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုငွေဖြင့် အမြင့်ပေ ၁၆၀၊ အရှည် ၂၄ ပေခန့်ရှိ ကျောက်စီမြေထိန်းနံရံအဖြစ် အစားထိုးပြုပြင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ဒေသဦးစီးအဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ ကျေးရွာ တာဝန်ရှိသူများနှင့်ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌတို့သည် ဟူးခင်ကျေးရွာအုပ်စုရှိ ဆောင်ရွက်နေဆဲ မြေသားလမ်းများကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ရိဒ်ခေါဒါရ်မြို့၌ ကျင်းပ

**ရိဒ်ခေါဒါရ် ဇူလိုင် ၂၂**

လူငယ်လူရွယ်များအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာဗဟုသုတ တိုးပွားလာပြီး မူးယစ်ဆေးကို ရှောင်ကြဉ်နိုင်ရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ရိဒ်ခေါဒါရ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၁ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလာလ်ပက်လောမ်က ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ဆန်းလင်းနှင့် တိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာစန်းမာတို့က မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေ၊ ပုဒ်မ၊ ပြစ်မှု/ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း ဆိုးကျိုးများ၊ စိတ်ပိုင်း ဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ကို ထိခိုက် စေမှုများ စသည်တို့ကို အသေးစိတ် ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ပြည်သူ့စကားဝိုင်းသို့ မြို့အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်များမှ လူငယ်များနှင့် ပြည်သူများ တက်ရောက်ခဲ့ကြပြီး လူငယ်လူရွယ်များ၊ ပြည်သူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**


ပြည်သူ့စကားဝိုင်းတွင် တာဝန်ရှိသူတစ်ဦး ဦးဆောင်ဆွေးနွေးနေစဉ်။

# မယ်စဲ့မြို့နယ်၌ မြစိမ်းရောင်စီမံကိန်းချေးငွေများ ပဉ္စမအကြိမ်ထုတ်ချေး

**မယ်စဲ့ ဇူလိုင် ၂၂**

ကယားပြည်နယ် မယ်စဲ့မြို့နယ် နမ့်မန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ပဉ္စမအကြိမ်မြောက်အဖြစ် ဇူလိုင် ၂၂ ရက်က ထုတ်ချေးပေးခဲ့သည်။

ချေးငွေများထုတ်ပေးရာတွင် မယ်စဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဦးဇွဲမင်းထက်က မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ချေးငွေထုတ်ပေးခြင်းဖြစ်ပြီး ချေးငွေများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးချစေလိုကြောင်း မှာကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့် စီမံကိန်းကော်မတီဝင်များက နမ့်မန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း ၇၂ ဦးအတွက် ချေးငွေကျပ် ၄၂၇ သိန်းကို ထုတ်ချေးပေးခဲ့ကြသည်။

**ဝတ်ရည် (ပြန်/ဆက်)**

# သတင်းတိုများ

## ဒီပဲယင်းမြို့၌ ၂၀၁၂ လယ်ယာမြေဥပဒေအကြောင်း အလုပ်ရုံဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ရွှေဘိုမြို့၌ အခြေစိုက်သော ရွှေခြင်္သေ့ တောင်သူကွန်ရက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တောင်သူလယ်သမားသမဂ္ဂတို့ ပူးပေါင်း ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဝင်များ ပါဝင်သော ၂၀၁၂ လယ်ယာမြေဥပဒေအကြောင်း အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက်က ဒီပဲယင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် တာဝန်ခံ ဦးဝမ်းဇော်က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအကြောင်းနှင့် ယခုအလုပ်ရုံဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ လက်ယက်ကုန်း၊ မဲအိုး၊ ခွန်တောင်း၊ တနယ်၊ ပေါက်တောနှင့် ရွာရှည်ကျေးရွာမှ လယ်ယာမြေစီမံ ခန့်ခွဲမှု အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လက်ပံတန်းမြို့၌ ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မီးသတ်ဦးစီးဌာနခန်းမတွင် ရှာဖွေကယ်ဆယ်ရေး သင်တန်းကို ဇူလိုင် ၂၂ ရက်က ဖွင့်လှစ်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆွေဦးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးလင်းကျော်က သဘာဝဘေးအန္တရာယ် အပါအဝင် ရုတ်တရက်ဖြစ်ပေါ်လာသော ဘေးအန္တရာယ် များအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ၏ အရေးပါပုံများနှင့် ယခုဖွင့်လှစ်မည့် သင်တန်းတွင် သင်ကြားပို့ချသွားမည့် ကယ်ဆယ်ရေးပညာရပ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၂ ရက်မှ ၂၆ ရက် အထိဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဆင်ပေါင်ဝဲမြို့၌ ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေး အသိပညာပေး

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့၌ ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေးအတွက် ပြည်သူများအား အသိပညာပေးလုပ်ငန်းများကို ဇူလိုင် ၂၀ ရက်က ဆင်ပေါင်ဝဲ မြို့မ ဈေး၌ ဆောင်ရွက်ခဲ့သည်။ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးနိုင်ဦးနှင့် ဝန်ထမ်း များ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဈေးရောင်းသူ၊ ဈေးဝယ် သူများအား ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေး၊ ကြွပ်ကြွပ်အိတ်အစား ပျက်စီး ဆွေးမြည့်လွယ်သော အင်ဖက်၊ ငှက်ပျောဖက်များ သုံးစွဲရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**နေခြည် (ဆင်ပေါင်ဝဲ)**

# ကလေးငယ်များနှင့် လုံခြုံသည့်ပတ်ဝန်းကျင် ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

**ကလိန်အောင် ဇူလိုင် ၂၂**

'ကလေးငယ်များနှင့် လုံခြုံသည့်ပတ်ဝန်းကျင်' ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင် ၂၁ ရက်က ကျင်းပခဲ့ သည်။

ဆွေးနွေးပွဲတွင် ကလိန်အောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မှူး ဒေါ်မိုးမိုးခိုင်က ယနေ့ခေတ် ကလေးငယ်များအနေဖြင့် အကြမ်းဖက်မှုများကို ကြုံတွေ့နေရကြောင်း၊ မိမိတို့ပတ်ဝန်းကျင်ရှိ ကလေးများ အန္တရာယ်ကင်းရှင်းစေရေး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ရန်နှင့် အကြမ်းဖက်မှုများမှ ကာကွယ်တားဆီးနိုင်ရန် မိဘများ၊ လူငယ်များ၊ ကလေးငယ်များအနေဖြင့် သိရှိထားသင့်သော ဆောင်ရန်၊ ရှောင်ရန် အချက်များကို သိစေရန် ရည်ရွယ်၍ ယခုလို ကလေးငယ်များနဲ့ လုံခြုံတဲ့ ပတ်ဝန်းကျင် ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြား သည်။

ထို့နောက် ကလိန်အောင်မြို့ Youth Club လူငယ်အသင်းမှ ဦးရန်နိုင်ထွေးက သက်ငယ်မုဒိမ်းမှုများကို လျှော့ချနိုင်ရန်အတွက် ဆောင်ရန်ရှောင်ရန်အချက်များ၊ ဦးပိုင်ပိုင်စိုးက ကလေးသူငယ် အကြမ်းဖက်မှုတွေကို ဘယ်လိုပူးပေါင်းကာကွယ်ကြမလဲ၊ ဒေါ်ငုဝါထွေးက ဒီဘက်ခေတ် မိဘတိုင်းရဲ့တာဝန် စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေး ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကလိန်အောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်မိုးမိုးခိုင်နှင့် ဝန်ထမ်းများ၊ ကလိန်အောင်မြို့ Youth Club လူငယ် အသင်းမှ အဖွဲ့ဝင်များနှင့် စာပေချစ်မြတ်နိုးသူ လူငယ်များ တက်ရောက်ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

**သန္တာမိုး (ပြန်/ဆက်)**




ဆွေးနွေးပွဲတွင် Youth Club အဖွဲ့ဝင်တစ်ဦး ဆွေးနွေးနေစဉ်

# မတ္တရာမြို့နယ်၌ ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးနိုင်ရန် ကွင်းဆင်းစစ်ဆေး

**မတ္တရာ ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်းမှ မော်တော်ဆိုင်ကယ် မောင်းလိုင်စင် လျှောက်ထားသူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိ ပညာပေးဟောပြောခြင်း၊ သင်တန်းပို့ချခြင်းနှင့် လက်တွေ့စစ်ဆေးခြင်းကို ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးမှ တာဝန်ရှိသူများက ဇူလိုင် ၂၂ ရက်က မတ္တရာမြို့ အောင်ကံသာကျောင်းတိုက် ဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးမှ စစ်ဆေး ရေးမှူး-၂ ဦးထွန်းမင်းထက်နှင့် တာဝန်ရှိသူများက လိုင်စင်လျှောက်ထားသူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များ၊ လမ်း ညွှန် အမှတ်အသားများ စသည်တို့အကြောင်း အသိပညာပေး ဟောပြောပို့ချခဲ့ပြီး ရေးဖြေစစ်ဆေးခြင်း၊ လက်တွေ့စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

ယခု ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန် စစ်ဆေးမှုတွင် ဖြေဆိုအောင်မြင်သူများအား မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီရုံး၌ ဇူလိုင် ၂၉ ရက်မှ စတင်ကာ လိုင်စင်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ယာဉ်မောင်းလိုင်စင်များအပြင် မော် တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအတွက် လိုင်စင်သက်တမ်းတိုးခြင်း လုပ်ငန်း များကိုလည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးအနေဖြင့် ဇူလိုင် ၂၇ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး (မတ္တရာ)**

# ကျော့သောင်းမြို့၌ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**ကော့သောင်း ဇူလိုင် ၂၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ မိုးရာသီကာလ ရေစီးရေလာကောင်းမွန် ရေးအတွက် ရပ်ကွက်များအတွင်းရှိ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများအတွင်းမှ အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားခြင်းနှင့် ရေနုတ်မြောင်းများ ချဲ့ထွင်တူးဖော်ခြင်း ကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်က ရွှေဇင်ယော်ရပ်ကွက် မြေနီလမ်းတစ် လျှောက်၌ ပြည်သူများစုပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်စည်ပင်သာယာရေး အထောက်အကူပြု အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ၊ NGO အဖွဲ့များ စုပေါင်း၍ ရပ်ကွက် အတွင်း လမ်းဘေးဝဲယာ ရေနုတ်မြောင်းအရှည် ပေ ၅၀၀ ခန့်၌ ပိတ်ဆို့နေသည့် အမှိုက် သရိုက်များကို ဖယ်ရှားရှင်းလင်းပြီး ရေနုတ်မြောင်းများ ချဲ့ထွင်တူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်သည် ပင်လယ်ဒီရေဝင်ရောက်ရာ အနိမ့်ပိုင်း တွင်ရှိပြီး စည်းကမ်းမဲ့ အမှိုက်ပစ်သူအချို့ကြောင့် ရပ်ကွက်အတွင်း ရေနုတ်မြောင်းများ ပိတ်ဆို့ကာ ပင်လယ်ဒီရေတက်ချိန်နှင့် မိုးသည်းထန်စွာရွာသွန်းချိန်များတွင် ရပ်ကွက် အတွင်းရှိ လမ်းများပေါ် ရေကျော်သဖြင့် ပြည်သူများ သွားလာရေးအခက်တွေ့ခြင်း၊ လူနေအိမ်များအတွင်းသို့ ရေများဝင်ရောက်ခြင်း စသည့် ပြဿနာများ ကြုံတွေ့ရသဖြင့် ယခုလို စုပေါင်း၍ မြောင်းတိုးချဲ့တူးဖော်ခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရ သည်။

**ကျော်စိုး (ကော့သောင်း)**

# ဘားအံ၌ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စာပေဟောပြောပွဲကျင်းပ

**ဘားအံ ဇူလိုင် ၂၂**

ကရင်ပြည်နယ် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းအနေဖြင့် ရင်ခွင်မဲ့ကလေးငယ်များ ပေါ်ပေါက်လာမှုကို လျှော့ချရန်၊ ရင်ခွင်မဲ့ ကလေးငယ်များအား ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပါ အခြေခံအခွင့် အရေးများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးရန် ရည်ရွယ်ချက်များဖြင့် ဆောင် ရွက်လျက်ရှိရာ အဆိုပါရည်ရွယ်ချက်များနှင့်ပတ်သက်ပြီး စာပေဟောပြောပွဲ တစ်ရပ် ကို ဇူလိုင် ၂၁ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် စာရေးဆရာ အရိုးက ကွက်လပ်ဖြည့်ပါ ခေါင်းစဉ်ဖြင့် အိန္ဒိယဝတ္ထုကို ပြန်လည်ရှင်းလင်း ဟောပြောခဲ့ပြီး စာရေးဆရာမ သန်းမြင့်အောင်က လူငယ်နှင့်အနာဂတ်နိုင်ငံ ခေါင်းစဉ် ဖြင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ကြသည်။ အဆိုပါ ဟောပြောပွဲကို ကရင်ပြည်နယ် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့်ကာကွယ်စောင့်ရှောက်ရေး အသင်းက ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ပုလဲမြို့နယ်၌ ကျင်းပ

**ပုလဲ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ရွာသာကျေးရွာ ဓမ္မာရုံ၌ ကျေးလက် ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့ စကားဝိုင်းကိုမြို့နယ်စီမံခန့်ခွဲမှု ကော်မတီ နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၂၁ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းက အမှာစကားပြောကြားပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးမြင့်သိန်းစိုးက ပြည်သူ့စကားဝိုင်း ကျင်းပသည့် ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထက်၊ ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ထွန်းထွန်းအေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီး အရာရှိ ဦးဇော်ဝင်းစိုး၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးအောင်သန်းစိုး၊ မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၁) ဒေါ်နန်း ခိုင်သဉ္ဇာနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ က ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ် ဖြင့် ကဏ္ဍအလိုက် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒေသခံပြည်သူများက ကျေးရွာ လျှပ်စစ်မီးလင်းရေး၊ ကျေးရွာချင်း ဆက်လမ်းများ အဆင့်မြှင့်တင်ပေးရေး၊ ကျောင်းအဆင့်တိုးရရှိရေး၊ ကျောင်း ဆောင်သစ်ရရှိရေး၊ လစ်လပ်နေသည့် ပညာရေးဝန်ထမ်းများ ခန့်ထားပေးရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ ကျောင်းဝင်းခြံစည်းရိုး ရရှိရေး၊ မြောင်း ကူး တံတားတည်ဆောက်ပေးရေး၊ ရေနုတ်မြောင်းများ အခိုင်အမာ ပြုလုပ် ပေးရေး စသည့် ကျေးရွာများ၏ လိုအပ် ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။ အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ရွာသာ ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ကိုးရွာမှဒေသခံပြည်သူများ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**


## ရန်ကုန်မြို့တွင်း သတင်းစာမှာယူရရှိနိုင်သည့် နေရာများ

- မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်)
  အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
  ဦးတင်မောင်ဌေး (လက်ထောက်မန်နေဂျာ-ဖြန့်ချိရေး)
  ဖုန်း- ၀၁ ၅၄၄၃၁၇၊ ၀၉ ၇၉၃၇၃၀၃၉၀၊ ၀၉ ၄၄၈၀၄၂၂၁၄
- ကြေးမုံသတင်းစာတိုက် (ရန်ကုန်)
  အမှတ်(၇၇)၊ ၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
  ဦးပြုံးချို (လက်ထောက်မန်နေဂျာ-ဖြန့်ချိရေး)
  ဖုန်း- ၀၁ ၂၅၂၈၃၀၊ ၀၉ ၄၅၀၀၂၅၅၇၀၊ ၀၉ ၆၉၄၅၅၄၄၁၈
- မြန်မာ့အလင်းပုံနှိပ်တိုက် (ရန်ကုန်)
  အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
  ဦးရွှေကို (Marketing Manager)
  ဖုန်း- ၀၁ ၅၅၉၈၁၂၊ ၀၉ ၄၀၀၀၂၃၀၂၂
- The Global News Light of Myanmar သတင်းစာတိုက်
  အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
  ဦးသာယာ(မန်နေဂျာ)
  ဖုန်း- ၀၁ ၈၆၀၄၅၃၀၊ ၀၉ ၇၇၀၆၇၇၅၁၃

**အောက်ပါမြို့နယ် စုရပ်ခေါင်းဆောင်များတွင်လည်း မှာယူရရှိနိုင်ပါသည်။**

| | | | |
|---|---|---|---|
| ၁။ | ဦးပြည့်ဖြိုး | ၀၉-၂၅၀၁၈၉၁၃၆ | ရွှေဂုံတိုင် (စုရပ်ခေါင်းဆောင်) |
| ၂။ | ဦးမောင်မှူ | ၀၉-၇၉၅၃၀၀၇၁၂ | ၄၆-လမ်း (စုရပ်ခေါင်းဆောင်) |
| ၃။ | ဦးထွန်းဦး | ၀၉-၉၆၇၆၆၈၈၃၈ | စမ်းချောင်း (စုရပ်ခေါင်းဆောင်) |
| ၄။ | ဒေါ်သီတာအောင် | ၀၉-၂၆၀၀၃၄၇၉၅ | တောင်ဒဂုံ (စုရပ်ခေါင်းဆောင်) |
| ၅။ | ဦးစန်းဝင်း | ၀၉-၂၅၂၂၁၅၂၄၂ | မြောက်ဒဂုံ (စုရပ်ခေါင်းဆောင်) |
| ၆။ | ဦးရန်နိုင်ထွန်း | ၀၉-၃၀၃၂၀၈၈၄ | မရမ်းကုန်း (စုရပ်ခေါင်းဆောင်) |
| ၇။ | ဦးစိုးနိုင် | ၀၉-၄၃၁၂၅၄၆၂ | အင်းစိန် (စုရပ်ခေါင်းဆောင်) |
| ၈။ | ဦးညွန့်မောင် | ၀၉-၄၂၁၀၈၆၂၃၉ | မင်္ဂလာဒုံ (စုရပ်ခေါင်းဆောင်) |
| ၉။ | ဦးတေဇာထွန်း | ၀၉-၂၅၀၄၉၃၂၇၀ | သင်္ဃန်းကျွန်း (စုရပ်ခေါင်းဆောင်) |
| ၁၀။ | ဦးအောင်ကျော်ထွန်း | ၀၉-၂၅၃၇၇၇၁၃၉ | တောင်ဥက္ကလာပ (စုရပ်ခေါင်းဆောင်) |
| ၁၁။ | ဦးရွှေပေါ်သာ | ၀၉-၄၃၀၂၆၈၃၅ | မြောက်ဥက္ကလာပ (စုရပ်ခေါင်းဆောင်) |

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ အထက(ခွဲ)ကဒက်ကြီး တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်မျိုးကို၏ဖခင် ဦးခင်မောင်ထွန်းနှင့် ဦးခင်ထွန်း ၁၀/ပမန(နိုင်)၂၆၄၂၁၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်မောင်ထွန်း (ခ) ဦးခင်ထွန်း**

## ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက(ရွာလွတ်) တက္ကသိုလ်ဝင်တန်းမှ မိအေးသန္တာလွင်၏ ဖခင်အမည်မှန်မှာ ဦးလှမိုးလွင် ၇/ပတန(နိုင်)၀၈၅၁၀၈ ဖြစ်ပါကြောင်း။

**ဦးလှမိုးလွင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၄၁၅၄ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ကသစ်ဆန်းမွန်းစတားကုမ္ပဏီက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၊ အဋ္ဌမတန်း(A)မှ မရတနာမိုးနှင့် ဒုတိယတန်း(E)မှ မောင်သန်းထွန်းဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးလွင် ၁၀/ကမရ(နိုင်)၀၇၅၄၂၁ ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးလွင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၉၁၁၂ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မိကျောင်းအိုင်ရပ်ကွက်၊ အိမ်အမှတ်(၇၅)၊ အောင်ချမ်းသာ(၅)လမ်းနေ မခိုင်မာစော ၅/ဒပယ(နိုင်)၀၈၆၀၇၆ Sun Apparel Myanmar Co.,Ltd ၏ Smart Card No.205 နှင့် မှတ်ပုံတင်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၈၈၈၅၇၂**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ အောင်သီဟလမ်း၊ အမှတ် ၆၈၆ နေ ဦးအေးလွင် ၉/တကန(နိုင်)၀၁၁၃၁၇ မှ မြဝတီရပ်ကွက်နေ ဦးတင်မောင်ထွန်း ၉/တကန(နိုင်)၀၀၈၇၄၄ သို့ ၁၂-၁၂-၂၀၁၈ ရက်တွင် တပ်ကုန်းမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၁/၁၈ ကို ၂၀-၇-၂၀၁၉ ရက်တွင် ပြန်လည်ရုပ်သိမ်းကြောင်းကြေညာအပ်ပါသည်။

**ဦးအေးလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှရွှေ LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၁)**
**မ/၂၄၂၊ ဦးဘရွှေလမ်းထိပ်၊ အောင်ဇေယျရပ်ကွက်၊ တပ်ကုန်းမြို့**

## ဦးဇော်သန့်မင်း ၁၂/မဂတ(နိုင်)၀၀၁၂၁၀ နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းပပ ၅/မရန(နိုင်)၀၀၉၅၃၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဇော်သန့်မင်း ၁၂/မဂတ(နိုင်)၀၀၁၂၁၀ နှင့် အများသိစေရန် ကြေညာအပ်သည်မှာ-

ဒေါ်ဝင်းပပသည် မုံရွာခရိုင်တရားရုံးတော်၌ တရားမကြီးမှုအမှတ် ၃၀/၂၀၁၉ ဖြင့် ဒေါ်ဝင်းပပမှ တရားလိုပြုလုပ်ပြီး တရားပြိုင် ဦးဇော်သန့်မင်းအပေါ် လင်မယားကွာရှင်းပေးစေလိုမှုနှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများ ခွဲဝေပေးစေလိုမှုဖြင့် တရားစွဲဆိုထားရာ လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်ကြသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများဖြစ်သည့် (၁)မုံရွာမြို့၊ မြေနဲကျေးရွာ၊ ကွင်းအမှတ် ၇၀၅-မြေနဲရွာမ)၊ ဦးပိုင်အမှတ် ၄၀၊ အလျားပေ ၁၁၀၊ အနံ ၆၅ပေရှိ မြေကွက် (၁)ကွက်၊ (၂)မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အမှတ် ၇၄၊ အေးရိပ်သာလမ်း၊ အလျားပေ ၆၀၊ အနံပေ ၄၀ရှိ မြေကွက်တစ်ကွက်၊ (၃)မုံရွာမြို့၊ မြဝတီရပ်ကွက်၊ နယ်မြေ(၂၃)၊ အိမ်နံပါတ် ၁၆၊ ကံ့ကော်လမ်းရှိ (၁)ထပ်တိုက်တစ်လုံးပါ မြေကွက်(၁)ကွက်၊ (၄)နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဒက္ခိဏသီရိ၊ မြေကွက်အမှတ် ဒ/၃၀၇၁၆၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက၊ သီရိမာလာ(၆)လမ်းရှိ မြေကွက်(၂)ကွက်၊ (၅)တောင်ကြီးမြို့၊ ဖာမွန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၇၄-ဖာမွန်းအရှေ့ကွင်း)၊ ဦးပိုင်အမှတ် ၃၈ရှိ မြေကွက်(၁)ကွက်နှင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သော Toyota Wish 4G-1076 နံပါတ်ပါ မော်တော်ကား(၁)စီးတို့အား ဦးဇော်သန့်မင်းမှ ဒေါ်ဝင်းပပ သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ အမည်ပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လျှုဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ မပြုလုပ်မိစေရန် ကြိုတင်အသိပေးတားမြစ်လိုက်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေများနှင့်အညီ ဆက်လက်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇော်သန့်မင်း ၁၂/မဂတ(နိုင်)၀၀၁၂၁၀ နှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဝင်းပပ ၅/မရန(နိုင်)၀၀၉၅၃၈** | **ဒေါ်ယင်းမာစိုး LL.B** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၃၁)** |
| | **ဆန်တန်းလမ်း၊ ဘုရားကြီးရပ်ကွက်၊** |
| | **မုံရွာမြို့၊ ဖုန်း-၀၉-၄၀၀၄၀၇၅၃၉** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

